www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ

မယမင်းလတ်

ရွှေမင်းနိုစာပေ



ကျွန်မကိုအမြဲတမ်းအားပေးကြတဲ့ ချစ်သောစာဖတ်

ပရိသတ်များ နှင့် ကျွန်မကိုစင်တင်ထုတ်ဝေပေးခဲ့သော

(စေတနာ) စာပေမှ ထုတ်ဝေသူ ဦးကျော်လှိုင်အား

ကျေးဇူးတင်ရှိလျှက်......

ရှင်မီထယ်

www.burmeseclassic.com

www.burmeseclassic.com

# ရှင်မီးထယ်

## တွယ်တာစရာ ဒီတစ်ယောက်တည်း

[illegible]

စာမူခွင့်ပြုချက်အမှတ် — ၅၀၀၉၄၀၁၀၀၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် — ၅၀၀၉၅၇၀၁၀၀
ထုတ်ဝေသူ — ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ်(၆၃)၊ ပြည်တော်သာလမ်း၊ တာမွေမြို့နယ်။
အတွင်းအဖုံးပုံနှိပ်သူ — ဦးကျော်ရင် (၀၅၄၁၇) (ရွှေမြေသစ်ပုံနှိပ်တိုက်)
အမှတ် ၁၂ သရဖီလမ်း၊ အလုံမြို့နယ်။
ထုတ်ဝေသည့်အကြိမ် — ပထမအကြိမ်
၂၀၀၀၊ အောက်တိုဘာလ
အုပ်ရေ/ တန်ဖိုး — ၅၀၀ အုပ်/ ၁၅၀ ကျပ်

၈၉၅.၈
ရှင်မီးထယ်
တွယ်တာစရာဒီတစ်ယောက်တည်း/ ရှင်မီးထယ်၊ ရန်ကုန်
သိန်းမင်းစာပေ၊ ၂၀၀၀။
၂၃၈ - စာ၊ ၁၂ x ၁၈ စင်တီ။
(၁) တွယ်တာစရာ ဒီတစ်ယောက်တည်း

ကျွန်မကို အမြဲတမ်း အားပေးနေကြတဲ့
ချစ်သောသူငယ်ချင်းများနဲ့
ကျွန်မကို စင်တင်ထုတ်ဝေပေးခဲ့ပါတဲ့
သိန်းမင်းစာပေမှ ထုတ်ဝေသူကို
အမြဲတမ်း ကျေးဇူးတင်လျက်...

ရှင်မီးထယ်

www.burmeseclassic.com

အသက်ဝင်စေမယ့်

ကိုယ့်ရဲ့မေတ္တာရှင်ဘ

ကိုယ့်ထက် အသက်အများကြီး

ကြီးနေတော့လည်း

ကိုယ့်မှာ မနာကြည်းခဲ့ပေမယ့်

ထွေးပိုက်တာရော စိတ်ခံယောက်တည်း

ရှိခဲ့တာရှိ ...။

တက္ကိုပါရုရ

စိတ်ညစ်ရိုက်တာရော ...၊

ကိုယ့်ထက် အသက်အများကြီးငယ်တဲ့ မိန်းမကို

ချစ်ရတာ တယ်မလွယ်ဘူး။

အပျော်တို့ ဦးနှောက်ခြောက်ရပါတယ်၊

ပြီးတော့ စိတ်မောရတယ်၊ လူမောရတယ်၊

နှလုံးသားလည်း မောရတာပေါ့ဗျာ။

ဒါပေမဲ့ ... ကျွန်တော့်မှာ ထွေးပိုက်တာရော

စိတ်ခံယောက်တည်း မှီခိုတာရှိ ...။

ထွေးယိဝ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"ဒီက ညီမလေးက တစ်ယောက်တည်းလား"

"ဟင်"

ဖျတ်ခနဲဆိုသလို ဖုံးရှင်းကာပြီး ယှဉ်ရပ်လိုက်သည့် လူ တစ်ယောက်ကို ကတ္တီပါ ခပ်ထန်ထန်ကြည့်ပြီး လက်ပိုက်လျက်မြောက် ဆိုလိုက်သည်။

"အား ... ဘာလုပ်တာလဲ မီးတော့ မဖိုက်လိုက်ပါနဲ့ကွာ အမှု ကောသေချာနဲ့ ရှိသေး"

ကတ္တီပါက မျှော်လိုက်သည့်လက်ကို စေ့ငယ်သိုင်းခိုင်ဝင်



www.burmeseclassic.com

www.burmeseclassic.com



ကာယဝေဒကို တစ်ဖက် ခပ်ပြင်းပြင်းရှေ့ပြီး ခြေသံပြင်းပြင်း လျှောက်လိုက်သည်။

အင်း ... ဘဝင်ကားဂိတ်နှံ့ဝင်ကာ ရှည်းရှည်းလျော့သေးတာမို့ ကျွန်ုပ်ပါ ဒီလူ့ရုန်းကား ရှောင်ယှက်မှုကို မရှည်ကြာတ်နိုင် သည်းခံရမည်။

သည်းခံပါမည်ဆိုမိမှ အရက်သမား လူရမ်းကားက တစ်ချက်တိုးလာပြီး ကျွန်ုပ်ပုခုံးကို ထိပြီး လျှောက်လိုက်ရင်းမှ ...

"နာမည်ကလေးက ဘယ်လိုခေါ်လဲ လူလေးကတော့ အားမပါပါ။ လှလိုက်တာ စက်စက်ယိုပဲ နတ်ပြည်က နတ်သမီးကလေးများ ဆင်းလာသလားလို့ ဟင့် ... ညီမ စွာလိုက်တာကွာ မျှော်မှန်းလိုက်တာ"

ကျွန်ုပ်ပါ မျက်နှာတွေ ခေါ်သံကြောင့် မိမိနှုတ်ရှုံ့သွားရလေသည်။ ဒီတစ်ခါတော့ ကျွန်ုပ်တို့ရဲ့ သည်းမခံနိုင်တော့ပါ၊ လှည့်တစ်ဖက် ပြောက်တက်သွားပြီး အမူးသမား ပါးတစ်ဖက်ကို ဖြန်းခနဲ ထည့်လိုက်ရင်ရိုက်ချလိုက်သည်။

"အား ... မင်း"





"ဟာ ... မင်း"

အဲဒီအချိန်မှာ အမူးသမားက လက်ရှည်ထိပြီး သာကို အချက်ပေးလိုက်သည်မို့။

ကျွန်ုပ်ပါးမှာ ရိုက်သားသည့် ဖျင်ဖွာ လူတစ်ယောက် နှစ်ယောက် ဆင်းလာပြီး ကျွန်ုပ်တို့ ဝိုင်းထိုးလိုက်သည်။

"မှန်ရဲ့ ... ရှင်တို့ ဘာလုပ်တာလဲ"

ကျွန်ုပ်ပါ စိတ်ထဲက ကြောက်ရွံ့သွားပေမယ့် ထင်ထဲမှာမို့ အားအားယားယားမေး တစ်လုံးချင်းပြောလိုက်သည်။

"မင်း မြင်တဲ့အတိုင်းပဲ လေ ကျွန်ုပ်တို့ ... ဒီမိန်းကလေးကို ကားပေါ်ခေါ်သွားမလို့"

"ဘာ"

ကျွန်ုပ်ပါ ပါးနစ်ရက်ရွှေ့လှည့်ကြီး ဖင်လာသူ လေးယောက်နှစ်ယောက်ကို သတိရရင်း ကြည့်လိုက်သည်။

ယောက်ျားသုံးယောက်စလုံးက အမူးသမားတွေမှာ ... ကျွန်ုပ်က လမ်းဘေးက လက်နက်တစ်ခုကို အသေအချာ ရှာလိုက်တော့ သစ်သားချောင်းကို တွေ့လိုက်ရသဖြင့် အားရှိသွားသည်။

ဟင်း ... ဒီအကောင်တွေတော့ ကျွန်ုပ်များ ဘာမှ ...

www.burmeseclassic.com



နေသည့်လဲ မသိ။

ကတ္တီပါအကြောင်း မသိသေးဘူး ထင်သည်။

နိုကာတည်းက စိတ်ဓာတ်ကြမ်းသူဖြစ်၍ ကတ္တီပါသည် ဘာမှ ပြောစရာမရှိတော့ဘဲ ကတ္တီပါ ခေါင်းကို ငုံလျက် ထိုင်နေ ငယ်ငယ်မှာ ကျကျမိနေကြတဲ့ ကောင်နှစ်ကောင်ကို ထမင်းသားဗိုက်နှင့် ပြေးဖက်ပြီး ခေါင်းတည့်တည့် ကို ဆတ်ကနဲ ဆတ်ကနဲ လက်မှုန်းတည့်တည့် ရိုက်ချလိုက်သည်။

'ခွပ်'

'ခွပ်'

"အား ... သေပါပြီ"

"ဟင် ... ကောင်မက ခွာလိုက်တာ"

"ယား ... သေပေတော့"

အမှုသမားကောင်တွေက သူတို့ခိုလိုက်ရတာတွေကို နာသာ ခံကော်ဖြစ်ပြီး ကတ္တီပါကို တစ်ယောက်သောအမှုသမားက ခေါင်းသီး တစ်လုံး ပစ်သွင်းလိုက်သည်။

'ခွပ်'

'ဒုတ်'

"အား"





ပစ်သွင်းလာသည့် အရက်သမားလက်သီးကို ကတ္တီပါက ထုတ်ပြန်ရိုက်ချလိုက်သဖြင့် ကတ္တီပါကို နောင့်ယှက်သည့် ကောင်က ဆတ်ဆတ်ခါသွားသည်။

"ဟာ ... မင်းက ခွာလိုက်တာ"

"ဟောကောင် မလုပ်နဲ့ ... ဒီကောင်မက သိုင်း သိုင်းတတ် ထယ်၊ တရုတ်သိုင်းမင်းသမီး သိုင်းပညာရှင်"

"ကြောက်စရာလားကွ၊ သူကမိန်းမ ငါတို့က ယောကျ်ား။ ဒီလိုတော့ ငါ လုံးဝ အရှုံးမခံနိုင်ဘူး"

စောစောက ကတ္တီပါကို စကားလိုက်ပြောပြီး နောင့်ယှက် သည့်ကောင်က ရှုရှုမိုက်မိုက်ပင် ကတ္တီပါရှေ့ကို တိုးဝင်လာခဲ့သည်။

ကတ္တီပါက သတိနှင့် နောက်ခြေတစ်လှမ်း ကားရပ်ပြီး လက် ကို အရက်ကျကျနှောက်ကာ လက်ထဲက သစ်သားပိုင်းကြီးနှင့် သူ့ ကျောခုတည့်တည့်ကို ရိုက်ချလိုက်ပြန်သည်။

'ဘုန်း'

"အား ... သေပါပြီ၊ ကောင်မက ခွာလိုက်တာ၊ နေနှင့်ဦး ပေါ့"

အရက်သမားက မူးမူးနှင့် ကီးသွင်းပြီး ကတ္တီပါကို ခြေ



www.burmeseclassic.com

မော်တော်ကားကြီးကို မောင်းထုတ်နေလိုက်သည်။

အဲဒီအချိန်မှာ ကဏ္ဍပါက ကုန်သေတ္တာကို တင်ပေးတော့သည်။ ချောင်းလိုက်သို့ မှတ်ကာသီကာစေသ လှတ်ဆိုလျှင်မျက်နှာ တစ်ချက် လှုပ်ရှားလာသော ကဏ္ဍပါဝတ်ရုံစမ်းကို မမြင်ရလိုက်ဘဲ ကဏ္ဍပါ ဆောက်ထားသော ဝှက်သင်ကို မှူးလိုက်ရသည်။

ကဏ္ဍပါ သည်တစ်ကြိမ်တော့ အမှုအခြင်းတစ်ယောက်ကို အကုန်မပေးလိုက်နိုင်တော့။

ကဏ္ဍပါ ယောက်ျားမိန်းမယောက်ဘယ်ကို လှမ်းမြင်ရသည်နှင့် သူ့ဝတ်ရုံကိုကိုင်ကာ ကဏ္ဍပါ အမှူးသင်ကြီး ဖမ်းဆီးထားသော သူ့ကိုပင် ဆောင်ယူရပေတော့သည်။

"ဟော ကြည့်စမ်း ... ဒီမှာ ကျွန်တော် အမှုသေတွေ ဖမ်းဆီးလိုက်နေကြပါတယ် ... ဘယ်ကြိုးမလဲ"

"ဟင်"

အဲဒီအချိန်မှာ PRADO ကားကြီးထဲမှ မှော်အိပ်မက်ခွဲဦးကြီး အခါက အတိုင်းမြင်ပြီး မိမိတိုကို ကားပေါ်မှ ဝင်လာသည်။ လူမျိုးကြီးလှုပ်သည်က အရှေ့မှာ ကားတစ်စီးပေါ်သို့ မိန်းကလေးအား ခေါ်ယူကာ ယောက်ျားသုံးယောက် ဆွဲတင်နေတာ တွေ့လိုက်ရသည်။





ကားကို ဂုန်းခနဲ ရပ်လိုက်သည်။

အဲဒီနောက် ချုပ်ကားနောက်ကို အမြန်ကြည့်လိုက်ရင်း မှုန်ကြီး တဖွဲဖွဲ ထွက်လာကာ ...

"ဟော်ကောင်တွေ ... ဒါ ဒါ ဘာလုပ်တာလဲ"

"ခင်ဗျားမကြည့်ဘူးလား"

"ဟာ ... မြင်တယ်လေ ဒါပေမဲ့"

သူက ပြီး Villain ဖင်လိုက်သည်။

အဲဒီအချိန်မှာ ကောင်မလေးက တစ်ခုတည်းထပ်ပြော လိုက်သည်

နှင့် ...

"ဦးလေး ဦးလေး ... ကျွန်မကို ကယ်လိုက်ပါဦး ဒီလူတွေ ကျွန်မ ဘာမှမလုပ်ဘဲ ကျွန်မကို ဒီ ..."

"ဟဲ ... မူလလေး ယောက်ျားတွေ အဖော်သေတွေ ... မင်းတို့ မိန်းကလေးကို လွှတ်ပေးလိုက် မလွှတ်ရင် မင်းတို့ ထိမယ်"

"ဘာ"

တစ်ယောက်သောသူက နှုတ်ခမ်းကိုကိုက်ကာ ပြောသည်နှင့် တခြားသူများ ပါကြည့်ကြပြီး အားလုံး ဖြစ်သွားသည်။

www.burmeseclassic.com



"အေး ... ဒါလုပ်ချင်တယ်"

သူကဟန်ပါပါ ခါးကြားထဲက Hand Phone လေးကို ဆွဲထုတ်လိုက်တော့ အမှုသမားတွေက လှည့်တောင်မကြည့်တော့ဘဲ အနောက်ကိုလှည့်ပြီး ချက်ချင်းကြီး ထွက်ပြေးသွားတော့သည်။

ဟား ဟား ဟား ... ရယ်ချင်လိုက်တာ။

သူ ခါးကြားထဲက ထုတ်လိုက်တာကို တွေ့ပြီး အမှုသမားတွေ အနောက်ကိုလှည့်ပြေးချိန် သူက လက်မနှေးဘဲ ကောင်မလေးကို ဆွဲပြီး သူ့ကားထဲသို့ ဆွဲသွင်းကာ ကားတံခါး Lock ချလိုက်သည်။

"ဟင် ... ဒါ ဒါ ဘယ်သွားမှာလဲ ဦးလေး"

"ဟ ... မင်းကို ကယ်ခဲ့တာလေ"

"အင်း အင်း ... ဟုတ်ပါပြီ"

ကတ္တီပါ ရှက်လည်းရှက်၊ ကြောက်လည်းကြောက်နှင့် အခုပဲ မိန်းကလေးပီပီ မျက်ရည်တွေ စီးကျသွားတော့သည်။

ကတ္တီပါ ဒီလူကြီးကို ရှက်ရကောင်းမှန်းမသိအောင် စိတ်လွှတ်ကိုယ်လွှတ် ငိုချလိုက်တော့သည်။

"အင့် ဟင့် ဟင့် ဟီး"

"အော ... မင်း ငါ့ကားပေါ်မှာ အကျယ်ကြီးမငိုနဲ့ မငိုနဲ့လေ"





"ဟင်"

ကတ္တီပါ ငိုနေသည့် မျက်ရည်စက်တွေက ဒီလူကြီးစကားကြောင့် ဒေါသနှင့်စိတ်တွေ ဖက်ထန်သွားမြန်သည်။

"ဘာပြောတယ် ဦးလေး"

"ဟ ... မင်း ငါ့ကိုမအော်နဲ့ မင်းအော်တာနဲ့ ငါ့ကို တစ်မျိုးထင်"

"ဟင် ... ဒါ ဘာစကားလဲ"

"ဗမာစကား"

"ကဲ ... အဲဒါ ဗမာစကားဦး"

'ဘုန်း'

"ဟိုက် ... သေပြီ မင်း မင်း ငါ ငါ့ချည်း ဝင်ကယ်ရသေးတယ်၊ မင်းက ငါ့ကိုပြန်ပြီး ရမ်းရအောင် ..."

'ကျွီ ကျွီ'

"အား ... အောင်မယ်လေး သေပါပြီ"

သွယ်ဝသည် သူ့ကျောကုန်းကြီးကို ဘုန်းခနဲ ရိုက်ချလိုက်သည့် ကောင်မလေးကို ဒေါသဖြစ်ဖြစ်နှင့် ကားဘောရိတ်ကို တအား ဆွဲချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားတံခါးဖွင့် ဆောင့်ပိတ်လိုက်သဖြင့် ကားက ရှေ့နောက် တုံ့ခနဲ တုံ့ခနဲ ရပ်သွားပြီး ကောင်မလေးက အရှေ့က ခက်နှုတ်ခွတ် ပေါ် မျက်နှာလေး အမှိန်နှင့် ပြေးထောင်သွားသည်။

"သေပါပြီ ... ရှင် ရှင် ဘယ်လိုလုပ်တာလဲ"

သူက သူမကို မျက်လုံးကြီးပြူးကြည့်ပြီး ...

"ဟေ့ ... ငယ်သံပါအောင် အော်မနေနဲ့ ဒီ မင်းကို ဘယ်လို ရမလဲ ပြော"

"မရှိနဲ့ ... ဆင်းမယ်"

"ဘာ"

"အခုဆင်းမယ် ... ရှင် တံခါးဖွင့်ပေး"

"ဟာ ... နားရှောက်တော့မယ်၊ ထပ်ပြီးရှောက်ရှောက်ချင်ပြီ ထင်တယ်"

"ရှောက် ရှောက် ... ရှင့်အကြောင်းမပါဘူး မိန်းကလေး တစ်ယောက်ယောက်အောင် အရှုံးအစမရှိတဲ့လူ"

"ဟေ့ ... မင်း ဘာတွေ ပြောနေတာလဲ၊ ရှုပ်လိုက်တာ နဂိုကတည်းက မိန်းမတွေနဲ့ စကားမပြောချင်လို့ ခပ်အေးအေးနေတာ ... ရှုပ်သည်နဲ့ လာတိုးရတယ်"





"ဟင် ... ရှင် ရှင်"

"မင်း မင်း"

"ဘာလဲ"

ကာလျှံပါ အကျယ်ကြီးအော်မေးလိုက်သည်။

သူက ငေးသွားပြီး မျက်လုံးကြီးပြူးကာ ...

"ပါးစပ်ပြဲပြဲကြီးနဲ့ ငိုကြီး ပြိုပြိုမအော်နဲ့ မင်းကို ဘယ် ပြိုမှုရမှာလဲ ပြော"

ကာလျှံပါသည် စိတ်ပေါက် စွတ်စွဲကျိန်စာဝသည့် လူကြီးကို ခပ်စိန်းစိန်းစိုက်ကြည့်ပြီး နှုတ်ခမ်းကို မဲ့ခနဲ ရွဲ့ပစ်လိုက်သည်။

ပြီးတော့မှ သူ့ကို တစ်လုံးချင်း ပြောလိုက်သည်။

"မရှိနဲ့လို့ ပြောထားတယ်၊ ကားတံခါး အမြန်ဖွင့်ပေး"

"ဟ ဘာလဲ ... ထပ်ပြီး အရူးသားတွေ အကြွမ်းရှင်လေသလို လား"

"ဒါက ကျွန်မအပိုင်းပါ"

"မင်းကို ဝိုတိုမလေးလို့ သဘောထားလို့ ပြောတာနော် အိမ်ပေတောနောက်ရှိလို့တော့ မထင်နဲ့"

"ရှင် လျှာရှည်မနေနဲ့ ကျွန်မပြောတဲ့အတိုင်းသာ လုပ်ပေးစမ်း"

www.burmeseclassic.com



"အေး . . . ကောင်းပြီ မင်းထိုက်နဲ့ မင်းကံပဲ . . . ရတယ်"

သွယ်ဝကလည်း ဘယ်လိုမှ ဒေါသကို မျိုမချနိုင်တော့ဘဲ ကောင်မလေးကို ကားတံခါးဖွင့်ပေးလိုက်သည်။

တောက် . . . ဖြစ်ချင်ရာဖြစ်။

သူ့အကြောင်းနဲ့သူ။

သူက ကိုယ့်ကို ဘယ်လိုမှ မပတ်သက်တဲ့သူပဲ။ ကိုယ့်တူမ မဟုတ်၊ ကိုယ့်ညီမ မဟုတ်။

အဲဒီတော့ ကိုယ်နဲ့ ဘာဆိုင်လဲ။

ကိုယ်နဲ့မဆိုင်တာမို့ သွယ်ဝလည်း ကောင်မလေးကို လှည့်မကြည့်တော့ဘဲ ကားကို သူမ ကားပေါ်က ဆင်းသင်းချင်း ခပ်ကြမ်းကြမ်း မောင်းထွက်သွားပါတော့သည်။

❀ ❀ ❀



## အခန်း (၂)

ကြက်မွေးတစ်ချောင်းနှင့် ညှပ်ခနုံးသန့်ရှင်းရေးလုပ်နေသည့် မေမေ့ကို ကြည့်ပြီး ကဏ္ဍပါ စိတ်ပျက်လက်ပျက် နှာခေါင်းရှုံ့လိုက်သည်။

အဲဒီအချိန်မှာ မေမေက ကဏ္ဍပါကို မော့ကြည့်လာပြီး . . .

"ဟဲ့ . . . ဘာ နှာခေါင်းရှုံ့တာလဲ"

"မေမေ့ဟာကလည်း ဝော်လုံတော်ရ လာတာ ကျနေတာပဲ မေမေ့ညှိသည့်လာတာပဲ . . . ဟင်း"

"ဟဲ့ . . . ညည်းက ဘာစကားပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမ်"

မေမေက ပြောပြောဆိုဆို ကတ္တီပါခေါင်းကို ခေါက်ခနဲ ဝိတ်ခေါက်လိုက်သဖြင့် ကတ္တီပါ ဇက်ကလေးပုပြီး နှုတ်ခမ်းရွဲ့လိုက်သည်။

ဟင်း ... မေမေ့ညှော်သည့်က ကတ္တီပါအထင် မေမေ့ အဆက်ဟောင်းကြီးပဲ ထင်ပါသည်။

မေမေ့အဆက်ဟောင်းကြီးမို့ မေမေ့မှာ အိမ်သန့်ရှင်းရေးကို မဟာနိုင်မပန်းနိုင် လုပ်နေတာ ကတ္တီပါ ကြည့်မရ။

မေမေက မေဖေသေပြီးကတည်းက နောက်ယောက်ျား လိုချင်နေတာ ကတ္တီပါ မသိဘဲနေမလား။

ကတ္တီပါ မေမေ့ကို စိတ်ထဲကနေ မုန်းရွံ့ရွံ့ ကဲ့ရဲ့နေတာကို မေမေက မျက်မှောင်ကုတ်ကြည့်ပြီး ကြက်မွေးကို တစ်ပွဲပေါ် ဆောင့်ချ ကာ ...

"ဟဲ့ ... ဘာဖြစ်တာလဲ၊ နှုတ်ခမ်းက ရွဲ့နေတာ"

"ဘာဖြစ်ရမလဲ ... အခုလာမယ့်လူကြီးက မေမေ့အဆက် ဟောင်းမဟုတ်လား"

"ဟဲ့ ... ပေါက်ပေါက်ရှာရှာ လူရိုးလူကောင်းကြီးကို ညည်း





က ငါ့အဆက်ဟောင်းလို့ ပြောရအောင် ဟင် ... ညည်း"

'တီ တီ တီ'

"ဟဲ့ ဟဲ့ ... လာပြီ"

မေမေ ပျာယာခတ်သွားတာကိုကြည့်ပြီး ကတ္တီပါက ဝတ် ထားသည့် ဂျင်းဘောင်းဘီထဲ လက်နှိုက်ပြီး ...

"မေမေ့အဆက်ဟောင်း လာပြီ ... သွားကြိုလိုက်လေ"

"ဟဲ့ ဇီကတ္တီပါ ... ဟိုက လူပျိုကြီး၊ ညည်း မဟုတ်တာတွေ လျှောက်မပြောနဲ့"

"လူပျိုကြီးဆိုတော့ ကောင်းတယ်"

"ယုရေ"

မေမေနှင့်ကတ္တီပါ အချေအတင် ဖြစ်နေတုန်း အိမ်ရှေ့ဆီက ဟွန်းခေါ်လိုက်သည့်အသံက ကတ္တီပါနားထဲကို အဆန်းဆုံး ဖြေ့ဝင် သွားသည်။

"ဟင်"

ဆန်းလွန်းလို့ အသံရှင်ကို အနောက်ကို လှည့်ပင်လေး ကြည့်ပြီး မျှော်အကြည့် ကတ္တီပါပါးစပ်မှ "ဟင်" ခနဲ အသံထွက်သွား သည်အထိ အံ့ဩထိတ်လန့်သွားသည်။

www.burmeseclassic.com



"ဟိုက် ... အိုးပုတ် ချိုးရှုပ် ပေတ္တာတ်တွတ်"

ပါးစပ်မှလည်း ကယောင်ကတမ်း ယောင်လွှတ်သွားသည်။

"ဟင် ... ဘာ အယ် ဒွယ်တ ... လာ လာ ... ဟယ် ကြည့်စမ်း ... ဝဝိုက်တာကြီးဟာ ကြည့်စမ်း ... ငယ်ငယ်ကနဲ့ ဘာမှ မဆိုင်"

"ဟဲ ... ဒီ ဒီမိန်းကလေးက"

မေမေအာရှ့ကို ရောက်လာသည့် လူကြီးက ကဗ္ဗီပါကို မျက်လုံးပြူးကြီးနှင့်ကြည့်ပြီး လက်ညှိုးထိုးပေးလိုက်တော့ မေမေက မျက်ခြေသွားကာ ကဗ္ဗီပါကို ကြည့်လာသည်။

ကဗ္ဗီပါက နာခေါင်းလေးရှုံ့ပြီး ပါးစပ်က လှုပ်စိ လှုပ်စိနှင့် အရှက်ခွဲပေးရင်း ဒွယ်ဝဆိုတဲ့လူကြီးကို လက်သီးဆုပ်ကာ ခပ်ငြိမ်ငြိမ် နေ၍ အရှက်ပြလိုက်သည်။

"ဦးဒွယ်ဝကြီး ... လာ လာ လာပါရှင်၊ အဲ ... ကြွ ကြွပါရှင်၊ ဟဲ ဟဲ ... မေမေက ဦးဒွယ်ဝကြီးအကြောင်းကို အမြဲပြောတယ်"

ဒွယ်ဝသည် သူ့ကို ပြုံးပြုံးရွှင်ရွှင် ဖျော်ဖြေပြောင်လေ့ရှိသွားသည့် မျက်လုံးဝိုင်းဝိုင်းလေးနှင့် လှမ်းကြည့်လာသည့် ကောင်မလေးကို





သဘောတကျ စိုက်ကြည့်နေတုန်း ...

ကောင်မလေးရဲ့ ဦးဒွယ်ဝကြီးဆိုတဲ့ အခေါ်ကြီးကြောင့် သူ့မျက်နှာကြီး သံပရာသီးအလုံးတစ်ရာ စားလိုက်ရသလို ရှုံ့မဲ့သွား ရသည်။

ရှုံ့မဲ့မဲ့ မျက်နှာကြီးနှင့် သူမကို မျက်မှောင်ကုတ်ကြည့်လိုက် ပြီး ...

"ယုက ဒို့အကြောင်းကို အမြဲတမ်း ဘာပြောလဲ"

"ငယ် ငယ်တုန်းက"

"အင်း ... ငယ်ငယ်တုန်းက ဘာဖြစ်လဲ"

"ကဗ္ဗီပါ"

မေမေက ကဗ္ဗီပါ သူ့လူကြီးကို ခေါ်တော့မှာ သိသည့် အသာဖြင့် ခပ်မာမာ ခေါ်လိုက်တော့ ကဗ္ဗီပါ ခေါ်ကာလေးမှာသွားရ လေသည်။

ခေါ်ကာလေးမှာပြီး ဦးဒွယ်ဝဆိုတဲ့လူကြီးကို မြဲမြဲလေး ကြည့်ကာ တစ်လုံးချင်း ခပ်တိုးတိုးလေး ပြောလိုက်သည်။

"ဦးဒွယ်ဝကြီးကို ငယ်ငယ်က ပေါ်တဲ့အကြောင်း"

"ဘာကွ"



www.burmeseclassic.com

www.burmeseclassic.com



"အယ်"

"ကတ္တီပါ"

လှုပ်ကြီးမျက်နှာ ရဲနဲ့ ရှက်သွေးဖိုတက်သွားတာကို ကတ္တီပါက အရသာရှိရှိ စိုက်ကြည့်လိုက်သည်။

အတန်ကြာမှ ကတ္တီပါက နှုတ်ခမ်းလေး ဖွင့်ပြီးပြီး ...

"အို ... ဟုတ်ဘူး၊ ဟုတ်ဘူး။ ဝိန် ဝိန်တဲ့အကြောင်း"

"ယု နင့်သမီး တော်တော်ပေါတာပဲ"

"အို ဦးလေးသာ ပေါတာ၊ ပေါလို့လည်း အခုအရွယ်ကြီး ရောက်ပြီ ယူစရာ မိန်းမ မရှိ"

"ဘာ"

"တော်မါတော့ သွယ်ဝရယ် ... ငါ တောင်းပန်ပါတယ် ဟယ်၊ ဒီကောင်မလေးက အဲဒီလိုပဲ၊ သူက စကားပြောတတ်တာ မဟုတ်ဘူး"

"နင့်သမီး အတတ်လွန်နေတာ၊ ဟင်း ... ကလေးနဲ့တူပြီး ရန်ဖြစ်ရရင်လည်း ငါက အရှုံးပေးဦးမယ်"

"ဒါပေါ့ ဦးသွယ်ဝကြီးရဲ့"

"မင်း ဘာစကားပြောတယ်"





သွယ်ဝ ကောင်မလေးရှေ့သို့ ခပ်သွက်သွက် ရောက်သွားတော့ ကောင်မလေးက နောက်ခြေတစ်လှမ်း ဆုတ်လိုက်သည်။

အဲဒီနောက် သူ့အမေကို အကာအကွယ်ယူပြီး မိတ်ခွန်းသိုက်တော့ သူ့ရင်ဘတ်ကြီးဆီ ယုခေါင်းက ပစ်ဝိုက်သွားသည်။

"အ"

"ဟယ် ... ကတ္တီပါ သမီး ... ဘယ်လိုလုပ်တာလဲ ငါ့မယ် သွယ်ဝရယ် အားနာလိုက်တာ၊ ကတ္တီပါ"

"ဆော ... ဆောရီးပါ မေမေ"

"ဟင် ... နင့်သမီးဟာ ပေါသလိုနဲ့ အတော့်ကိုရိုင်းတာပဲ လူကြီးကို လူကြီးမှန်းမသိ"

"ဦးသွယ်ဝ ... ရှင် လူကြီးပီပီ စကားပြော"

"ဟာကွာ ... ဒီဟာမလေး။ ယု နင့်သမီး နင်ဆုံးမထား။ ငါ အရှုံးပေးမယ်၊ နောက်တစ်ခါလာရင် နင့်သမီး ငါ့ကို ဒီပုံစံမျိုးစေနဲ့ သိုးကျိုးနေပါစေ"

"ဟင်"

သွယ်ဝ ဘယ်လိုမှ စိတ်ရှည်သည်းမခံနိုင်တော့ဘဲ ကတ္တီပါ ခဏစိုက်ကြည့်ပြီး တစ်လုံးချင်းပြောကာ လှည့်ထွက်လာခဲ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ရှင်စေမှာလည်း ဘယ်လိုကြီး ခံစားလိုက်ရမှန်းမသိ ခံစားလိုက်ရလေသည်။

ဒီခံစားချက်ကြီးဟာ ဘာကြီးဆိုတာ သွယ်ဝ မသိသေးပေမယ့် သွယ်ဝ ကောင်မလေးမျက်နှာလှလှလေးကို သဘောကျ ကျေနပ်ပြီး ရင်ခုန်ပီတိဖြစ်နေတာကိုတော့ စိတ်ထဲကနေ တစ်ယောက်တည်း ကျိတ်ဝန်ခံလိုက်ပါတော့သည်။

ငါ မင်းကို သဘောကျတယ် ကောင်မလေးရယ်။

✵

ဦးသွယ်ဝတို့တဲ့လူကြီးတားကြီး အိမ်ရှေ့က ဝေါခနဲ ထွက်သွားသည်နှင့်တစ်ပြိုင်နက် မေမေက ကတ္တီပါ လက်နှစ်ဖက်ကို ဆွဲပြီး အော်ကြီးဟစ်ကျယ် သောင်းကျန်းလာပါတော့သည်။

"ဟင် ... သမီးလေးတစ်ယောက်တည်း မွေးထားတာ မလိမ္မာလိုက်တာတော်၊ ငါ့ကို အရှက်ခွဲတာ အရှက်ခွဲတာ"





"အား ... မလုပ်နဲ့ မေမေ"

"လုပ်တယ် လုပ်တယ် .. သားသမီးမကောင်းတော့ မိဘခေါင်းတဲ့၊ ဟင်း ... ငါရှက်တယ် ရှက်တယ်၊ အကယ့် သူဌေး လူကြီးလူကောင်းကိုမှ"

"ဟင် ... မေမေကလည်း ဘာလဲ ... မေမေ့ကို ဗိလူကြီး မကြိုက် မကြိုက်မှာစိုး"

"ဟင် ... ညည်း၊ ပြောဦး ပြောဦး"

"အား ... သေပါပြီ သေပါပြီ"

ကတ္တီပါရဲ့ ငယ်သံပါအောင် အော်သံကြောင့် မေမေ ဆတ်ခနဲ ကတ္တီပါဆံပင်ကို ဆွဲထားရာမှ ဖြည်ချပေးလိုက်သည်။

"သမီးလေး တစ်ယောက်တည်း မွေးထားပါတယ် ... ဆိုးလိုက်တာမှ တာတော့ကိုလန်လို့ ဟင်း ... အေး ... ညည်းကြွံကြွံဆိုး ညည်းဖေထ်ကို အဘိုးကြီးတောင် ဖေထ်ခံနိုင်မှာမဟုတ်ဘူး"

"ဘာ ... ဘယ်အဘိုးကြီးလဲ"

"သွယ်ဝ"

"မေမေ"

ကတ္တီပါ့အသံကြီးက ကျယ်လောင်စွာ ဟိန်းထွက်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

မထင်မှတ်ဘဲ အစရာကို အမြောင်းလိုက်ရသဖြင့် ကဗျာ့ပိုမျက်နှာ တစ်ပြင်လုံး နီရဲမြန်သွားကာ ထိုတုတ်ကြီး ခံစားလိုက်ရသည်။

"ဟင်း ဟင်း ... မေမေပြောတာ ညည်းမှတ်ထား။ ညည်း အခါလို ကြွက်ကြွက်ဆိုရင် သွယ်ဝင်လို အတိုးကြီးကာလောင် ညည်းအထ ကို ခံနိုင်မှာ မဟုတ်ဘူး"

"ဟင် ... မေမေက ကဗျာ့ပိုကို ဒီအတိုးကြီးနဲ့ ဒီအတိုးကြီး နဲ့"

"ဟုတ်တယ် ... မှန်းထားတော"

"အား ... အဲဒါ မေမေ့အလောက်ပေါင်းစေလေ"

"ဟဲ့ ပိုအလောက်မပေါင်းလို့ ညည်းကို ဘယ်သူက ပြောထား တာလဲ"

မေမေ့အသံက ဒေါ်သဖြင့် မိုင်ကုန်မြင့်တက်သွားသည်။ ကဗျာ့ပိုကတော့ ဂရုမစိုက်။

ဆံပင်ကလေးကို မျက်နှာပေါ်ကနေ ဖယ်ခါ ကုပ်ပေါ် ဝဲကျသွားအောင် ပစ်တင်လိုက်ပြီး ...

"ထင်ထားတော"





"ဘာအေ့"

"မေမေ နောက်ယောက်ျားယူမယ်ဆိုရင် ကဗျာ့ပိုက ဦး သွယ်ဝင်ကြီးလို သူဌေးလူချမ်းသာကြီးနဲ့ဆို သဘောမတူရ အကြောင်း မရှိဘူး ဆိုး ... ဒါပေမဲ့ မျက်နှာပြင်ကြီးတော့ သဘောမတူနိုင်သေး ဘူး"

"ဟင် ... ညည်း၊ ညည်း"

"ဘာလဲ ... မေမေက ဦးသွယ်ဝင်ကြီးကို မကြိုက်ဘူးလား"

"ဟဲ့ မိကဗျာ့ပို ... အဲဒီသွယ်ဝင်က ငါနဲ့ ယပ်မှုဖြစ်ပါက်"

"ပြဲပါက် ... ပြဲပါက်ဆိုတာ ဘာလဲဟင်"

"ဟယ် ... ဒီကောင်မလေးနဲ့ ပြောရတာ ငါနဲ့သွယ်ဝင်တောင် ထိန္တနိလိုလုံဖြစ်ပြီ။ သွား သွား ... ညည်းနဲ့စကားပြောရတာ ဒုက္ခရောက်ရမယ်။ အေး ... ညည်း ဒီစကားမျိုး ကြွက်ကြွက်ပြော သွယ်ဝင်ကြားသွားရင် ညည်း၊ ကားအထင်ခံရလိမ့်မယ်။ ညည်းကို မိကျိုယ်တိုင် သွယ်ဝင်ဆက်ထဲကို အပ်ပြီး ကားထင်ပြန်နိုင်းမှာ"

"ဟင် ... မေမေ မေမေက"

"ဟော့ ... ညည်း၊ ဘာစကားမှ ထပ်မပြောတော့နဲ့ နောက် ထပ်မပြော်ကြားရင် ငါ သွယ်ဝင်ကို ထမင်းကျွေးခိုင်းမယ်။ အေး အဲဒီနေ့



www.burmeseclassic.com

www.burmeseclassic.com



ကျ ညည်း ဣုခြွေရပါစေ၊ ဝါပြောတာ ရှင်းတယ်နော် ကတ္တီပါ''

"ဟွန့်''

ကတ္တီပါ ဒီတစ်ခါတော့ မေမေ့ကို ဘာမှ ပြန်မပြောနိုင်တော့

ပြောစရာလည်း ရင်ထဲမှာ မရှိအောင် မေမေ့စကားကြီးကို

ရှက်နှ့ရင်ခုန်သွားရတာ ဖြစ်သည်။

ကျွတ် ... ဒါကြီးကိုများ မေကော ဆယ့်ရှစ်နှစ်သမီး နုနု

ဖက်ဖက်ကလေးနဲ့ သဘောကျတာ အံ့ဩပါရဲ့။

ကတ္တီပါတို့ကတော့ Sorry ပါပဲ။ Sorry မှ Very Sorry

ပါပဲ။

ဟင်း ... ဒီအသိုးကြီးကိုတော့ ကတ္တီပါက ဂုဏ်တွေ၊ ငွေ

တွေမက်ပြီ၊ ဘယ်တော့မှ နှလုံးသားကို ပုံမအပ်နိုင်။

ကတ္တီပါနှလုံးသားကို ပုံမအပ်ဖို့ ကတ္တီပါက ဒီလူကြီး

လက်နက်တစ်ခုနဲ့ တိုက်ထုတ်ဖို့ ကြံလိုက်သည်။

အဲဒီအကြံကတော့ ...

❋ ❋ ❋



## အခန်း (၃)

ရေချိုးခန်းထဲမှ ထွက်လာသည့် ကတ္တီပါနားထဲမှာ မေမေ့

စကားပြောသံက ကန့်လန့်ကြီး ဖြတ်ဝင်သွားသည်။

"အေး ... သွယ်ဝ မနက်ဖြန် ဆက်ဆက်လာခဲ့နော်၊ မနက်

Lunch လား၊ Dinner လား''

"...''

"အင်း ... Dinner ... ဟုတ်ပြီ ဟုတ်ပြီ၊ အေးဟယ်

ငါတို့သူငယ်ချင်းတွေ ကြီးမှ ပြန်တွေ့တာ၊ အေးအေးဆေးဆေးကို

မပြောရတော့၊ ငါ့သမီးဆိုးလေး နှောင့် ယှက်တာနဲ့ ... အမြဲ



www.burmeseclassic.com

www.burmeseclassic.com



ဟင်း။"

"..."

"ဟုတ်တယ် ဆိုးတယ်။ ငါ့သမီး ဒေါ်ကို တော်ရုံတန်ရုံ ဒေါ်မခံနိုင်ဘူး"

"..."

"အေး အေး ဟင်း ဟင်း ... လာတော့မှ အေးအေးဆေး ဆေး စကားပြောကြတာပေါ့"

"..."

"အေး ... သမီး စေ့ချိုးနေတယ်"

"..."

အင်း ... သမီးကတော့ ပြောမနေနဲ့"

"ဘာလဲ မေမေ"

သိရုံသာနှင့် ကဈွှီပါက ရှာကျယ် ရှာကျယ်အသံနှင့် တစ်ဖက်က လူကြီးနားကစကားတောသွားအောင် ဝိတ်ပေးလိုက်သည်။

"ဟဲ့ ဟဲ့ ... ဒီမှာ လူကြီးဖုန်းစကားပြောနေတာကို ဝေ တဝင်လိုက်တာ ... ဘာတဲ့"

"ဘယ်သူနဲ့ ပြောတာလဲ"





"ကဈွှီပါ"

မေမေက ဖုန်းကို လက်ဝါးနှင့်အုပ်ပြီး ကဈွှီပါကို ဆော်လိုက်မှ ကဈွှီပါက မေမေ့ကို မျက်စောင်းထိုးပြီး အခန်းထဲကို ခပ်နှာခေါက်ခေါက်နှင့် လျှောက်သွားသည်။

ကဈွှီပါထွက်သွားတော့မှ မေမေက ဖုန်းစကားပြောတာကို ဆက်ပြီးပြောနေသံ ကြားလိုက်ရသည်။

"သွယ်ဝ ... နင်ကြားတဲ့ အတိုင်းပဲ ... သမီးက ဟာ ဆေး ပေါ ပေါ"

"..."

"ဒါပဲနော် သွယ်ဝ ... အင်း အင်း ဟုတ်ပါပြီ။ အခုထိ နှင် ရှင်ဘတ်ထိစရာဘူ မရှိသေးဘူးပေါ့"

"..."

"အင်း အင်း ... အေး အေး"

ဟွန်း ... အမြွက်ဘတ်လိုက်တာ။ အဲဒီလူကြီးက ဘာကောင် ကြီးမို့လို့ မေမေ ဒီလောက်အထိ ချိုနေရတယ်မသိ။

ဟွန်း ... မုန်းလိုက်တာနော်။

ကဈွှီပါစိတ်ထဲကနေ မုံမုံရှိရှိ ကဲ့ရဲ့ရင်း ကိုယ့်ကိုယ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



မှန်းဆဲ မြန်ကြည့်လိုက်သည်။

ဟင်း ... လှလိုက်တဲ့မျက်နှာလေး။

ဒီမျက်နှာလေးက ချောနေ လှနေလွန်းတော့ နောင့်ယှက်သည့် ယောကျ်ားတွေက မနည်း။

ဒါပေမဲ့ ကဗျ္ဗိယိတို့က ထွားခနဲ ကျွမ်းဘဲ့ဘာတော်တာလေသလို ခိုင်းကျက်နှင်းထားတာရှိ ဘယ်ယောကျ်ားကိုမှ မကြောက်။

ဒီတစ်ခါ ယောကျ်ားတွေ လိုက်နောင့်ယှက်လို့ကတော့ ဒီ ထက်မြင်းတဲ့ ရိုက်ချက်တွေနှင့် ဆော်လိုက်ဦးမည်။

"ချော ... ရှိ ယား"

သတိရလို လက်သီးဆုပ်ပြီး ကီးသွင်းလိုက်ကာ အားထုတ် လိုက်ပြီး ဟိုတစ်နေရာ အမှုသမားတွေကို ဒီထက်မြင်ပြီး ရိုက်လိုက် ချင်တာ ယက်တွေယားနေသည်။

ဟင်း ... အဲဒီနေရာ ဟိုလူကြီး ဝင်ကယ်လိုက်လို့ မို့ သူမ ဒုက္ခရောက်တော့မည်။

ဒီအကြောင်းတွေကို အဲဒီလူကြီး မေမေ့ကို ရှင်းပြောလိုက်ရင် ဖြင့် ...

"အား ... ဝါတော့ ဘူစိတ်ပြီ"





"ဟဲ့ ... ဘာ ဘာ ဘူစိတ်တာလဲ"

စိတ်ထဲက စကားသံတွေက အပြင်ကို အမှတ်တမဲ့ ထွက်ကျ သွားစဉ် မေမေ အခန်းထဲဝင်လာတာနှင့် တိုးသွားပြီး မေမေက မီးကြိုးနှစ်ပက်စေတော်ကာ ခပ်ထန်ထန်မေးလာခဲ့တော့ ကဗျ္ဗိယိ ဘာ ပြန်ပြောရမှန်း မသိ ရှုန်းအသွားခဲ့သည်။

မေမေ့ကိုသည်း အူကြောင်ကြောင်နှင့် ပြန်မော့ကြည့်လိုက်ပြီး ထက်ညှိုးကာလေးတစ်ချောင်းထောင်ကာ ...

"မေမေနဲ့ ဦး ဦး သွယ်ဝ"

"ဟဲ့ ချွေးသွန်းမလေးရဲ့ ... သွယ်ဝလို့ လွန်းလှချောင် လူမျိုးကြီးက ဖိုလို မှတ်မိတော့ ယူတော့မလား။ ယူရောရှိ ညည်းပဲယူ မှာပေါ့"

"အမ် ... ဟမ်း ဟမ်း"

ကဗျ္ဗိယိ ပါးစပ်ကြီးပြီး အော်ကြီးဟစ်ကျယ် ငေသာင်းကျန်း လိုက်သည်။

"ဟဲ့ ဟဲ့ ... ဘာဖြစ်တာလဲ"

"တက် ... တက်သွားတာ"

"ဟင် ... တက်သွားတဲ့လူက စကားပြောသတ်တယ်"

www.burmeseclassic.com



မေမေက ကဏ္ဍီပါ ခုတင်ပေါ် တုံးလုံးလှဲချလိုက်တာကို ဒေါ်သမျက်လုံးတွေနှင့် စိုက်ကြည့်နေမှာ သေချာသည်။

ကဏ္ဍီပါကတော့ တကာယ်ကို သတိလစ်ချင်ယောင်ဆောင်လိုက်တော့သည်။

ပါးစပ်ကနေ အမြှုပ်တွေ ထွက်သလို တံတွေးတွေ တစ်လုံးကြီး ထက်ကျလိုက်ပြီး ...

'အင်း ... ဟင်း ဟင်း''

''ရှူး ရှူး ရှူး''

''ရှူး ရှူး ရှူး''

''ဟင် ... ကဏ္ဍီပါ ကဏ္ဍီပါ တကယ်တက်တာလား။ ဟယ် ဒုက္ခ ဒုက္ခပါပဲ ... သမီး ကဏ္ဍီပါ သတိရလား''

''ရှူး ရှူး ရှူး''

မေမေက ကဏ္ဍီပါ ပါးစပ်ထဲက တံတွေးတွေကို ကဏ္ဍီပါ ဝတ်မလို့ ယူထားသည့် အင်္ကျီလေးနှင့် သုတ်နေတာမို့ ကဏ္ဍီပါမှာ မျက်နှာလေး မရှုံ့မိအောင် မနည်းသတိထားလိုက်ရသည်။

မေမေ ရိုးတုံးတာကိုလည်း စိတ်ထဲကနေ ကျိတ်ရယ်မောင်နေမိသည်။





အဟိ ဟိ ... ရယ်စရာကောင်းလိုက်တာ။

ကဏ္ဍီပါ ဉာဏ်များတာကို မေမေ အဟုတ်ယုံတာ ကဏ္ဍီပါ ရယ်ချင်သွားရသည်။

''ခစ် ခစ် ခစ်''

''ဟင် ... သမီး သမီး သတိရပြီလား''

''အင်း ... ဟုတ် ဟုတ် ... မေမေ မေမေ ရေ ရေ''

''အေး အေး''

''အင်း အင်း မေမေ သေး သေး''

''ဟဲ့ ဟဲ့ ဘာသေးလဲ ဒုက္ခပါပဲ ဒီကောင်မလေး ကယောင်ကတမ်းနဲ့ ဘာတွေ လျှောက်ပြောနေတာလဲ''

ကဏ္ဍီပါ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး မျက်လုံးဖွင့်ကြည့်ကာ မေမေ အစိုးရိမ်ပိုနေတာကို ခပ်တည်တည်စိုက်ကြည့်ပြီး ခပ်တည်တည်ပင် ပြောလိုက်သည်။

''ရေလည်း သောက်ချင်တယ်၊ သေးလည်းပေါက်ချင်တယ်လို့ ပြောတာပါ မေမေရဲ့၊ အား ... မူးလိုက်တာ၊ ကဏ္ဍီပါကို တွဲထူပါဦး မေမေ''

''အေး အေး ... ထနိုင်ရဲ့လား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ထပ်ကြည့်မယ် ... အင်း ဟင်း ဟင်း"

"ဟင် ... ဘာ ဘာဖြစ်တာလဲ"

မေမေက ရုတ်တရက် ကတ္တီပါ ငိုလိုက်တာကို တအံ့တဩ လှည့်ကြည့်တော့ ကတ္တီပါ အမူပိုပိုဖြင့်ပင် မျက်စောင်းခဲပြီး အရွှင် ကောင်းယူလိုက်သည်။

"ကတ္တီပါကို နောက်တစ်ခါ အဲဒီအဘိုးကြီးနဲ့ မပြောနဲ့ ကတ္တီပါ့စိတ်ကို သိတယ်နော် မေမေ"

"အေးပါ အေးပါအေ ... မေမေ ညည်းမကြိုက်တာကို မပြောတော့ပါဘူး"

"Promise နော်"

"အေး အေး ... Promise"

"ဒါဆို အဲဒီလူကြီးကို မနက်ဖြန် Dinner စားဖို့ ဖိတ်ထား တာ ဖျက်ပစ်လိုက်"

"အို အေ ... ဖျက်ပစ်လို့ ကောင်းမလား။ သူက ဝါသူငယ် ချင်း အရင်းခေါက်ခေါက်"

"ဟင့်အင်း ဟင့်အင်း ... ဖျက်ပစ်၊ ကတ္တီပါ ဒီလူကြီးမျက် ခွက်ကြီးကို မကြည့်ချင်ဘူး"





"ဟဲ့ ... သွယ်ဝက ညည်းကို ဘာပြောထားလို့လဲ"

"ဟင်"

"ကဲ ... ပြော"

"ဟင်"

"သွယ်ဝက ညည်းကို ဘာလုပ်ထားလို့လဲ"

"မေမေနော်"

ကတ္တီပါ စိတ်ဆိုးဆိုးနှင့် ခုတင်ပေါ်ကနေ ထထိုင်ပြီးခါမှ ဆတ်ခနဲ တုံးလုံးလှဲချလိုက်တော့ ခေါင်းတစ်ခုလုံး မှုးနောက်သွားတော့ သည်။

"အား ... မှုးလိုက်တာ၊ သေသွားစမ်းပါစေ"

"ဟဲ့ ... ဘာ ဘာ ... ညည်းက ကိုယ့်ကိုယ်ကိုယ် ကျိန်ရ အောင်"

"ကျိန်တယ် ကျိန်တယ် ... လောကကြီးမှာ နေတောင်မနေ ချင်တော့ဘူး"

"ဟင် ... ညည်းက လောကကြီးမှာ ဘာလို့ မနေချင်ရတာ လဲ"

"မေမေ ဒီအဘိုးကြီးနဲ့ ကတ္တီပါကို ဆက်ပြီး သဘောတူနေ



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုရင် ကတ္တီပါက စိတ်လိုက်မာန်ပါ ဆုံးဖြတ်မှာပဲ”

ကတ္တီပါ အရဲစွန့်ပြီး မေမေ့ကို ဆန့်ကျင်လိုက်သည်။

ခုနကလည်း သတိလစ်ဟန်ဆောင်ပြီး အခွင့်ကောင်းကို တောင်းဆိုလိုက်ပေမယ့် မေမေက ပါးနပ်စွာဖြင့် ကတ္တီပါ တောင်းဆိုမှုတွေကို မလိုက်လျောခဲ့လို့ ကတ္တီပါ ငိုသံလေးနှင့် ထပ်ဆင့်တောင်းဆိုပြီး ခြိမ်းခြောက်လိုက်တာဖြစ်သည်။

ဒါကို မေမေက ရင်ဘတ်ကြီးဖိပြီး ကတ္တီပါကို ခပ်စိန်းစိန်း ကြည့်ကာ ...

“ကတ္တီပါ”

လို့ အော်လိုက်တော့ ကတ္တီပါက တစ်ဖက်လှည့်ပြီး တင်ပါးလေးကို ကောက်ချိတ်ပြီး အိပ်ပစ်လိုက်တော့သည်။

“ဟဲ့ ဟဲ့ ... ဒါက ဘာဖြစ်တာလဲ”

“စိတ်ကောက်တာ စိတ်ကောက်တာ”

“ဟယ် ... စိတ်ကောက်တာနဲ့ တင်ပါးကို ကောက်ထားရသလား။ အင်း ... ခက်ရချည်ရဲ့ ညည်းနော်၊ ညည်း သွယ်ဝရှေ့မှာတော့ မဟုတ်တရုတ်တွေ မကောက်ပြပါနဲ့အေ”

“လာပြန်ပြီ ဒီအဘိုးကြီး”





“အေး ... လာရမှာပဲ”

“အဘိုးကြီး မပါရင် ပွဲမစည်ဘူးလား”

“အေး မစည်ဘူး။ သူက ဟိုင်းဘော့စ်”

“ဟိုင်းဘော့စ်ဆို မေမေယူ”

“ကျုပ်ကိုမကြိုက်လို့ပေါ့၊ ကျုပ်မကြိုက်လို့ သမီးနဲ့ လော်ရတာပေါ့”

“မေမေ ... အီး ဟီး ဟီး”

ကတ္တီပါ မေမေ့ကို ဘယ်လိုမှ ပြောလို့မရတော့သည့်အဆုံး ဟီးချ ငိုချလိုက်ပါတော့သည်။

ကတ္တီပါ ဟီးချငိုလိုက်တာကို မေမေက မချော့တော့ဘဲ ခပ်မဲ့မဲ့ ပြုံးပြီး အခန်းထဲက လှည့်ထွက်သွားချိန်မှာ ကတ္တီပါကတော့ အခန်းထဲမှာ သွယ်ဝဆိုတဲ့လူကြီးကို ဘယ်လိုနည်းနဲ့ ကတ္တီပါတို့အိမ်ကို ဆက်မလာတော့အောင် ကြံစည်နေလိုက်တော့သည်။

✵ ✵ ✵



www.burmeseclassic.com

www.burmeseclassic.com




တွယ်တာစရာ ဒီတစ်ယောက်တည်း

## အခန်း (၄)

သွယ်ဝသည် ယုရှိန်းပေးသောသည့် Dinner ကိုစားပြီး ဗိုက်ထဲက တင်းတင်းပြည့်လာသည်အထိ စားသောက်နေမိပြီဖြစ်သည်။

အင်း . . . ဒီနေ့ကျမှ သူ့ဗိုက်ကလည်း ရှမ်းပျက်အောင် ဆာ နေခဲ့သည်။

“အားပါးပါး . . . ဒါ စိတ်လှုပ်ရှားနေတာလား။ ကောင်မလေး ကို တွေ့ရတော့မယ်ဆိုတော့ ဟင်း ဟင်း . . . ကောင်မလေးက အရမ်း အချိုကြိုက်။ ငါ ငါ ဒီအတွေးတွေတွေးတာ သင့်တော်ပါ့မလား”

သွယ်ဝတစ်ယောက်တည်း ရေရွတ်မိပြီးမှ ကိုယ့်ကိုယ်ကိုစွာ



www.burmeseclassic.com

www.burmeseclassic.com



ဝဖိုင့်ဖိုင့်ကြီးကို ငုံ့ကြည့်လိုက်သည်။

အင်း ... အသက်က လူကြီးပိုင်းလေးဆယ်တောင် တစ်နှစ်စွန်းသွားပြီဆိုတော့ စိတ်ကလည်း ချလို့ရမယ် မထင်တော့။ ဒါပေမဲ့ သူ စိတ်မချလို့မဖြစ်။

ဟိုကောင်မလေးက ဆယ်ကျော်သက်ကလေးဆိုတော့ ဝိနိဝိနိပါးပါးလေး။

အရပ်ကတော့ Heavy၊ သူနှင့် နင်လားငါလား Level ပါ။

အပွန်း ... အသက်ကတော့ အဖေနဲ့သမီးအရွယ်ပါ။

ဘာဖြစ်သလဲကွာ ... ယောကျ်ားဆိုတာ အသက်ကြီးလည်း အရှုံးရှိတာမှတ်လို့။

ဆိုရိုးစကား စကားပုံတောင်ရှိသေးသည်။ ယောကျ်ားမှာ ပဉ္စင်း မိန်းမပုခက်တွင်းတဲ့။

ဟဲ ဟဲ ... ဒီဆိုရိုးစကားကိုတော့ သူ တော်တော်သဘောကျသွားပါသည်။

"ဟဲ ဟဲ ဟဲ"

သွယ်ဝ ကိုယ့်အတွေးကိုယ် သဘောကျပြီး တစ်ယောက်





တည်း ရယ်နေကာကို အခန်းဝကနေ မျက်လုံးပြူးကြီးနှင့် စိုက်ကြည့်လာသည့် တပည့်က လက်ညှိုးကြီးထိုးပြီး ...

"ဆရာ"

"..."

"ဆရာ"

"ဒါ ဒါ ဘာဖြစ်တာလဲဗျာ"

"ဟမ်"

တပည့်လေး လက်ညှိုးညွှန်ပြသည့် မျှောကိုယ်အောက်ပိုင်းကို ကြည့်လိုက်တော့ ...

"ဟိုက် ... ပလုတ်တုတ်"

"ဆရာရယ် ... ဘယ် ဘယ်လိုဖြစ်တာလဲဗျာ"

"ဟာ ... ငါ မုဆိုးလဲရကောင်းမလား။ ဘောင်းဘီဝတ်ရကောင်းမလားလို့ စဉ်းစားရင်း ပုဆိုးချွတ်လိုက်တာ၊ မင်းကလည်းကွာ အောက်ခံဘောင်းဘီ ဝတ်ထားပါတယ်"

"တော်သေးတာပေါ့ ဆရာရယ် ... တော်သေးတာပေါ့။ ကျွန်တော့်ကိုတော့ တုတ်တစ်ပြက် ဓားတစ်ပြက် မပြလိုက်ပါနဲ့ ဆရာရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာပြောတယ်"

"ဆရာ . . . ခြောက် သတိရပြီ . . . ပုဆိုးဝတ်ပြီး ညှော်ခန်းကို မြန်မြန်လာခဲ့ပါ၊ ဖုန်း ဖုန်းလာနေတယ်"

"ဟင် . . . ဘယ်ကဖုန်းလဲ"

သူက ကွင်းလုံးချွတ်ချထားသည့် ပုဆိုးကြီးကို ပြန်ကောက်ဝတ်ပြီး တပည့်ဖြစ်သူကို မျက်လုံးပြူးကြီးနှင့် မေးလိုက်တော့ တပည့်က ယောင်ယောင်ကန်းကန်းဖြစ်သွားပြီး ခေါင်းကြီးကုတ်လိုက်သည်။

"ဟကောင် . . . ဘယ်ကဖုန်းလဲလို့ မေးနေတယ်လေကွာ"

"ဟို . . . ကောင်မလေးတစ်ယောက်အသံပဲ"

"ကောင်မလေး"

"ဟုတ်ကဲ့"

"ငါ့ဆီ ဘယ်ကောင်မလေးမှ ဖုန်းမဆက်ဖူးပါဘူး"

"ဟုတ်တယ် ဟုတ်တယ် . . . ဆရာ့ဆီ ကောင်မလေးတွေ မဆက်ဖူးပါဘူး။ ဆက်တာ ကောင်မကြီးတွေချည်းပဲ"

"ဟေ့ကောင် ( ) သား"

"အား . . . မဆဲပါနဲ့ ဆရာရယ်၊ ဆရာ့ပါးစပ်ကြီးအဏ်ကို ကောင်မလေး"





"( ) ကောင်မလေး"

"အား . . . အဆစ် အဆစ် မဆဲပါနဲ့ . . . ကောင်မလေး သနားပါတယ်"

"ဟား . . . ဘယ်သူပါလိမ့်"

သူ့ရင်ထဲ ဘယ်လိုကြီး ဖြစ်သွားမှန်းမသိအောင် တစ်မျိုးကြီး ခံစားလိုက်ရသည်။

အင်း . . . ကောင်မလေးတဲ့။ ဘယ်ကောင်မလေးလဲ။

ကဏ္ဍီပါလေးများလား။

အင်း . . . ဖြစ်နိုင်ခြေများပါသည်။

❁

'တီ တီ တီ'

". . ."

'တီ တီ တီ'

အိမ်ရှေ့ဆီကကားဟွန်းသံကြောင့် မီးဖိုဆောင်ထဲမှာ ညှို



www.burmeseclassic.com

www.burmeseclassic.com



သည့်တားနှိ အလုပ်ရှုပ်နေသည့် မေမေက ကတ္တီပါကို လှမ်းခေါ်လိုက်လေသည်။

"ကတ္တီပါ သမီး ကတ္တီပါ"

"..."

"ကတ္တီပါ"

"ရှင်"

ကတ္တီပါ စိတ်ထဲမှာမုန်းလွန်းလို့ အကျယ်ကြီးထူးလိုက်သည်

ဟွန်း ... မုန်းလိုက်တာ မေမေ့ကို မုန်းသလို အဘိုးကြီးကိုလည်း မုန်းသည်။ အဘိုးကြီးက လူပါးကြီး။

ကတ္တီပါ သူ့ကိုမလာဖြစ်အောင် ဖုန်းဆက်ပြီး သောင်းကျန်းမိတာကို သူကလည်း ပြုံးပြုံးခြောက်ခဲ့သည်။

သူ ခြိမ်းခြောက်သည့် စကားကတော့ ...

"အေး ... မင်းက ငါ့ကို ထမင်းစားမလာစေချင်ဘူး ... ဟုတ်လား"

"ဟုတ်တယ်"

"အေး ... ဒါဆို ငါကလည်း မင်းပေါက်ကွဲတွေ အများသားတွေနဲ့ ခြိုးသာစာဖြစ်ပြီး တုတ်ရိုက်ပွဲဖြစ်တာကို ယုသိအောင်





ပြောရမှာပဲ"

"တစ် ... တာ"

"အေး ... ကြားတဲ့အတိုင်းပဲ"

"ဦးအွယ်ဝကြီး လူပါးမဝနဲ့"

"ဟ ... လူပါးဝတာက မင်း။ ငယ်ငယ်လေးနဲ့ လူလည်ကျနေတာ၊ ယုကိုပြောရမယ် ... ယု နှင့်သမီးကို စိတ်မချနဲ့လို့ သင့်တော်တဲ့ လူကြီးလူကောင်းတွေ့ရင် ပေါက်ချားသာ ပေးစားလိုက်လို့"

"တာ"

"ဟော့ ... မင်း မရိုက်ရိုင်းနဲ့"

"ကျွတ် ... ဒီမှာ ဦးအွယ်ဝ ... ရှင် ထမင်းစား လာဖို့ထုံးဝ စိတ်မကူးနဲ့ တာစာရေးလည်း ရှင့်ကို မသေတာရေစာပဲ ကျွေးမှာ"

"တာပဲကျွေးကျွေး လာမှာပဲ"

"ရှုပ် ရှင်"

"အင်း"

"တောက် လူကြီးဖြစ်ပြီး နှာဘူးကျလိုက်တာ"

"ဒါပေါ့ အသက်အရွယ်က"

သူ့စကားအဆုံးကို မစောင့်ဘဲ ကတ္တီပါ ဖုန်းကို ချွတ်ချ



www.burmeseclassic.com

www.burmeseclassic.com



ပစ်ချလိုက်သည်။

တောက် ... အခုတော့ သူက ထမင်းစားဖို့ ရောက်လာပြီ။

မသိလိုက်တာ။ ကတ္တီပါ စိတ်ထဲကနေ ကျိန်ဆဲရင်း

မေမေ့ကို ခပ်တည်တည် ဝိုက်ကြည့်လိုက်တော့ မေမေက ကတ္တီပါကို

ခပ်ရှုံ့ရှုံ့ကြည့်ကာ ...

"သွား ... ခြည့်သည်ကို ခြည့်ခံနေနှင့်ဦး။ ပြီးတော့မှ ငါလာ

မယ်၊ ဒီမှာ ဟင်းအိုးမကျက်သေးလို့"

"ဟာ ... မသွားဘူး"

"ကတ္တီပါ"

"မေမေ့ ရှုကြီး"

"ဟဲ့ ... မိုက်ရိုင်းလိုက်တာ၊ သွားစမ်း သွားစမ်း။ နင်နော်

နင် ငဲကြီးမယ်၊ ငါရည်ရွယ်ထားတဲ့ သူငယ်ချင်းသမက်လောင်းကို"

"မေမေ့"

ကတ္တီပါ အော်ယူကြီးအော်လိုက်တာကို မေမေက လန့်သွား

သွားပြီး ပါးစပ်ကို ယောင်ပိတ်လိုက်သည်။

အဲဒီအချိန်မှာပဲ ဦးသွယ်ဝ ကတ္တီပါတို့သားအမိနှစ်ယောက်

စကားများနေသည့် အခန်းရှေ့သို့ ကွ ကွ ကွ ကွ ရောက်ရှိလာသည်





တွင် မေမေရော ကတ္တီပါပါ မျက်လုံးပြူးသွားသည်။

"ဟင် ... သွယ် သွယ်ဝ"

"ဦး သွယ်ဝကြီး"

"ဘာလဲဟ"

"အား ဟား ဟား ... အရူးကြီး"

"အဟင်း ဟင်း ... ဟဲ့ ကောင်မလေး"

"အား ဟား ဟား အရူးကြီး"

"တင် ... ဘာ ဘာပြောတယ်"

သွယ်ဝသည် သူ့ကိုကြည့်ပြီး သားအမိနှစ်ယောက် အူလှိုက်

သည်းလှိုက် ရယ်နေတာကြီးကိုကြည့်ပြီး ...

"ဘာလဲ ဟ"

"ဘာလဲ ဟ"

"ဘာလဲ ဟ"

နှင့် ကြောင်တောင်တောင်ကြီးရပ်နေသည်။

"အောင်မယ်လေး သွယ်ဝရယ်၊ နင်ကလည်း ကိုယ့်အရွယ်

ကြီးနဲ့ ပုဆိုးပဲဝတ်လာပါတော့လား။ ဘောင်းဘီတိုကြီးဝတ်လာရ

အောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ယုတ်တာလေချည်း"

"အရူးကြီး"

"ဟိတ် ကောင်မလေး ... နင်က ရိုက်ရိုင်းလိုက်တာ"

"ရူးလို့ ရူးတယ်ပြောတာ"

"သမီး ... သွား သွား၊ သွယ်ဝကို ထမင်းမစားခင် ကော်ဖီ ဖျော်တိုက်လိုက်"

မမေက ဦးသွယ်ဝ ရှက်မျက်နှာကြီးနှင့် ရှက်ရုန်းရုန်းလာတာကို ပြုံးစိစိကြည့်ပြီး ကဏ္ဍီပါကို သူတို့ရှေ့မှ ထွက်သွားအောင် ကော်ဖီဖျော်ခိုင်းလိုက်သည်။

ဒါကို ကဏ္ဍီပါက နှာလေညှိသွားမြင့် နှာခေါင်းရှုံ့ပြီး ...

"လုံးဝ တော့တာပဲ ဦးသွယ်ဝကြီး"

"ဟော"

"အဟား ဟား ... ရယ်စရာကောင်းလိုက်တာနော်"

"ဘာပြောတယ်"

"တော်ပါတော့ သွယ်ဝရယ်၊ ကလေးနဲ့တူပြီး ပြောမနေပါနဲ့"

"ဒါ ကလေးမဟုတ်သူကွ၊ သူက လူကိုလှောင်ရအောင်း"





ဦးသွယ်ဝ ရှုရှုရှားရှား ထေါ်သထွက်သွားတာကို ကဏ္ဍီပါက အမေ့ကို မျက်စပစ်ပြီး ရယ်ချင်လွန်းသည့် နှုတ်ခမ်းသားလေးကို ကိုက်ကာ မီးဖိုထောင်ရှုကနေ ရှာခနဲ လှည့်ထွက်လာခဲ့ပါတော့သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



ထွယ်ကောဝရာ ဓိတစ်ယောက်တည်း

## အခန်း (၅)

သွယ်ဝသည် ကဗ္ဗီပါရဲ့လုပ်ရပ်တွေကို စိတ်ထဲမှာ မကျေမနပ်ဖြစ်ပြီး အိမ်အပြန်လမ်းမှာ သောင်းကျန်းချင်တာ အိမ်ပြန်ရောက်မှပဲ သောင်းကျန်းခွင့်ရတော့သည်။

'ရှိုး ယား အား ဖုန်း'

"…"

"ရှက်လိုက်တာ ရှက်လိုက်တာ"

"…"

'ယား သွား ခွပ် ခုန်း'



www.burmeseclassic.com

www.burmeseclassic.com



သွယ်ဝ အိမ်က အလုပ်သမားတွေကို ရှက်ရကောင်းမှန်း မသိတော့ဘဲ ရှေ့ပင်ကြီးဝတ်ထားသည့် ပေါင်ကြီးကို ကားပြီး မြင်မြင်သမျှ ပစ္စည်းတွေကို ဝုန်းဒုန်းကျဲ ပေါက်ခွဲလိုက်သည်။

အဲဒီလို သူ အရူးကြီးတစ်ယောက်လို ပေါက်ကွဲနေတာကို အိမ်က အလုပ်သမားတွေက ဧည့်ခန်းဝမှာ လာရပ်ကြည့်သည်အထိ မှောက်ပွဲဖြစ်သွားတော့သည်။

အလုပ်သမား လေးငါးယောက် ဧည့်ခန်းဝမှာ ရပ်လာတော့မှ သူက သတိရသွားပြီး ...

"မင်း ... မင်းတို့က ဖါ ဘာလာလုပ်တာလဲ"

"ရှာ"

"ရှာ"

အလုပ်သမားကောင်လေးတွေ တစ်ယောက်တစ်ပေါက် အံ့ဩသွားတာကို သူက ဖြဲခြောက်လိုက်သည်။

"မင်းတို့ ဖါ ဘာလာလုပ်တာလဲလို့"

"ဆရာ ... ဆရာ ဆေးများ ဆေးများချေသလားလို့"

"ငါက ဆေးချရအောင် ဆေးချတဲ့သူဌေးလား"

"မဟုတ်ပါဘူး"





"အေး ... မဟုတ်ရင် ဘာသူဌေးလဲ ... ပြောစမ်း"

"ဟုတ်"

"ဟုတ်"

တဟုတ်ဟုတ်လုပ်ပြီး သူ့ကိုယ်ခန္ဓာအောက်ပိုင်းကို ကြည့်တာ မြူးစိစိဖြစ်နေကြသည့် ကောင်တွေကို သူဖေါ်သဝကြီး စိုက်ကြည့်ပြီး ကတ္တီပါတိုသားအမိရှေ့မှာ အရှက်ကွဲခဲ့သမျှ ပေါက်ကွဲသွားပါတော့သည်။

"ဟေ့ကောင်တွေ ငါမေးနေတယ်လေ ... ငါ ဘာသူဌေးလဲ လို့"

"ဟို ဟို ... အသက်ကြီးမှ နှာခေါင်းမွတဲ့ သူဌေး"

"ဘာကွ"

"အား ... ဆရာ မဟုတ်ဘူး နှာခေါင်းမှာ ဝက်မြီးပေါက်လို့ ဖွ မွ မွတာလို့"

'ခုမီး'

"သွား သွားစမ်း ... ထွက်သွားကြစမ်း"

သူ့မျက်လုံးတွေ မြဲသွားသည်အထိ ဒေါသထွက်သွားပြီး ထမင်းပွဲပေါ်မှာ တင်ထားသည့် ဖန်ခွက်ကို အုတ်ခုံရုံနှင့် ဝင်ဆောင့်ခွဲချ



www.burmeseclassic.com

လိုက်သည်။

တောက် ... ခွေးသူခိုးတွေ။

ငါ့ကိုများ အသက်ကြီးမှ နာခေါင်းပွတယ် ပြောရအောင်

ဟင်၊ ... ငါ့အသက်က ဘယ်လောက်ရှိသေးလို့လဲ။ အခုမှ အသက်

လေးဆယ်ကို တစ်နှစ်စွန်းရုံ ရှိသေး။

ဟာ ... အသက်ကြီးတာ အပြစ်လား။

အသက်ကြီးရင် မိန်းကလေးတစ်ယောက်ကို မချစ်ရတော့

ဘူးတဲ့လား။

"ဟား ... မဆိုင်လိုက်တာ မဆိုင်လိုက်တာ"

ရင်ထဲက အတွေးတွေက ပါးစပ်မှ ထွက်ကျသွားရလေ

သည်။

"ဟင် ... ဘာ ဘာမဆိုင်တာလဲ ဆရာ"

"ဘာကွ"

သူ မျက်စိမှိတ်ပြီး ဆိုဖာကြီးမှာ ခြေချိတ်ထိုင်လိုက်တုန်း

သူ့အနားက ထွက်လာသည့် ဖျက်ဝိအသံက သူ့ကို ဒေါသတကြီး

မျက်လုံးကြီးဖွင့်ကြည့်လိုက်မိသည်အထိ ဒေါသထွက်သွားသည်။

"ခင်းက ဒီကိုဘာလာလုပ်တာလဲ၊ ငါ မင်းတို့ကို မောင်း





ထုတ်ထားသာ့ယ်လေ၊ ငါ့ဘာသာ လွတ်လွတ်လပ်လပ် ရင်အနာသိ

တာကြီးကို တွေးချင်လို့"

ဖျက်ဝိကတော့ သူ့လက်ရင်းတပည့်မို့ သူ ဘာပြောပြော

ဘာလုပ်လုပ် ခေါင်းငုံ့ခံပြီး သူ့ကို အနွံတာခံသူဖြစ်သည်။

သူကလည်း မတရား မနှိပ်စက်တာကို တပည့်က သိထား

သူ ဖြစ်သည်။

အခုလည်း ကြည့် ...။

သူ ဒေါကြီးမောကြီး မောင်းထုတ်နေတဲ့ကြားက တပည့်

ဖျက်ဝိက နေကျန်ခဲ့ပြီး သူ ရင်ဖွင့်မှာကို စောင့်နားထောင်နေခဲ့သည်။

သူ့ကို စိတ်ဝင်စားသည့် မျက်လုံးတွေနှင့် ကြည့်ပြီး အဓိပ္ပာယ်

ရှိသည့် အသံလေးနှင့် ...

"ဆရာ ... ဆရာ ဒေါသတွေ အရမ်းမထွက်ပါနဲ့ဗျာ"

"ဒေါသထွက်တာ ဘာဖြစ်လဲ"

"ဗျာ"

"ဟာ ... အူကြောင်ကြောင်နဲ့ကွာ၊ ဒေါသထွက်တော့ ဘာ

ဖြစ်လဲ ဖျက်ဝိ"

သူ ဒေါသနှင့် အော်လိုက်တော့မှ ဖျက်ဝိက ကြောင်တွန့်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး သူ့ကို ခါးဝင်းမောင်းတောင်းကြည့်လာသည်။

"ဒေါ်သော့ကျွက်တော့ သွေး သွေးတိုးတာပေါ့ ဆရာရယ်"

"ဘာကွ ... ငိုအရွယ်က သွေးတိုးတဲ့အရွယ်လား"

သူ ဒေါ်သောကြီး ဆော်လိုက်တာကို ဈာင်ဒီက ဖက်ကာလေး ပြုံး ...

"ဆ ဆရာ အသက်ဘယ်လောက်လဲ"

"သုံးဆယ်ကျော်"

"ဗျာ"

"ဘာ ဗျာလဲကွ"

"ကျွန်တော် ကျွန်တော် သိထားတာက လေး လေးဆယ် ကောင် တစ်နှစ်ပြည့်သွားလို့ နှစ်နှစ် ခွန်း ခွန်း"

"ဟိတ်ကောင် ... ငါလည်း လေးဆယ်လို့ ပြောတာပဲ"

"ဟင် ... ခုနက"

"ဟိတ်ကောင် ... ဟား ... စိတ်တွေနှစ်ပြီး ဝိန်ရောဂါကြွ ထဲကျွား မင်းက တစ်မှာင့်"

"မဟုတ်ပါဘူး ဆရာရယ်၊ ကျွန်တော်က ဆရာ အသက် အရွယ်နဲ့ သွေးတိုးပြီး သက်တမ်းတိုမှာ စိုးလို့"





"ဘာ ဘာ"

သူ မျက်လုံးကြီးပြူး မေးလိုက်တော့ ဈာင်ဒီက သူ့ကိုယ် ရှေ့ကို ငြိမ်ကြည့်ပြီး ...

"ဆရာက တော်ယ်လေးရှာ၊ ဝဲ့သူက အသက်လေးဆယ် ကျော်တာနဲ့ သွေးပေါင်ကျခဲ့ သုံး သုံးရတယ်"

"ဟင် ... ဟုတ်လား"

"ဟုတ်တယ် ဆရာ ... ဆရာ မဒီလေးကရော အသက် ဘယ်လောက်ရှိပြီလဲ"

"ငါ့မဒီလေး"

"ဟုတ်ကဲ့"

သူက ဈာင်ဒီကာကာမှာ မျောပါသွားတော့သည်။

"အေးကွာ ... မဒီလေး အသက်က ဆယ့်ရှစ်နှစ်"

"ဗျာ"

ဈာင်ဒီ အံ့ဩသွားတာကို သူ ဒေါ်သမျက်လုံးကြီးနှင့် စိုက် ကြည့်လိုက်တော့ ဈာင်ဒီက သတိထားမိသွားပြီး တဟဲဟဲ ရယ်မိ တော့သည်။

"ဟဲ ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



“မင်းက ဘာရယ်တာလဲ”

“ကြီးလို့”

“ဘာကွ”

“အာ … ဆရာက အသက်ကြီးလို့”

“အေးကွာ … ငါ့အသက်ကို ဆယ်နှစ်လောက် ပြန်ငယ်ပစ်ချင်တာ၊ ဆယ်နှစ်လောက်ဆို အိုကေပဲ၊ သုံးဆယ့်တစ် … ဟင်း ဟင်း”

“ဟင် … ဆရာ ဘာဖြစ်တာလဲ”

“အသည်းယားလို့ပါကွာ၊ အသက် အသက်ကြီးတာကြီးကို ဟင်း၊ သူ့ကကွာ ရုပ်ကလေးကချော၊ နကလည်း နု၊ ငယ်ကလည်း ငယ် မထိရက် မကိုင်ရက်စရာလေးကွ”

“ဗျာ”

“ဩော် … အေး ဟေး ဟေး … မင်း တစ်မျိုးမထင်ပါနဲ့ကွား ငါ သူ့ကိုထိဖို့ ကိုင်ဖို့ နေနေသာသာ ဟင်း … လည်လိုက်တာ လည်လိုက်တာ၊ ဟော့ကောင် ငါ ဒီ ဒူးကျကြီးဝတ်တာ လှရဲ့လား”

“မလှဘူး”

“ဘာကွ”





“အာ … လှ လှတယ်လို့”

“အေး”

“ဩော် … လှတယ်လို့၊ ကောင်မလေးက ပြောသလား … ဟင်လို့”

“ဟာ မင်းဟာကလည်း ငါနဲ့ ဒီဒူးကျကြီးနဲ့ မလိုက်ဘူးလား။ အင်း ကောင်မလေးကတော့ ငါ့ဒူးကျကြီးကိုကြည့်ပြီး အရူးကြီးတဲ့”

“ဟုတ်တာပဲ”

“အေးကွာ … ပြောကြ ပြောကြ၊ မင်းတို့က လူငယ်တွေ၊ ခေတ်နဲ့အညီ ဝတ်တတ်စားတတ်တယ်၊ ငါက ရှေးအဘိုးအို၊ မဝတ်တတ် မစားတတ်ဘူး မဝတ်တတ်ဘူး”

သူ့ရင်ထဲမှာ ဘယ်လိုကြီးခံစားလိုက်ရမှန်းမသိ ရှက်သွားကာ မျက်နှာကြီးကို လက်ဝါးနှင့်အုပ်ချလိုက်သည်။

အဲဒီအချိန်မှာပဲ သူ့ခါးကြားထဲက Hand Phone က တတူတူ မြည်လာတော့သည်။

“ဆရာ … ဖုန်းမြည်နေတယ်”

“ကြားတယ်”

သူက ခါးကြားထဲက Hand Phone ကို ဆတ်ခနဲထုတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရှက်ချင်ယင် ရှုံ့မှုန့်ကာ ထောင်ပြုလိုက်သည်။

"ဟယ်လို"

"ဦးသွယ်ကြီးလား"

"ဟင် ... ဘာ ဘာ မင်းလေး"

သူက ကြားလိုက်ရသည့် အသံလေးကို မယုံနိုင်သလို

ဖြစ်သွားပြီး မျက်လုံးကြီးပြူးကာ ...

"မင်းလေး"

လို့ အော်လိုက်တော့ တစ်ဖက်က "အား" ခနဲ အော်လိုက်

သလို ထပည့်ကလည်း သူ့ ခါးကြီးကို ဖိတ်ဖက်ကာ ...

"မင်းကြီးမင်းလေး ညီနောင်လား ဆရာ"

"မွေးသွေးစွက်"

"ဗျာ"

"သွား သွား ... မင်း ရည်းစားထဲက တွက်တော့ ဒါ ...

မသိလေး ဖုန်း၊ ငါပြောချင်ရာ ပြောတော့မယ်"

"ဆရာ မတော်တရော့တော့ မပြော"

သူ ဖျက်ဝိတ်ကို ရည်းစားအပြင် ဆွဲထုတ်ပြီး ဖုန်းကို နား...

ကပ်နားထောင်လိုက်သည်။





"ဟယ်လို"

"..."

"ဟယ်လို"

"..."

"ကလွှီပါ"

"..."

"ဟား ခုကွယ် ... သွားပါပြီကွာ သွားပါပြီ"

တစ်ဖက်မှ ဖုန်းချသွားပြီးမှ သွယ်ဝရင်ထဲ ဝမ်းမြောက်သွား

...ဆို ထွန့်ထွန့်လူးသွားကာ ရည်းစားဆိုတာရှည်ကြီးပေါ် ပစ်ထိုင်ချ

...လိုက်ပြီး ဟီးခနဲ သက်ပြင်းမောကြီး ချလိုက်မိတော့သည်။

သက်ပြင်းချရင်းနှင့် ပါးစပ်မှလည်း ပြောမိပြောရာ ပြောလိုက်

...မိတော့သည်။

"အား ... ဒါလေးကလည်း ညတ်မှားလိုက်တာ၊ ငါက

...တည်း ညတ်နည်းလိုက်တာ"

ဟင်း ... ငါညတ်နည်းလွန်းလို့ အသက်လေးဆယ်ကျော်

... ဆယ်ကျော်သက်ကလေးကို ချစ်မိတာ ချစ်မိတာ။

ချစ်မိတဲ့အသည်းကွဲ။



www.burmeseclassic.com

www.burmeseclassic.com



အား . . . သေပြီ မကွဲဘူး၊ မင်းကို ငါသိပ်ချစ်တယ် ကတ္တီ
ရယ်၊ မင်း မင်း ငါ့ကို လက်ခံပေးပါ . . . နော် နော် ကတ္တီပါ''

❁ ❁ ❁

## အခန်း (၈)

''ဟင် . . . လာ လာပြန်ပြီ ဖိုးလူကြီး''

ကတ္တီပါ အသံထွက်ရေရွတ်ပြီး ခြံထဲကို မောင်းဝင်လာသည့်
ဦးသွယ်ဝရဲ့ PRADO အဖြူကြီးကိုကြည့်ပြီး စိတ်မောလှမော ဖြစ်
သွားရသည်။

ကြည့်စမ်း . . . ဒီလူကြီး ပြန်သွားတာ တစ်ပတ်တောင်မပြည့်
သေး။ နောက်တစ်ခေါက် ပြန်လာသည်ဆိုတော့ ရှုံးများရှုံးနေသည်
လားမသိ။

သေချာသည်၊ ဒီလူကြီး ရှုံးနေတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလူကြီး အရွှေပဲဟာ အထှာရွး (စိတ်ပျက်ဖို့ကောင်းပါတယ်၊ အသက်လေးဆယ်ကျော်မှ နာခေါင်းပွတာ၊ အား . . . ရွှးချင်ပါရဲ့)

ကတ္တီပါ တကယ်ရွှးချင်ပါသည်။

ကတ္တီပါသည် ဦးသွယ်ဝကြီး ဦးတည်နေသည့်လမ်းကြောင်းကို သိထားပြီးပြီမို့ ရင်ထဲမှာ မွန်းကျပ်သွားရသည်။

ရင်ထဲမှာ မွန်းကျပ်သလို ရှက်လည်းရှက်မိသည်။

"အား . . . ငါရွှးချင်ပါတယ်၊ ဘယ်ရွေးရွေစက်ကြောင့် ဒီအသက်လေးဆယ်ကျော်အဘိုးကြီး၊ အချစ်ကို ခံရတာလဲ မသိဘူး ဟီး ဟီး . . . သေသာပစ်ချင်တယ်"

ကတ္တီပါ စိတ်ထဲကနေ ရှက်ရှက်နှင့် အော်ငိုပစ်လိုက်သည်။

အဲဒီအချိန်မှာပဲ . . .

'တီ တီ တီ'

"..."

'တီ တီ တီ'

"..."

'တီ တီ တီ'

"ဟား . . . ဒုက္ခပါပဲ၊ မေမေကလည်း အခုထိ ပြန်မလာသေးဘူး၊ ငါ . . . ငါ တစ်ယောက်တည်း"

"ဒီလူကြီးကို အိမ်ပေါ်ခေါ်လို့ မဖြစ်ဘူး"

ကတ္တီပါ မီးဖိုဆောင်ထဲမှာ တစ်ယောက်တည်း ကတုန်ကယင်ကြီး ဖြစ်ကာ အစဉ်းစားကျပ်နေတုန်းမှာပဲ အိမ်ပေါ်သို့ တက်လာသည့် ခြေသံကြမ်းကြမ်းနှင့်အတူ . . .

"ယုရေ"

"..."

"အိမ်သားတွေ"

"..."

"ကတ္တီပါ"

ဟာ . . . အသံပြုကြီးနှင့် ဟစ်နေတာ ပတ်ဝန်းကျင်ကြားသွားမှဖြင့် ဒုက္ခ၊ တကယ့်ဒုက္ခ။

ကတ္တီပါ ဘာမှ စဉ်းစားမနေတော့ဘဲ မီးဖိုထဲကနေ မပြေးရုံတမယ် ခြေလှမ်းတွေနှင့် လှမ်းထွက်ခဲ့သည်။

ဧည့်ခန်းထဲကို ကတ္တီပါရောက်တော့ ဦးသွယ်ဝကြီးက ကတ္တီပါကို မျက်လုံးတောက်တောက်တွေနှင့်စိုက်ကြည့်ပြီး . . .

"ကတ္တီပါ . . . ကလေး"







www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တယ်"

"အား ... ညည်း ညည်း ဒီ ဒီအဝတ်အစားတွေလည်း ဝတ်တာပဲလား"

လက်တစ်လုံး လည်ပင်းကိုက် ဂါဝန်အနီပြောက်ကလေး ဝတ်ထားသည့် ကတ္တီပါကို လက်ညှိုးထိုးပြီး အရူးကြီးလို မေးလာသည့် ဦးသွယ်ဝကို ကတ္တီပါက မျက်စောင်းထိုးကြည့်လိုက်သည်။

ပြီးတော့ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်ငုံ့ကြည့်လိုက်သည်။

"ဘာဖြစ်လဲ ... ဒီ ဒီအဝတ်အစားတွေ ဝတ်တာ"

"ဩော် ... ပေါ့ ပေါ်လို့ပါ"

"ဘာ"

"မဟုတ်ဘူး ... ပေါ် ပေါ်လွင်တာ ပေါ်လွင်တာ"

"ရှင် အူကြောင်ကြောင် လုပ်မနေနဲ့ ရှင်သာ အသက်အရွယ်နဲ့ မလျော်အောင် ကိုယ်ခန္ဓာ ဝဖိုင့်ဖိုင့်ကြီးကို ဒူးကျုံ့ထားတာ ရှက်စရာ"

"ဟမ် ... ငါ မဝတ်တော့ပါဘူး. အခု ပုဆိုးပဲ မင်းအကြိုက် မင်းအကြိုက်"

"ဦးသွယ်ဝ"

ကတ္တီပါ တအားအော်လိုက်တာကို သူက နားနှစ်ဖက်ပိတ်ပြီး





မျက်စိနှစ်လုံး မှိတ်ချလိုက်သည်။

အဲဒီအချိန်မှာပဲ အိမ်ပေါ်ကိုတက်လာသည့် ခြေသံနှင့်အတူ။

"ဟယ် သွယ်ဝ ရောက်နေတယ်၊ ထင်သားပဲ၊ အိမ်ရှေ့မှာ ...ဆိုင်ကယ်ထိုးထားကတည်းက သွယ်ဝတော့ လာပြန်ပြီလို့"

"ဘာ ... နင် ဘာစကားပြောတယ် ယု"

"ဩော် ... တစ်ကျော့ တစ်ကျော့ပြန်လာတယ်လို့ပါ သွယ် ...ယ်၊ ဟဲ့ သမီး ... ဦးကို အဒေါ်လေး ဘာလေး ညွှန်ပြလိုက်ဦး ...ာ"

"နင့်သမီးက ငါ့ကို ရန်စကားနဲ့ ညွှန်ခံနေတာ"

"ဟယ် ... အေး အေး ကတ္တီပါ"

ကတ္တီပါက မေမေနှင့်ဦးသွယ်ဝကို ကျောခိုင်းပြီး ညှို့မှိန်းထဲ ...ချာခနဲလှည့်ထွက်လိုက်သည်။

အဲဒီလို လှည့်ထွက်လိုက်သည့်ခဏမှာ ကြားလိုက်ရသည့် ...အသံက ကတ္တီပါနားထဲကို ခါးသက်စွာ ရိုက်ဝင်သွားသည်။

"ခက်တယ်သွယ်ဝရယ်၊ ငါလည်း ဒီသမီးလေးတစ်ယောက် ...ည်း မွေးထားရတာ ရင်ပူတယ်။ သူက စိတ်ကြွတ်တယ်၊ ယောကျ်ား ...ယောက်လိုပဲ ဂျစ်တီးဂျစ်ကန်နဲ့၊ ရပ်ကွက်ထဲမှာ ယောကျ်ားတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



အပြိုင်ရန်ဖြစ်တတ်တယ်"

"အေး ... ဟုတ်တယ် ဟုတ်တယ်"

"ဟင် ... နင်က သမီးရန်ဖြစ်တာကို တွေ့ဖူးလို့လား"

"တစ်ခါပဲ"

"ဟင် ... ဘယ်တုန်းကလဲ"

"ဟာ ... စောစောက ငါ့ကို ငါ့ကိုရန်တွေ့တာကို ပြောတာပဲ"

ဦးဘွယ်ဝိက မှားသွားသည့် သူ့စကားကို လျှင်မြန်စွာပြင်ရင်း စကားဆက်လိုက်သည်

"ဒီလောက်ဆိုးနေတဲ့ နင့်သမီးကို နင်လည်း အထိန်းအသိမ်း ပျော့သွားအောင် ယောက်ျားသာ ပေးစားလိုက်"

"အေး ... ဒါလည်း စဉ်းစားထားတယ်"

"အေး ... ဒါလည်း တွေးမိတယ်။ ကလေးအရွယ်ဆိုတော့ လူကြီးရဲ့ သင့်တော်တာ"

ကြားနေရသည့် စကားတွေက ကတ္တီပါကို ရှဉ့်ခနီးသလို ဒေါသတကြီး လှည့်ဝင်လိုက်မိသည်အထိ ပေါက်ကွဲသွားတော့သည်။

ကတ္တီပါ ဒေါသထွက်လွန်းလို့ မျက်လုံးဝိုင်းဝိုင်းလေးတွေ





မြူးထွက်ကာ ဦးဘွယ်ဝိကို လက်ညှိုးထိုးပြီး နှင်ထုတ်လိုက်သည်။

"ဦးဘွယ်ဝိ ... ရှင် ပြန် ပြန်တော့"

"ဟဲ့ သမီး"

"ပြန် ... ပြန်ဆို ပြန်။ လူကြီးဖြစ်ပြီး စကားပြောတာ ရှက်တည်းမရှက်၊ အသက်ကကြီး အတိုကြီးဖြစ်နေပြီ အခုထိ မိန်းမထိုးချင်တုန်း"

"ဟာ ... ငါ့ ငါ့အသက်က ဘာဖြစ်သေးလို့လဲ"

"ခေါင်းဖြူဖွယ်ကျိုးဖြစ်နေပြီလေ။ ဟင်း ဟင်း ... ရှက်တည်း မရှက်။ မုတ်ဆိတ်တောင်ဖြူနေပြီ ခေါင်းကတော့ ထည့်မပြောတော့ဘူး"

"ဟာ ကတ္တီပါ ... ဒါတော့ မင်းလွန်ပြီ လွန်ပြီ ကိုယ်ဘယ်မှာ ခေါင်းဖြူလို့လဲ"

"ဖြူဖြူ မဖြူဖြူ ရှင်ကို သောက်ရေးမနိုက်ဘူး သွား ... ထွက်သွား သွား"

ကတ္တီပါက စားပွဲပေါ်က ခရွက်တွေနှင့် ဦးဘွယ်ဝိမျက်နှာကြီးကို လက်ဖုန်းတည့်တည့် ပစ်ထည့်လိုက်သည်။

"သမီး"



www.burmeseclassic.com

www.burmeseclassic.com



"..."

"ကတ္တီပါ"

"အား ...သွား သွား ... မလာနဲ့ ငါ့အိမ်ကို နောက်ဘယ်တော့မှ မလာနဲ့ မလာနဲ့"

"ဟဲ့ သမီး ... ရိုင်းလိုက်တာ ... ဟင်"

မေမေ့အသံက နိုင်ကုန်မြင့်တက်သွားသည်တွင် ကတ္တီပါဘာမှ စဉ်းစားမနေတော့ဘဲ စိတ်ကြီးလို့ တက်သွားသလို တက်ချင်ဟန်ဆောင်လိုက်ပါတော့သည်။

❁ ❁ ❁

## အခန်း (၇)

ဒီရက်အတွင်းမှာ သူ ကုမ္ပဏီထိုင်ရတာ စိတ်ထဲမှာ နောက်ဆန်ငင်နေရသည်။

ပြီးတော့ ရင်ထဲမှာ ဘယ်လိုကြီးမှန်းကိုမသိ။

ဟင်း ... အသက်ကြီးခါမှ သူလည်း အချစ်ရူးနေသူ တစ်ယောက်လို တစ်လကျော်ကျော် ဝေးကွာသွားသည့် ကတ္တီပါကို တွေ့ချင်မြင်ချင် စကားပြောချင်စိတ်တွေနှင့် သူ ကုမ္ပဏီအလုပ်ကို စိတ်ပါဝင်စားလို့ မရတော့ဘဲ ကတ္တီပါဆီ ဖုန်းဆက်လိုက်သည်။

သူမ ဖုန်းမကိုင်လျှင်တော့ သူကတော့ ကိုင်အောင်နည်းကို



www.burmeseclassic.com

www.burmeseclassic.com



သုံးရမည်ဖြစ်သည်။

သူမရဲ့အားနည်းချက်ကို သိထားသည့်သူက ဒါကိုပဲ လက် ရှိလား”

ကိုင်တုတ်လုပ်ဖို့ ဆုံးဖြတ်ချက်ဖြင့် သူမတို့အိမ်က ဖုန်းနံပါတ်ကို နှိပ်

လိုက်တော့ တစ်ဖက်မှ ဖုန်းကိုင်အသံပြုသံက သူ့အတွက် ရင်ခုန်

ကဗျာတစ်ပုဒ် ဖြစ်သွားတော့သည်။

“ဟယ်လို”

ဆိုသည့် အသံချိုချိုလေးက သူ့နလုံးသားထဲကို ဆွဲခါလှုပ်

လိုက်သလို သူ ရင်ခုန်မြူးကြွသွားသည့် ခံစားချက်တွေနှင့် သူမကို

အနွေးထွေးဆုံးအသံဖြင့် နှုတ်ဆက်လိုက်သည်။

“ဟယ်လို … ဂွတ်ဒ်တမောနင်း ကတ္တီပါ”

“အမ် … ဘာ”

“ကလေး … ကိုယ်ပါ … ကိုယ် သွယ်ဝလေ”

“ဟှဲ ဟှဲ သွယ်ဝ … ငါ ငါပါဟှဲ၊ နင်ကလည်းဟယ် အ

မှပဲ ဖုန်းဆက်ဖော်ရတော့တယ်”

“အင်း … ငါလည်း နှင့်သမီးအပြောတွေကို တော်တော်

နာသွားတာ”

“ဟှဲ … နင် အိမ်ကို မလာဘူးလား”





“လာချင်တာ၊ နင့်သမီးကို ငါဖုန်းဆက်တာ … နင့်သမီး

“ရှိတယ် … အိပ်ရာကတောင် မထသေးဘူး”

“ဟာ … ဆယ်နာရီကျော်နေပြီ အခုထိအိပ်တုန်း”

“အေး”

“နင် ကြပ်ကြပ်အလိုလိုက်၊ အေး အေး … ငါ နင့်သမီးကို

တားပြောချင်တာ၊ နင် ဟဲ ဟဲ … ငါပြောရတာလည်း အားနာပါ

ဘယ်”

“အင်း အင်း”

“ပြော် … ယု ဟိုလေ … ငါ ဖုန်းဆက်တာကို သူ

ကိုင်ဘူး ဆိုရင်လေ”

“အေး … ဘာပြောရမလဲ”

“ငါ့ဖုန်းကို သူ မကိုင်ရင် ငါ ဟိုဟာစွကို ပြောမှာလို့”

“ဘယ်ဟာစွလဲ”

“နင် မသိပါဘူးဟာ”

“သွယ်ဝ … နင် နင် ငါ့သမီးကို ငါ့သမီးကို”

“ဟာ … မဟုတ်ဘူး၊ မဟုတ်ဘူး။ အဲဒီဟာစွ ငါ့ဝ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး"

"ဒီဆို ဘာကိစ္စလဲ"

"ဒါက ပြောပြမယ်"

"ငြိမ်းချော ငြိမ်းချော ငါ သမီးကို သွားနှိုးပေးရမှာလည်
ခပ်ရှက်ရှက်ပဲ။ နင်လည်း ငယ်ငယ်တုန်းက ရှိုးသားပါတယ်။ lm
cent ကလေး အခု ကြီးမှ ဘယ်လိုဖြစ်တာလဲ"

"နင့်သမီးနဲ့ တွေ့လို့"

"တော်ပြီ တော်ပြီ သွယ်စံ ... နင်ဘာသာ ကြီးမှ ငက်
ပေါက်ရှင် ဝက်သက်ပေါက်ရှင်တယ် မပြောနဲ့"

"အပေား ပေား"

သူ ရှက်ရှက်နှင့် ရယ်လိုက်တာကို ယုကလည်း နာ
သွားသည်ထင်သည်။

ဘာစကားမှ မပြောတော့ဘဲ ဖုန်းချက်ချသွားပြီး သူ
အခန်းဆီကို လှည့်ထွက်သွားပြီဖြစ်သည်။

✿





ဟိုကိစ္စကို ပြောမှာဆိုသည့် စကားတစ်ခွန်းနှင့် ကတ္တီပါမှန်း
သည့် လှကြီးဖုန်းကို ဆောင့်ကြီးဖော်ဖို့ကြီး ကိုင်လိုက်ရသည်။

ဆောင့်ကြီးဖောင့်ကြီးကိုငြိမ်း၊ဆောင့်ဆောင့်ဆောင့်ဆောင့်
အသံကြွင့်ပယ် ဖုန်းထူးလိုက်သည်။

"ဟယ်လို"

"အား ... အသံကလည်း ပျံလိုက်တာ"

"ဘာပြောတယ်"

"လေနဲ့ ပျံနေတာပဲလို့"

"ဘာ"

"ဟိတ် ... မင်း မရိုက်ရှိုင်းနဲ့"

"ဒီမှာ ရှင်က ဘာကိစ္စ ကျွန်မဆီကို ဖုန်းဆက်ရတာလဲ"

"ချစ်လို့"

"ဘာ"

"မင်း ရိုင်းတယ် သိဝိရိုင်းတယ်။ ကိုယ့်ထက်အသက်ကြီး
တဲ့ လူကို ဒီလို ဆက်ဆံရသလား"

"အသက်ကြီးပြီး နားထူးကျွတဲ့လူကို ဒီထက်ပြင်းတဲ့စကားလုံး



www.burmeseclassic.com

www.burmeseclassic.com



တွေ ပြောသင့်တာ"

"ဟော့ . . . မင်း မင်း"

တစ်ဖက်မှ ဦးသွယ်ဝ ဒေါသတကြီး ရှူးရှူးရှားရှား ပေါက်ကွဲသွားတာကို ကတ္တီပါက နှုတ်ခမ်းမဲ့ပြုံးလိုက်ပြီး ခပ်ပြတ်ပြတ် ပြောပစ်လိုက်သည်။

"နောက်နောင် ကျွန်မဆီကို ဖုန်းမဆက်ပါနဲ့"

"ဒါဆို လူချင်းတွေ့ခွင့်ပေး"

"ဘာပြောတယ်"

"ဟော့ . . . ငါက မင်းအမေနဲ့ အသက်အတူတူနော်"

"သိတယ် သိတယ်၊ အဘိုးကြီးဖြစ်ပြီး အရှက်မရှိ နှာခေါင်းစကားပြောနေလို့ ဟင်း မျက်နှာချင်းဆိုင်သာဆို ရှင် ဒီလောက်ပွတဲ့ နှာခေါင်း မလွယ်ဘူးမှတ်"

"ဟင် . . . မင်း မင်းက ကိုယ့်နှာခေါင်းကို ဘာ ဘာလုပ်မှာလဲ"

"လှန်ချိုးမှာ"

"အား . . . လိမ်တော့မဆွဲလိုက်ပါနဲ့ကွာ၊ ကိုယ်က လိမ်ခွဲတယ်ဆို ဖှတ်သေး၊ ကိုယ်က ယောကျ်ားလေး၊ မင်းက်မိန်းမ . . .





ကျော်ဘူးလား ကလေး"

"ဦးသွယ်ဝ"

"ဟော"

"ရှင် ရှင် အပေါ်စာတင်ခင်းမနေနဲ့၊ ဒီမှာ . . . ရှင် ကျွန်မ
ယောကျ်ားသုံးယောက်နဲ့ ရန်ဖြစ်တဲ့ကိစ္စကို မေမေ့ကို ပြန်ပြောရင်
ကျွန်မ လုံးဝ စကားမပြောတော့ဘူး။ ပြီးတော့ အဲဒါကို လက်
တုတ်လုပ်ပြီး ကျွန်မကို ရိုက်ရင်လည်း ရှင့်ကို ကျွန်မ လက်မခံ
ဘူး"

"ကိုင်း မပြောပါဘူး . . . ဒါဆို မင်းက လက်ခံတယ်ပေါ့"

"အင်း"

"Promise နော်"

"အေး . . . Promise ပါလို့"

သူမက ခပ်နွဲ့နွဲ့အသံဖြင့် ပြောလိုက်တော့ လူကြီးက အချစ်
နှသွားသည်ထင်သည်။

ဖုန်းထဲကနေ 'မွတ်' ခနဲ စုပ်သံကြားလိုက်ရပြီး . . .

"ကတ္တီပါ ဉူ"

"ဟာ . . . ဘာလဲ ကတ္တီပါနုနုပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဦးဦး မဟုတ်ဘူးလား"

"မဟုတ်ဘူး"

"တူတူပါပဲကွာ ... နတောနဲ့ ဥတောနဲ့"

"ဦးသွယ်ဝကြီး ဘာဖြစ်နေတာလဲ"

"ကလေးကို ချစ်တဲ့နှလုံးသားက ရေစိမ်လိုက်သလို နူပြ

ပျော့ ပျော့"

"အဟား ဟား ဟား ... ရယ်စရာကောင်းလိုက်တာ

ဦးသွယ်ဝကြီးနဲ့စကားပြောရတာ အရမ်းရယ်ဖို့ ကောင်းတာပဲ"

"အဲဒါဆို ကိုယ်နဲ့ အချိန်မရွေး စကားပြောပေါ့"

"အဟင်း ... ပြောမယ် ရှင်က အချိန်ရလား"

"မရဘူး။ အခုတောင် ကုမ္ပဏီက ဖုန်းဆက်ရတာ၊ ညည

အိပ်ရာက မထသေးဘူးဆို အိပ်ပုပ်ကြီးလိုက်တာ၊ ညည်းအိပ်ပုပ်

ပုံမျိုးနဲ့ ယောကျာ်းရရင် မလွယ်ဘူး"

"ဘာဖြစ်တယ်"

"အာ ဒီလိုပါ ... တခြား တခြားမတွေးပါနဲ့"

"ဟင်း ဟီး ... အနားမှာသာရှိရင် ကိုက်ခွဲပစ်လိုက်တ

"ဘယ်ကိုလဲ"





"သေခြင်း ... အား ဟင်း ... သေခါနီးနေပြီနော်၊

တားပြောတာ ဆင်ခြင်ပြော"

"အဟွန်း ဟွန်း ... ကလေးလေးကလည်း"

"သေချင်ပြီထင်တယ်"

"အဲဒီ ကျိန်ဆဲပုံလေးကိုက ချစ်ဖို့ကောင်းတာ"

"ဟင် ... ရှင် ရှင် လူကြီးဖြစ်ပြီး နာခေါင်းပွလိုက်တာ"

"ကြီးလို့ပွစာပေါ့ကွ"

"မွ မွ ... ရှင့်ကို မေမေနဲ့တည်ပေးမယ်၊ ရှင့်ကို ကျွန်မ

မေမေနဲ့ အရမ်းသဘောတူ"

"အား ... ခွေးသူခိုးမလေး"

"မေမေက ရှင့်ကိုချစ်နေတာ၊ ကျွန်မက သဘောမတူဘူး

ဘာညာပြောထားလို့ မေမေ့နှလုံးသားတွေ မီးလောင်နေရတာ၊ ဦး

သွယ်ဝကြီးကလည်း ဒီရက်အတွင်း မေမေ့ဆီကို မလာတော့၊ မေမေ

ချော မျှော်"

"ဟဲ့ ... ကောင်မလေး"

တစ်ဖက်မှ ဦးသွယ်ဝကြီးအော်သံကို ကတ္တီပါက မိန့်မိန့်

လေးပြုံးရင်း ဖုန်းချဖို့ စဉ်းစားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် ... ဒီမှာ"

ကျွန်မ ဖုန်းချမလို့ စိတ်ကူးမိမှ တစ်ဖက်မှ သူ့အသံ

ကျွန်မရင်ကို နွေးနွေးလေး ခုန်မြူသွားစေသည်။

ကျွန်မရင်ထဲမှာ ဘာကြောင့်မှန်းမသိ၊ ဝီလျှကြီးနဲ့စကားပြော

ရတာ ရင်ခုန်သလို ကျေလည်ကျေနပ်မိပါသည်။

"ဟိတ်"

"ဘာလဲ"

"ဖုန်းမချနဲ့ဦး"

"..."

"ဒီမှာ မင်းတို့သားအမိကို ဦးဇီမီမှာ ထမင်းဖိတ်ကျွေးချင်

တယ်"

"မေမေ့ကိုလား"

"နှင်းပေါက်ရော့ကိုပေါ့ကွ"

"မစားဘူးဆိုရင်ရော"

"မစားဘူးဆိုရင် ငါက မင်းအမေကို မင်း ပေါက်ကွဲ

ပေါက်နဲ့ ကားတင်ခံရတဲ့အကြောင်း အထုတ်ဖြည်မှာပဲ"

"ရှင်"





"ကြာတယ်ပေါ့ ထား ... နောက်ပြီး မင်း ဖိုက မင်းမေမေ

နဲ့ ထမင်းကြောင်းလွဲစရာမလိုဘူး။ ငါ ဦးဇီဇာ်တာ မင်း ငါလိုချင်တာ

မင်း ငါတွယ်တာတာ မင်း"

"တော်တော့"

"မတော်ဘူး"

"ရှင် ရှင်"

ကျွန်မအသံတွေ တုန်ခါသွားသည်အထိ ရက်ကြောက်ကာ

စိတ်တွေ အရမ်းလှုပ်ရှားသွားရပါသည်။

အဲ့ဒီအချိန်မှာ သူက တောင်းနိုင်သူ့ အသံကြည်ကြည်ကြီးနှင့်

စကားဆက်လိုက်သည်မှာ ...

"ငါ မနက်ဖြန်ညနေ မင်းတို့သားအမိကို Dinner ကျွေးမယ်

ဒီ ကားနဲ့လာခေါ်မယ်"

"မလိုက်ဘူး မစားဘူး"

"အဲ့ဒီလိုပြောရင်တော့ မြင်လေး မင်းကို မင်းအမေ တစ်ခါတည်း

ပေါက်ကွဲအောင်ခံပြောပြဲကြတဲ့ဟာ ပြောက်သွားမယ်၊ ပေးစားမယ်

ပေါက်ကွဲကာတော့ ဘယ်သူလဲဆိုတာကို မင်းသေတာပေါ်မှာ

ထင်မိတယ် ... ဟင်း ဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com

"ကျွတ် ... အဲဒါကောလဲ"

"..."

"မသောက်ဖူးသေးဘူးလဲ"

"မော ... ဘာ့ ဘာ"

"အဟင်း ... ဒါကြောင့် မိန်းမ မရတာ မိန်းမတောင် မိန်းမလျှာကြီး"

"အေး ပြောထားနော် ... နောက်မှ နောင်တမရနဲ့"

"ဘယ်တော့မှ မရဘူး"

ကဗျာ့ပီပါ ရှက်သွေးလို့ လက်ထဲက ကိုင်ထားသည့် ဖုန်းကို ပစ်ချလိုက်ပြီး တဆတ်ဆတ်တုန်နေသည့် နှုတ်ခမ်းသားလေးကို မိုက်ကြိုက်ကာ ဝိုချင်သည့်စိတ်တွေကို ရင်ခုန်ရုံနှင့် ထိန်းချုပ်လိုက်ရတော့သည်။

❀ ❀ ❀

## အခန်း (၈)

ဦးသွယ်ဝဏ္ဏ အကျပ်ကိုင်မှုတွေကြောင့် ကဗျာ့ပီပါနှင့်ဆုံမေး သူတို့ အိမ်ကို ရောက်ရှိလာချိန်မှာ ဦးသွယ်ဝဏ္ဏ၏ ကိုယ်ကိုယ်တက်ချမ်းသာကြွယ်ဝ ခြင်းကို အံ့မခန်းဖြစ်သွားရသည်။

ဒီလောက်အထိ ချမ်းသာလွန်းသည့် ဦးသွယ်ဝဏ္ဏတို့အိမ်ထဲ ကို မမေး လှည့်ပတ်ကြည့်ရင်း ...

"သွယ်ဝဏ္ဏ ... နင် ဒီလောက်ချမ်းသာတာ ငါ့ကြွင် အံ့ဩ ဆိုတွေး နင် မှောင်ခိုလုပ်လို့ ဒီလောက်ကြီးအထိ ချမ်းသာသွား တာလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟ"

"မဟုတ်ဘူးလား"

"ဟုတ်တယ်"

"ဟယ် . . . တကယ်"

ကတ္တီပါ ဖဲ့ကြွသွားတာကို သူက ချစ်စနိုးနှင့် မျက်စချီပြီး မေးကြီးပင့်ကာ ခေါင်းညိတ်လိုက်သည်။

"ဒါဆို ဦးသွယ်ဝကြီးက လူလည်ကြီးပေါ့"

"ဒါပေါ့"

"ဟယ် သွယ်ဝရယ် . . . နင်ကလည်း ငါ့တို့သားအမိကို စ,စရာမရှိ ကြံဖန်စတာ၊ သမီးလန့်နေပါဦးမယ်"

"နင့်သမီးက ငါ့ကို နဂိုကတည်းက လန့်ပြီးသား"

"ဟင် . . . ဘာဖြစ်လို့"

"ဟိုဟာ ဟိုဟာဖြစ်လို့"

"ဘာ"

"ဦးသွယ်ဝ . . . မေမေ ရှင်တို့အိမ်ကြီး နန်းတော်တမျှ ကြီး ကျယ်ခမ်းနားတာကို အားကျနေတာ"

"အားကျရင် နေရမယ်လေ ယုရဲ့"





"အဟင်း ဟင်း . . . သူဌေးကြီးကလည်း စွတ်ရွတ်သဘော ကောင်းနေလိုက်တာ၊ ဘာရည်ရွယ်ချက်နဲ့လဲ"

"ဟွန်း ဟွန်း . . . နင်ကလည်း သိရဲ့သားနဲ့ . . . ငါ နင့်ကို တောင်းတားတာလေ"

"ဟင်"

ကတ္တီပါမျက်လုံးတွေ ဖဲ့ကြွလွန်းလို့ ပိုပြီး ပြူးကျယ်ဝိုင်းစက် သွားသည်။

"ပေါ်ပြီ ပေါ်ပြီ . . . အဲဒါဆို ဒီက သမီးလေးကလည်း ဒီလိုမျိုး တိုက်အကြီးကြီးနဲ့ ပြိမ့်ရပြီပေါ့"

"ဟာ ဘာလဲ . . . နင် ဘယ်လိုထင်လို့လဲ . . . ငါက နင့် ကို"

ဦးသွယ်ဝကြီးမျက်လုံးပြူးပြောတာကို မေမေက တအိအိ ရယ်ပြီး . . .

"သွယ်ဝရယ် ပြောမနေစမ်းနဲ့"

"ဟင်း . . . သူက ငါများ ဘာအောင့်မေ့နေသလဲ၊ ဒါတ လူပျိုကြီးကွ၊ လူပျိုကြီးဆိုတာ သိတယ်မို့လား အနုဆုံး အထမ်း အငယ်ဆုံးလေးကိုမှ ချစ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဟိုစကားပုံလို့ပေါ့"

"ဘယ်စကားပုံလဲ"

"နွားအို မြက်နုကြိုက်"

"အေး … ဟုတ်တယ် ဟုတ်တယ်၊ အာ ဟီး ဟီး … ဟုတ်ဘူး ဟုတ်ဘူး"

"အောင်မယ်လေး သွယ်ဝရယ် … နင်ကလည်း ပေါလိုက်တာ၊ အဲဒါကြောင့်မို့ နင် အခုအရွယ်အထိ မစွံတာ"

"ဟမ် … ဘာ"

"ဘာမှမနေနဲ့ … လာ လာ … နင့်အိမ်ကို အနံ့လိုက်ပြဦး။ နင့်အိမ်ကို လျှောက်ရတာ ခြေထောက်တောင်ညောင်းတယ်"

"အေး … လာ ကဏ္ဍီပါ"

ဦးသွယ်ဝက ကဏ္ဍီပါလက်ကို ဆတ်ခနဲ ဖမ်းဆုပ်ကိုင်လိုက်သဖြင့် ကဏ္ဍီပါ အလန့်တကြား ထအော်လိုက်သည်။

"အား … ဒါ ဒါ ဘာလုပ်တာလဲ"

"ဘာမှမလုပ်"

"ဘာ"

"ဟေး ဟေး"





"ဟင်း … အပေါလိုလို အရူးလိုလိုနဲ့"

ကဏ္ဍီပါ မေမေ့ရှေ့မှာ ရှက်လွန်းလို့ မျက်နှာရဲရဲလေးနှင့် ရန်တွေ့လိုက်တော့ ဦးသွယ်ဝနှင့် မေမေက မသိချင်ယောင် ဆောင်ပြီး ကဏ္ဍီပါ အရှေ့ကနေ စကားတပြောပြောနှင့် လှည့်ထွက်သွားပါတော့သည်။

"ငါ ဒီသုမင်္ဂလာကို ပြောင်းလာတာ အခုမှ နှစ်နှစ်ရှိသေးတယ်"

"ဟုတ်လား … နဂိုတုန်းက ဘယ်မှာနေတာလဲ"

"ရန်ကုန်ပြန်ရောက်လာတာ ငါးနှစ်လောက်ရှိပြီ ငါ ဂျပန်မှာ ဆယ့်ငါးနှစ်ကြာတယ်"

"ဟယ် … ဂျပန်မှာ အကြာကြီးနေပြီး နင် ဂျပန်က မြန်မာမိန်းကလေးတွေ မတွေ့ဘူးလား"

"အဲဒီတုန်းကတော့ ငါ့ရင်ဘတ်က မတောင့်တသေးဘူး"

"ဟဲ့ … ဘာလဲ"

"ဩော် … အချစ် အချစ် … ဟွန်း ဟွန်း"

"သေနာ … နင်ဟာလေ သိပ်ပေါတယ်၊ ဒါကြောင့် သမီးက မကြည်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်တော် နှင်းနှာရှုပေါ့"

"ရလိမ့်မယ် အားကြီးကြီး ... နှင်းအစွမ်းအစရှိရင် ကြိုးစားပေါ့"

"အေး ... ကြိုးစားမယ်၊ နှင်း ရှေ့ကနေ ကာဆီးကာဆီး မလုပ်နဲ့"

"ဟင်း"

မေမေတစ်ယောက် ဦးသွယ်ဝရဲ့ တိုက်ကြီးကိုကြည့်ပြီး ညည်းငြီးရှာ ရှုသွားပြီလားမသိ။ သူ့ငယ်ချင်းကို။

ကတ္တီပါနှင့် သဘောတူနေတာ ထင်ထင်ပေါ်ပေါ်ကြီးမို့ ကတ္တီပါသာ နှစ်ယောက်တစ်ယောက်ဖြစ်ခဲ့ပြီး အရှက်ရခဲ့ရသလို စိတ်ထိုက်ပွဲမှာ ကတ္တီပါပဲ အနိုင်ပေးခဲ့ရလိမ့်မည် ထင်ပါသည်။

ကတ္တီပါ ရှုံးရင်တော့ ...။

အား ... သေပြီ။





အား ... ရင်ခုန်လိုက်တာကွာ။

မြန်တွေးရင်း ဘယ်လိုရင်ခုန်ရန်လို့ ကောင်းမှန်းမသိ။

"တကယ်ပဲ"

မင်းဝတ်ထားတဲ့ အဝတ်အစားတွေပိုင်လဲလေးတွေက အရမ်း [illegible]ဆတ်ဆိတ်လှပြီး မင်းနဲ့လိုက်ဖက်လှန်းလို့ (မျိုးရိုးတိလည်ပတ်ကလေး [illegible]တွေ ဝတ်ထားတာကိုကြည့်ပြီး) ကိုယ် မင်းကို မင်းမေမေဆီမှာ [illegible]သီးစောင်းထားခဲ့တာ။

အင်း ... သီးစောင်းရတာ မျက်နှာတော့ပူပါရဲ့။

ဒါပေမဲ့ သူကတော့ ရှေ့မျက်နှာ နောက်ထားလိုက်ပြီး [illegible]ကို ကတ္တီပါနှင့် လက်ထပ်နိုက်ချက် ဖိအိလိုက်ပြီရင်းနှင့် ပေးလိုက်ရ[illegible]ည်။

"ယု ... ဒါ နှင်းသမီးကို လက်ထပ်ချင်ပြီ နှင်း အမြန်ဆုံး [illegible]ငွေတော့ပဲဟာ"

"အင်း"

"ဘာ အင်းတာလဲ"

"ဒါလည်း ပြောတာပဲ ... သမီးက ခါးခါးသီးသီးဟာ"

"သူက ဘာကြောင့် ခါးသီးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင် မိုက်ရှဲလို့"

"ဟမ်"

"ပြီးတော့ နင် မေးနှစ်ထပ်ဖြစ်လို့"

"ဟမ်"

"ပြီးတော့"

"တော် တော်ပါတော့ဟာ၊ ငါ ငါ ခေါင်းလည်းမဖြူသေး ပါဘူး၊ သွားလည်း မကျိုးသေးဘူး"

"ဟင်း . . . သွားသာမကျိုးတယ်၊ နင်ရယ်လိုက်တော့ နှ သွားပေါက်ကြီးကို တွေ့ပါတယ်"

ယုပြောတော့မှ သူ ကိုယ့်ကိုယ်ကိုယ် သတိထားမိသွားပြ မျက်နှာတစ်ချက်တည်ပစ်လိုက်ကာ . . .

"အဲဒါ သွားပိုးစားလို့"

"အေးလေ . . . ဘာပိုးစားစားပေါ့၊ သွားကျိုးတာက သွာ ကျိုးတာပဲ"

"အေးကွာ . . . ကျိုးတယ် ကျိုးတယ်၊ ကျိုးရင် ပြန်စိုက် ရတယ်၊ ခေါင်းဖြူရင် ဆေးဆိုးလို့ရတယ်၊ ပါးရေတွန့်ရင် နိုင်ငံခြား သွားပြီး ပါးရေပြည့်လို့ရတယ်၊ မိုက်ရှဲရင် အဆီချလို့ရတယ်၊ မေး





ထပ် ဖြစ်ရင်"

"အောင်မယ်လေး . . . တော်ပါတော့ သွယ်ဝရယ်၊ မော လိုက်တာ မောလိုက်တာ"

"အေး . . . နင့်သမီးကို ငါရှိသမျှ စည်းစိမ်တင်တောင်းတယ်၊ နင် နင် နင့်သမီးကို အမြန်ဆုံးသာစားချတော့"

"ဟင်း ဟင်း ဟင်း"

"ဘာရယ်တာလဲကွာ"

"ဘာလဲ . . . နင်က ငါ့ကိုလျှောင်တာလား"

"မလှောင်ပါဘူး"

"နင့်သမီးကို ငါ တကယ် တကယ်ကွာ၊ တစ်ခါမှ မချစ် ဖူးတဲ့ အချစ်တွေနဲ့"

"အောင်မယ်လေး . . . တော်ပါတော့၊ တော်ပါတော့၊ နင်နဲ့ငါ တာ သူငယ်ချင်း၊ ဟုတ်တယ်၊ ဒါပေမဲ့ သမီးနဲ့ပတ်သက်မယ်ဆိုရင် ဘာလဲ"

"ယောက္ခမ"

သူက ခပ်သွက်သွက်ပင် ပြောချလိုက်တော့ ယုက တင် သော်လှည့်ပြီး ကိုယ်လုံးကြီးလှုပ်ကာ ရယ်ချလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ယု ရယ်နေတာကို သူ မျက်လုံးပြူးကြီးနှင့် ကြည့်ပြီး ရင်ထဲ
မှာပဲ တိတ်တဆိတ် သက်ပြင်းချလိုက်မိပါတော့သည်။

❁ ❁ ❁

## အခန်း (၉)

ရေချိုးခန်းမှာ ချိတ်ဆွဲထားသည့် သဲဖါတ်နှစ်လုံးကို သူက အားနဲ့မာန်နဲ့ လက်သီးဆက်ကာယ် ထက်ကာယ် ထိုးချလိုက်သည်။

'ဘုတ်'

'ဘုတ်'

"အား"

ဒီတစ်ခါတော့ သူ့လက်သီးကြီး နာလွန်းလို့ ယယ်သံပါအောင် အော်လိုက်ပြီး ရေချိုးကန်ပေါ် တင်ပါးလွှဲကြီးထိုင်ချလိုက်



www.burmeseclassic.com

www.burmeseclassic.com



'ကျွီ'

အဲဒီအချိန်မှာပဲ 'ကျွီ' ခနဲ ရေချိုးခန်းတံခါး ပွင့်လာပြီး သူ့တပည့်ဖျက်ဝီက ရေချိုးခန်းထဲ ခေါင်းပြူကာ ...

"ဆရာ"

"..."

"ဆရာ"

"ဘာလဲ"

သူစိတ်တိုစွာ လှမ်းအော်လိုက်တော့ ဖျက်ဝီက လန့်ဖျပ်သွား[illegible] ပုံမြင့် အနောက်ကို ခြေတစ်လှမ်း ဆုတ်ရင်းမှ ...

"အောင်မယ်လေး ဆရာရယ် ... လန့်လိုက်တာ၊ ဆ[illegible] ဒီရက်မှာ ဘာတွေ ဖြစ်နေတာလဲ ... ထူးခြားတယ်၊ တစ်နေ့တ[illegible] ခြံထဲမှာ လမ်းလျှောက်တာ၊ စဉ်းစားပြနေတဲ့အတိုင်းပဲ"

"အေး ... အဲဒါ ငါ ဗိုက်ခေါက်မြှုတ်အောင်လို့ကွ၊ Ex ercise Exercise လေ၊ မင်းမကြားဖူးဘူးလား"

"ကြားဖူးပါတယ်"

"အေး ... အခုလည်း Exercise လုပ်နေတာ၊ သဲအိ[illegible] ခုန်ပြီး ထိုးနေရတာ လက်ညောင်းမှာလိုက်တာ"





"ဟင် ... ဟုတ်လား၊ ဒါကြောင့် ဆရာကို ထူးခြားတယ်လို့ ကျွန်တော် စောင့်ကြည့်နေတာ၊ ဟို ... ဟိုတည့်သည်တွေ လာပြီးကတည်းက ဆရာထူးခြားတာ၊ တစ်နေ့တစ်နေ့ ရေချည်းသောက်ပြီး ထမင်းသိပ်မစားဘူး"

"အေးကွာ ... ငါ လက်ထပ်မယ့်အမျိုးသမီးက ငါ့ကို ဗိုက်ရွှဲ့သို့ မေးနှစ်ထပ်ဖြစ်လို့ မကြိုက်ဘူးတဲ့"

"အောင်မယ် ... သူကလည်း ဘာထူးလို့လဲ၊ မေးနှစ်ထပ် ကြီးနဲ့"

"ဟော"

ဒွေယံ မျက်လုံးအပြူးသားဖြင့် ဖျက်ဝီကို စိုက်ကြည့်ပြီး

"မင်းက ငါလက်ထပ်မယ့် မိန်းကလေးကို ဘယ်သူထင်လို့ လဲ"

"ဟို ခဝဝ ခပ်လှလှ တင်ပါးတုံတုံနဲ့ အမျိုးသမီးလေ ဆရာရဲ့"

"အဲဒါ မင်းယူ၊ မင်းအတွက်၊ ငါက မုဆိုးမကို ယူမလား၊ [illegible]လောက်ချမ်းသာနေတာ မုဆိုးမသမီး ဆယ့်ရှစ်နှစ်မပဲ ယူမှာပေါ့"

"ဗျာ ... ဆ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဟိုကောင်မလေး ချောချောလေးကွာ၊ အဲဒါ ဒါ လက်ထပ်မယ့်မိန်းကလေး"

"ဆရာ ... သူ သူက သေးသေးကွေးကွေးလေး"

"မသေးပါဘူး ... ကြီးတယ်"

"ဟမ် ... ဆရာ"

"ခြော် ... အဲဒီ အဝဖောင်းပြည့်တယ်၊ ထွားကျိုင်းတယ်လေကွာ"

"ဆရာရယ် ... မတော် မတော်ပါဘူးဗျာ"

"ဘာကွ ... မတော်ဘဲ နေမလား၊ မင်းကြားဖူးမှာပေါ့ ... ယောကျ်ားမှာ ပခွင်း၊ မိန်းမ ပုခက်တွင်းတဲ့"

"ဟုတ်တော့ ဟုတ်ပါတယ် ... ကောင်မလေး သနားပါတယ်"

"ဘာကွ ... ငါက ဘာဖြစ်နေလို့လဲ"

"ဝလည်း ဝ"

"အင်း"

"ကြီးလည်းကြီး"

"ဘာကွ"





"အေး ... အသက်ပါဆရာရယ်"

"ဟင်း ... မင်းနော် မင်း၊ ဒီမှာကွ သူလေးက ငါ့ကို ခိုက်ဆိုတဲ့"

"သူလေး"

"အေး"

"ဆရာရယ် ဘယ်လိုဖြစ်တာလဲ ... ဆရာ နဲ့ နဲ့က ဒီ ...ာက်အထိ ဘူးသီးမကြိုက်ပါဘူး"

"အေး ... အခု ကြိုက်တယ်ကွာ၊ ဘူးသီးနဲ့ မနူးရ ဒါ ...းတစ်ခုတော့ မှတ်ထားကြ၊ စကားပုံကို ငါ ချိုးဖောက်တယ်ကွာ၊ ...ဘာ ဘူးသီးနဲ့ နူးတယ်ကွာ၊ နူးတယ်"

"ဟုတ်ကဲ့ ... နူးပါ နူးပါ ဆရာ"

"အေး ... နူးတယ် နူးတယ်"

သူ မျက်စိကို ကျောခိုင်းလိုက်ပြီး သဲအိတ်ကြီးကို တချွင်ချွင် ...ရွှင်မှာန်နှင့် ထိုးပစ်လိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ချွယ်တတစ်ယောက် နေ့မနား ညမနား အချိန်ပြည့်လိုလို စိတ်ရှုပ်နေတဲ့အချိန်မှာ သူတို့သားအမိကတော့ ချွယ်ဝချမ်းသာတဲ့ အကြောင်းကို သမီးကို မက်လုံးပေးလိုက်ပါတော့သည်။

"ကဗ္ဗိုပါ ... ချွယ်ဝချမ်းသာတာ အိုကြွစရာကောင်းလိုက် တာ၊ မဆုံကို ကြိုးမှာသွားတော့ သူတို့လိုက်ကြီးက နှုန်းတော်ကြီးကျ နေတာပဲ ... နော် သမီး"

"ဟုတ်"

"ချွယ်တက နည်းနည်းပေတာကလွဲပြီး လှုပယ်ရှုပ်ပဲ ရှိသေး တာ၊ အအေလေး ... လှုပယ်ရှုပ်ပဲ ရှိမှာပေါ့၊ သူက လူချိုကြီးကို ... နော် သမီး"

"မဟုတ်"

"ဟင် ... ဘာ ဘာ သမီး ... ဘာ မဟုတ်တာလဲ"

"ဟုတ်မှမဟုတ်တာ၊ မေမေပြောနေတာ မီးလောက် လူကြီး ရှပ်ပေါက်ပြီး ပါးရေတောင်တွန့်နေတဲ့ အဘိုးကြီးကို လူကြီးရုပ်မပေါ် ဘူး၊ ပြောရအောင် ဟွန်း ... ကိုယ်လုံးကြီးကလည်း ဝလိုက်တာ သွားကလည်း ခေါ်သယောင်၊ မျက်လုံးကလည်း မြူးသေး လူ





ကြည့်ရင် အသည်းတွေ အူတွေပေါက်အောင် ကြည့်တာ သိပ်မုန်းတာ ပဲ"

"မြော် သမီးကလည်း ... သူကလူချိုကြီးပဲ"

"လူချိုကြီးတိုင်း စိတ်မကြည့်ပါဘူး၊ သူသာ နာဘူးကျပြီး ကြည့်တာ၊ ဟွန်း ... နာဘူးကျလား၊ မကျလား မေမေ့ရှေ့မှာ ကဗ္ဗိုပါ ဟက်ကိုတွဲတာ ကြည့်ပါလား၊ နောက်ပြီး ထမင်းစားတဲ့နေရာ မေမေ ဝမ်းပြည်ကို ပန်းတွေလိုက်ကြည့်နေတုန်း ကဗ္ဗိုပါပုံကို လာဟက်သေး တယ်၊ နောက်ပြီး"

"အောင်မယ်လေး ... တော်ပါတော့ တော်ပါတော့ မယ်မင်း ကြီးမရယ်၊ သူက ညည်းကို မေမေ့ဆီမှာ တောင်းထားတာ ချွန်းသူ့ ညည်းစိတ်က ကဗ္ဗိုပါတွေက်တဲ့"

"မေမေ ... အီး ဟီး ဟီး"

"ဟဲ့ ဟဲ့ ... ဘာဖြစ်တာလဲ သမီး"

ကဗ္ဗိုပါက မေမေ့ရှေ့မှာ အားလျှော့ထိုင်ပြီး ငိုလိုက်ချသွားတော့ မေမေက ကဗ္ဗိုပါပုံကို ဆွဲကိုင်လိုက်ပြီး ဖိုးမိုင်တကြီး မေးလိုက် သည်။

ကဗ္ဗိုပါက မေမေ့လက်ထဲမှ ရှုရှုဝါးဝါးငိုရင်း ပြောပြမှာ



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်လာသလိုလို ဘယ်လိုကြီးခံစားရမှန်းမသိ ခံစားနေရသည်။

ဟွန်း ... ငါ ငါ ဒီလူကြီးကိုလက်ထပ်ရရင်။

အောင်မယ်လေး ... ဟင့်အင်း မယူဘူး မယူဘူး။

ဒီလောက် အသုံးမဝင်တဲ့ ရုပ်ကြီးကို ကတ္တီပါ မယူနိုင်။ ပြီးတော့ သူ့အသက်က လေးဆယ်တစ် ကတ္တီပါက ဆယ့်ရှစ်နှစ်၊

အသက်ဒီလောက်ကြီးကွာတာ ကတ္တီပါ ဒီလူကြီးကို ချစ်လို့မရ။ သူ့ဘာသာ မိုးအထိ ချမ်းသာ ချမ်းသာ ကတ္တီပါ မယူဘူး။

ကတ္တီပါက လူကြီးစည်းစိမ်မက်ပေမယ့် မေမေကတော့ ဒီလူကြီးစည်းစိမ်ချမ်းသာကို မက်မောလွန်းစွာဖြင့် ကတ္တီပါကို မရမက ကို နားချပါတော့သည်။

"သမီးရယ် ... ကြီးတဲ့သူယူတော့ သမီးကြိုက်သလောက် ဆိုးလို့ရတယ်၊ သမီးဆိုးသမျှကို သွယ်ဝက ခေါင်းငုံ့သည်းခံမှာပဲ၊ ပြီးတော့ သမီးလိုချင်တာ တလို့ရတဲ့အထိ သွယ်ဝက မိုးပျံအောင် ချမ်းသာတာ"

"တော်ပါတော့ တော်ပါတော့"

ကတ္တီပါ မေမေ့ကို တော်ပါတော့လို့ အော်လိုက်ပေမယ့် ရင်တွေ တဒိန်းဒိန်းခုန်ပြီး လူကြီးရဲ့အကြည့်မဲမဲတွေကို ပြန်တမ်းတ





သတိရသွားသည်။

လူကြီးကြည့်သည့်အကြည့်တွေက နက်ရှိုင်းလွန်းသည်။

အို ... ကတ္တီပါ ဘာဖြစ်သွားပါလိမ့်။

ဟင့်အင်း ဟင့်အင်း ... ငါ မေမေ့စကားကို ကန့်ကွက်ရမယ်။

ငါ ဒီလူကြီးကို မလိုချင်ဘူး။ ပြီးတော့ ဒီလူကြီးကို ကတ္တီပါ မေမေ့စကားနားယောင်ပြီး ခေါင်းညိတ်လက်ခံလိုက်ရင် ကတ္တီပါပဲ ...မှာ။

ကတ္တီပါ ယင်ယင်လေးနှင့် အိမ်ထောင်သည်ဘဝ ဖြစ်သွားတော့မည်။

အား ဘာနည်းနဲ့မှ မဖြစ်နိုင်ဘူး။ သူ့ကို တစ်ခုခုရှောက်တွန်း ... ငြင်းပစ်ဖို့ ကတ္တီပါ ဆုံးဖြတ်လိုက်သည်။

"ကတ္တီပါ ဒီလူကြီးကို လုံးဝလက်မထပ်နိုင်ဘူး၊ မေမေ ...ကြီးက နာဘူးကြီး။ ကတ္တီပါ စိတ်ထင်းရဲ့ရှာ"

"ဟယ် ... သွယ်ဝက ဗိုလ်မဟုတ်ပါဘူး။ သမီးကိုချစ်တဲ့ ...ကြောင့်သာ သူ ကလေးဆန်နေတာပါ။ ယင်ယင်တုန်းက သွယ်ဝ ...တင် ရိုးတာ မရှိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ပေါင်ပေါင်တုန်းက နိုးသေမယ့် အခု မရှိတော့ဘူး။ ဟင်း ... မေမေမယုံရင် ဝင်နေ့ မေမေယုံအောင် ကဗ္ဗိပါ လက်တွေပြမယ်၊ အဲဒီတော့မှ ဗိုလ်သမီးပြောတာ ဟုတ်ပါရဲ့ မပြစ်နဲ့"

"ခက်တယ် ကဗ္ဗိပါရယ်၊ ညည်းနော် ညည်း၊ အရိုးများတယ်၊ ဈေးဆိုတယ်လို့ပြီး ရပ်ကွက်မှာ ယောက်ျားလေးတွေနဲ့အပြိုင် ရန်ဖြစ်နိုင်တော့ မင်္ဂလာနဲ့ ဒီနှစ်ထဲမှာ နှစ်ပေါက်ရှိသေးတယ် ရန်ဖြစ်တာ နှစ်ခါရှိပြီ။ မေမေ ညည်းအတွက် ရင်လေးတယ်၊ မဖြစ်ဘူး မေမေကတော့ သူ့ယ်ဝန်နဲ့ကိုလက်ထပ်ပေးမှာပဲ ဖိုးဝင်နှ နှင်လေလောက် တော့ လိုသေးတယ်၊ အား ဝါအဝင်မခံဘူး၊ စီစဉ်မှာပဲ"

"မေမေ"

"ညည်း မငြင်းနဲ့ ... မနက်ကျ သူ့ယ်ဝ အိမ်ကိုလာလိမ့်မယ်"

"ဘာလာလုပ်မှာလဲ"

"ဟဲ့ အောင်မယ်လေး ... ပြောလိုက်လို့ ဟင်း ... မိကဗ္ဗိပါ ရေ ကဗ္ဗိပါ၊ တော်ကြာမှ ညည်း သူ့ယ်ဝကို ကိုကြီး ကိုကြီးဖြစ်လာရင် ကာစတော့ ငိုလက်ဝါးဟော်ပဲ"

"အင် ... ဟင်း ဟင်း"



---



ကဗ္ဗိပါ မေမေ့တကားကြီးကို ရုတ်လွှန်းလို့ မေမေ့ရဲ့ကာစေ ပြေးထွက်လာခဲ့ပြီး အိပ်ခန်းထဲကို ပြေးဝင်ခဲ့လိုက်သည်။

အခန်းထဲရောက်သည့်အချိန်မှာတော့ ကဗ္ဗိပါ ရုတ်မျက်နှာ မို့မို့လေးကို မှန်ပြင်ကြည့်ပြီး ကဗ္ဗိပါ ဘာတွေကို ရင်ခုန်လို့ ရင်ခုန် ရမှန်းမသိ ရင်တွေ ခုန်ဆိုင်းကြ ခုန်ပြည်သွားပါတော့သည်။

www.burmeseclassic.com



ရှင်မီထယ်

ကျွယ်တော်စရာ မီတာစီမယာက်တည်း

## အခန်း (၁၀)

"ဟင်"

အိမ်ပေါက်ကို မဝ်ထွက်လှုက် လှမ်းထွက်လာသည့် ဦးထွန်းတို့ကျွှိပါ တဖတ်နေရာမှ တစ်ချက်ကြည့်ပြီး ရှာဝန် မျက်နှာတွဲ့တော ရှည်မှန်းသဲ့ ထထွက်မလို့ မတ်တတ်ထအရန် သူက ကျွှိမိအရွ မှာ ကျွယ်ရပ်ပြီးသောဖြစ်သွားရသည်။

"ဟင် ... ဒါ ဘာလုပ်တာလဲ"

"ဘာလုပ်သေးလို့လဲ"

"ရှင် လျှကြီးဖြစ်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ သမီး ... ဘာဖြစ်နေတာလဲ မီးဖိုထဲက အတိုင်းသား ကြားရတယ်၊ လွယ်ဝ ထိုင် ... ဒါ ထမင်းပွဲ သွားပြင်လိုက်ဦးမယ် နင် သမီးနဲ့စကားပြောဦး၊ သမီး လှကြီးကို ရေချိုးခိုင်း စကားပြော"

မေမေက ပြောပြောဆိုဆို သူ့သမက်လောင်းကြီးကို နှုတ်ဆက်ပြီး ရည်မွန်းထဲက ထွက်သွားလေသည်။

ကတ္တီပါမှာသာ မီလှကြီးရှေ့မှာ အနေကျဉ်းကျပ်ပြီး ရင်ထဲ အလိုလို ခုန်လာရသည်။

ကြည့်စမ်းပါဦး ... လှကြီးကလည်း အကြည့်တွေ ရဲလိုက် တာ။

ကတ္တီပါတစ်ကိုယ်လုံးကို ထွင်းဖောက်ကြည့်နေတာ ကတ္တီပါ သည် ဝတ်ထားသည့် လက်တစ်လုံးကြီး၊ လည်ဟိုက်ကလေး သူ့အရှေ့မှာ ဝတ်ထားရတာ မလုံမလဲ ဖြစ်လာရသည်။

လှကြီးကလည်း ထက်ပန်လို (နှာဘူးကြီး)

ကြည့်လိုက်တာ (မျက်စိကို မလွှဲတော့ဘူး)

ကတ္တီပါ နောက်ဆုံးတော့ ရှက်ဒေါသတွေနှင့် ကတ္တီပါ အထက်အောက် ကြည့်နေသည့် လှကြီးကို စော်ကားနိုင် စိတ် မဲလိုက်သည်။





"သကြည့်တာလဲ"

"လှလို့"

"ရှုပ်ချက်"

"အတာ ... ကလေးလေးတွေလေတဲ့ အတင်းအဓမ္မတွေက အနိုင်ကျင့်တယ် ကိုယ့်ကို ဆင်ထားတဲ့ မကြိုက်ဘူး အခု ကိုယ် လှကြီးဆင်နေဆက်လာတာ သဘောကျလားဟင်"

သူက လည်ဟိုက်ကြမ်းထဲကတွေမှာ တစ်လုံးစိန်ဖိတား ဖြီ ဝတ်ထားသည့်အကျီမှာ အသင့်အမျိုးအစားမှန်တော့ မသိ။

ထလက်လက်နှောက်နေတာ (အင်း ... နှတ်ကလေးကြီး ကျနေတာပဲ)

နောက်ပြီး ဝတ်ထားသည့် ပုဝါကလည်း မရှိနေရာ ပြောင်းရွှေ့ ပြောင်းပြင်လာက်နေသည်။

တွေ့ ... ပိုက်ဆံရှိတယ်ဆိုပြီး အလုပ်အကောင် သိမ်း ပိုက်နေသည်ကိုလား။

မှန်းလိုက်တာ။

"ကတ္တီပါ"

"အမ်"



www.burmeseclassic.com

www.burmeseclassic.com



ကဆွိုမိ အမေတွေ့ကြွနှင့် လျှေကြီးတစ်ကိုယ်လုံးကို မြိုမြ
ဝေမနေတော့နဲ့မှာပဲ လျှေကြီးက ကဆွိုမိ ထိုင်နေသည့် ဖောက်တီမှာ
လာထိုင်လိုက်သဖြင့် ကဆွိုမိ ဆတ်ဆတ်ခါသွားရသည်။

သူ့အနားမှ ဆတ်ခနဲ ကုန်းထလာ သူက ကဆွိုမိကို အားနှင့်
ဆောင့်ဆွဲရလိုက်သည်။

"အာ ... ဘာလုပ်တာလဲ"

"ထိုင် ... ဒီမှာထိုင်"

"မထိုင်ဘူး မထိုင်ဘူး။ အသက်ကြီးပြီး ကိုယ်နဲ့တန်ရာ
တန်ရာမှန်း၊ ရှင် မပေမက်ပဲရမယ်၊ ကျွန်မကတော့ ရှိုးဖိတ်မကျနဲ့"

"ကဆွိုမိ"

"အမီး"

သူ့ယိမ် ဘယ်လိုမှ စိတ်ရှည်သည်းခံလို့ မရတော့ဘဲ ကဆွိုမိ
ရင်ဘတ်ကို ဆွဲလှည့်ကာ သူ့ရင်ခွင်မှာ အဝ်ရလိုက်ပြီး သူ့
မျက်လုံးအဝိုင်းသားနှင့် ထိတ်လန့်တုန်ယင်စွာ မော့ကြည့်တာသည့်
မျက်လုံးလေးနှင့် နုတ်ခမ်းသား နနုကလေးကို သူ ဘယ်လို မှန်း
မှန်းမသိသည့် စိတ်အမှုဖြင့် တချိုက်မက်မက် ငုံနမ်းလိုက်တော့သည်။

သူ ကဆွိုမိ အဆိုအတွေ့နူးညံ့တွေအောက်မှာ ယစ်မူးတော





ပြီး အရှိုနိုဘယ်လောက်အထိ ကြာသွားသည်မသိ။

ကဆွိုမိ မျက်နှာလေးနှင့် ဆင်တူသာသည့် မျက်နှာကြီးကို
မှောင်ဝင်မှာပဲ ရည်ဝန်းအတော ထွက်လာသည့်အသံကြောင့် သူ
ဆတ်ခနဲ မျက်နှာခွာလိုက်ပြီး မော့ကြည့်လိုက်တော့ ယု။

"ယု"

"တင် ... နင် နင်"

"ယု ... ဒါ ဒါရှင်းပြမယ်"

"မရှင်းနဲ့"

"မေမေ ... အီး ဟီး ဟီး။ ကဆွိုမိ ရှက်တယ် ရှက်တယ်"

"သွယ်ဝရယ် ... နင်ဟာလေ တော်သဲ ဒီမျက်နှာလူတယ်
နေ့ကိုသမီးက လောက်ထိဝ်ရသေးတော့ မဟုတ်ဘူးနော်၊ နောက်တစ်ခါ
ဒီလိုမျိုး မမြင်ချင်ဘူး"

ယုက မျက်နှာတင်းတင်းလှည့်လိုက်တော့မှ သူ အလကြောက်
ပြိုသွားပြီး ယုကို တောင်းပန်လိုက်ရသည်။

"ငါ တောင်းပန်ပါတယ် ယုရယ် ငါ အနေအထွက် တောင်း
ပန်ပါတယ်၊ နင့်သမီးကလေး ငါ့နှိုစရွင်ကို ပေးစားတာ ငါသည်းမခံ
နိုင်တော့လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ကဗျိုးပါ ... မိုက်ရိုင်းလိုက်တာ ဘေး ... ညည်း ဒီလောက်မိုက်ရိုင်းတော့ ညည်းကို ချွယ်ဝနဲ့ တစ်လောကတွင်း လက်ထပ်ပေးဦးတော့မယ်၊ ချွယ်ဝ ... နင် နေ့ကောင်းရက်သာရွေးပြီး သမီးကို လာခေါ်တော့ပေတော့"

"ဟာ ... တကယ် တကယ်လား မှ"

"ဘေး ... ငါ့စိတ်ဇော သူသက်သေရမှာပဲ"

"အို ... မယူဘူး၊ မယူဘူး၊ ဒီလောက်ကြီးတဲ့လူကြီး မယူနိုင်ဘူး လုံးဝမယူနိုင်ဘူး အီး ဟီး ဟီး ... မေမေ မတရားဘူး လုံးဝ မတရားဘူး"

ကဗျိုးပါ ခေါင်းကြီးဟစ်ကျယ် ငိုချလိုက်ပြီး မေမေနှင့်အဒေါ် လူကြီးစေ့မှာပဲ ဒေါသကြီးလှုန်းလို့ ထက်သွားသည့်ဟန်ဖြင့် ထရော ထက်ရှင်ဟန်ဆောင်ပစ်လိုက်ပါတော့သည်။

❁

"ဒူး ဒူး ဒူး"





"..."

"ဒူး ဒူး ဒူး"

"ဟင်"

ချွယ်ဝသည် သူ့ဝေရာ ဧည့်ခန်းဆောင်မှ ထော်ပြီး ထွေရာနှင့် ပါးစပ်က အမြှုပ်တွေထွက်ကာ လဲကျသွားသည့် ကဗျိုးပါကို တုန်ရင်လှုပ်လိုက်သည်။

"ကဗျိုးပါ"

"ကဗျိုးပါ"

"မှ မှ ... နင့်သမီးလက်သွားတော့သလား"

ချွယ်ဝရင်ထဲမှာ ကဗျိုးပါကို အစိုးရိမ်ကြီးစိုးရိမ်သွားပြီး ကဗျိုးပါကိုယ်လုံးလေးကို ပွေ့ပြီး မေးလိုက်တော့ ယုက ခေါင်းခါရမ်းကာ ပြီတ်လိုက်သည်။

"သမီးက စိတ်ကြီးရင် ထက်တယ်"

"ဟင် ... စိတ်ကြီးရင် ထက်တယ်"

"ဟော ဟော ချွယ်ဝ ... သမီးကို အခန်းထဲပို့ရအောင် ... ကို ခဏလောက်ကြာရင် သမီး သတိရလာမှာပါ"

"ဟေး ဟေး"



www.burmeseclassic.com

www.burmeseclassic.com



ယုထွက်သွားသည့်နောက်ကနေ သူက ကတ္တီပါကိုယ်လုံး သွယ်သွယ်လေးကို ရင်ခုန်ခုန်နှင့် ပွေ့ချီပြီး ယုအလစ်မှာ တစ်ချက် ငုံနမ်းလိုက်သည်။

"ဟင်"

သူ ငုံနမ်းလိုက်တော့ တွန့်ခနဲ မျက်နှာလေး ရှုံ့လိုက်သည့် ကတ္တီပါကို သူက ပြုံးပြုံးကြီး ငုံကြည့်လိုက်သည်။

စိတ်ထဲကလည်း ကျိတ်ရယ်လိုက်သည်။

အား ဟား ဟား

အား ဟား ဟား

ရယ်ချင်လိုက်တာကွာ။ ကောင်မလေး ဉာဏ်များတာ။

ကောင်မလေး ဉာဏ်များပြီး တက်ချင်ဟန်ဆောင်လိုက်တာ ကို သူ ပညာပေးရမည်။

အွန်း ဟွန်း ဟွန်း။

တွေ့မယ် ကောင်မလေး။

သူ့စိတ်ထဲက ကြိမ်းလိုက်တာကို ကတ္တီပါက မသိဘဲ ပါးစပ် က တံတွေးတွေ ထုတ်နေတာ သူ့လက်မောင်းတွေမှာ ရွှဲသွားရပါပြီ။

သူက သူမပါးစပ်ထဲမှ တံတွေးတွေကို ရွံသလို နိုက်ကြည့်ပြီး





ယုခေါ်သည့်အနောက်သို့ လိုက်ဝင်လိုက်သည်။

"လာ သွယ်ဝ ဒါ သမီးအခန်း"

"အေး အေး"

သူက ကတ္တီပါခုတင်မှာ ကတ္တီပါကို တင်သိပ်ပေးပြီးသည့် အခါမှာတော့ ကတ္တီပါ ထွေးချထားသည့် သူ့လက်မောင်းက တံတွေး တွေကို နှာခေါင်းရှုံ့ကြည့်လိုက်သည်။

ယုကိုလည်း မေးထိုးပြလိုက်သည်။

"ဒီမှာကြည့်စမ်း ယု... နင့်သမီး တံတွေးထွေးချထားတာ"

"ဟင်"

ကတ္တီပါ ကိုယ်လုံးကလေး လှုပ်သွားပြန်ပြီ။

အဟား... ကောင်မလေး ဘယ်အထိ ဆက်ဟန်ဆောင်ဦး မလဲ... ကြည့်ရသေးတာပေါ့"

သူက ယုကို မျက်စိမှိတ် လက်ကာပြီး...

"သူ့တံတွေးတွေက ပုပ်စော်နံလိုက်တာ"

"ဘာ... ဘာ ပုပ်စော်နံတာလဲ ခင်များ ရွှေစကားမပြော နဲ့"

"ဟဲ့... တက်တဲ့သူက စကားပြောတယ်၊ ဟား ဟား



www.burmeseclassic.com

www.burmeseclassic.com



ဟား ယု ... ဘယည်းမသေး မောဒ်နိုင်တော့ဘူး"

"ဟင် ... ခင်ဗျား ခင်ဗျား"

သူ့ကို သော်ညိုကြီးထိုးပြီး ထွေနှာ ဝင်သွားသည့် ဟင်
ဆောင်ရိုက်ပြုံးသည့် ကဗျို့ပိုင်ကို သူ ဒီဖုန်းပိတ်သော ပျော့ကောင်
ကောင်းမလေး ဆုံးရှုံးသွားလိုက်သည်။

ယုကို လှည့်ကြည့်ပြီး...

"ယု ... နင့်အမီး တက်သွားပြီကွ"

"အေး"

"ဒီအတိုင်းကြည့်နေရုံတော့ မဖြစ်တော့ဘူး သွား ... ဖုန်း
ဆရာဝန်ကို ဖုန်းဆက် ပိုလိသလုံ့ကဆရာဝန်ကို ဖုန်းဆက် ဒီမှာ ဝ်
ဖုန်းနံပါတ် ရေးပေးမယ်"

သူက အင်္ကျီအိတ်ထဲက ဘောလ်ပင်တာလေးကိုယူပြီး စာ
ရွက်တစ်ရွက်မှာ ဖုန်းနံပါတ် ရေးပေးလိုက်သည်။

"ဝါက ဘာပြောရမလဲ"

"အေး ... ဆရာဝန်ကို ငါနဲ့တက်ထပ်မယ့်သူ နေမကောင်း
လို့လို့ ဖုန်းဆက်ပြီး စင်္ကာပိုင်ကို ပြောလိုက်"

"အေး အေး"





ယု အခန်းထဲက ထွက်သွားသည်နှင့် သူက ကဗျို့ပိုင်မျက်နှာ
သေးကိုကြည့်ပြီး တဟားဟား ရယ်လိုက်သည်။

"ဟား ဟား ဟား ... ချောင်လိုက်တာ လည့်လိုက်တာ
မင်း ဘယ်လောက်တာနိုးဆောင်နိုင်မလဲ"

သူက ပြောပြောဆိုဆို ကဗျို့ပိုင်ရဲ့ အဝတ်လိုက်ဖြစ်နေ
သည့် ခေါင်းသားအကွင်းကြောကို ဆတ်ခနဲ ဆွဲနှိပ်လိုက်သည်။

"အား ဟား ... ဘာ ဘာလုပ်"

"..."

"အား"

သူက ကဗျို့ပိုင် ခေါင်းကြောကို နောက်တစ်ချက် နှိပ်လိုက်
တော့ "အား" ခနဲ အော်ပြီး မှတဝင်ခေါက်ကို ဝေါက်ခနဲ ထထိုင်လိုက်
သည့် ကဗျို့ပိုင်ကို သူက အံ့ဩပြီး စိုက်ကြည့်လိုက်သည်။

"မသေဖြစ်ပါဘူးကောင် နာတုလုပ်နေတယ်။ သွား သွား
...ငိုအခန်းထဲက ထွက်"

"ဟား ဟား ဟား ... ဘယ်နှယ်လဲ ... နောက် တက်ပြီး
ဟား ကိုယ်ရှိစမ်းမှာ"

သူက သဘောကျစွာနှင့် အော်ရယ်လိုက်တာကို ကဗျို့ပိုင်



www.burmeseclassic.com

www.burmeseclassic.com



က အရှိန်ရပ်သွားပြီး ရှက်ရမ်းရမ်းကာ သူ့ဆီကို ပြေးရှုလာသည်။

သူမ သူ့ကို လက်သီးနဲ့ ထိုးလိမ့်မယ်လို့ သူ မမျှော်လင့်ခဲ့။ မမျှော်လင့်လို့လည်း ဒီအတိုင်းရပ်ပြီး ပြုံးစိစိ ကြည့်နေမိတာပဲ

အဲဒီလို သူ သူမကို ပြုံးစိစိ ကြည့်နေတုန်းမှာပဲ ...

'ရှပ် ရှပ် ရှပ်'

"ဟာ"

'ဖြောင်း'

"ဟင်"

သူ ဘယ်လိုမှ ရှောင်ချိန်မရလိုက်။ တရှိန်ထိုးဝင်လာသည့် ကဗျာ့မိုလက်သီးတွေက သူ့မျက်နှာကို လည်ထွက်သွားသည်။

မျက်နှာလည်ထွက်နေတဲ့တစ်ဖက် သူ့ရင်ဘတ်ကို ပစ်ကန်လိုက်သည့် ခြေထောက်က နောက်တစ်ချက်ထပ်ရောက် ...

"ဟဲ့ ဟဲ့ ကဗျာ်ပါ ... ဘာ ဘာဖြစ်"

"ယူ ... နင့်သမီး နင့်သမီး ယောကျ်ားလျားမ ယောကျ်ားလျားမ ဂန့်ရှုမ ဂန့်ရှုမ"

"ဟင် ဟင် ... ခင်ဗျား ကဲဟယ်"

'ရှပ်'





"အား"

သူ ဘယ်လိုမှ ရှောင်လို့မရအောင် မျက်နှာကို လက်သီး တစ်လုံး ပစ်သွင်းခံလိုက်ရသည်။

"ဟဲ့ ဟဲ့ ကဗျာ်ပါ ... အဲဒါ နင့်အစေခံလောက်ရှိတယ်လေ နင့်အစေခံလောက် မှီတယ်လေ ငနဲတွေကတော့ ကြီးကျန်းပါပြီ ကြီး ကျန်းပါပြီ"

"အစေခံလောက်ရှိရှိ အတိုးလောက်ရှိရှိ မချေရင် မချေ အဲ့လို လုပ်ပစ်ရမှာ"

"အေး ... လုပ် လုပ်။ ဒါကလည်း ပြောလိုက်မယ် ... မင်း ကို လက်ထပ်ပြီးရင် မင်းလုပ်တိုင်း ခေါင်းငုံ့ခံမယ်လို့ ထင်သလား ဒီ လက်မထပ်ရသေးလို့ ခေါင်းငုံ့သည်းခံတာ သည်းခံတာ"

သူ လက်သီးကြီးဆုပ်ပြီး ဟိုရှေ့ကိုနိုင်တယ် ပြောလိုက်ချိန်မှာ ကဗျာ့ပါကတော့ အခန်းထဲကနေ ဖျော်ဖွစ်းမောင်းလိုက်ပြီး ခင်မိုက်နိုက်ခင် ခြင်တော့ကာ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com




# အခန်း (၁၁)

ဦးသွယ်ဝကို လက်သီးထိုး ဆုံမလွှတ်ပြီး တစ်ပတ်အကြာမှာ ကတ္တီပါ ဈေးထဲကို တစ်ယောက်တည်း ထွက်အလာ ဦးသွယ်ဝကား နှင့် တည့်တည့်တိုးသွားသည်။

သူကလည်း အမှတ်မရှိ ကတ္တီပါတို့အိမ်ကို အလာ ကတ္တီပါ အိုလမ်းထဲမှာ ကတ္တီပါနှင့် တည့်တည့်တိုးခဲ့တာ ဖြစ်သည်။

"ကို"

ခနဲ ကတ္တီပါအရှေ့တည့်တည့်ကို ရပ်လိုက်သည် သူ့ရဲ့ LANDCRUISER ခိုပြာရောင်ကြီးကို ကတ္တီပါက မျက်စောင်းနက်



www.burmeseclassic.com

www.burmeseclassic.com



နတ် ထိုးလိုက်သည့်အချိန်မှာပဲ သူက ကားထဲကနေ ကားတံခါးကို ဖိုးမှတ်နဲ့ ဖွင့်လိုက်သည်။

သူ့ကားတံခါးဖွင့်သွားတာနှင့် ကဗျာ့ပါး၊ ရပ်နေတာ နှစ်လမ်း လောင်း မဝေးတော့ချေ။

ပြီးတော့ သူက မျက်မှန်အပြုကြီးနှင့် ကဗျာ့ပါးကို ခပ်တည် တည်ကြီး လှမ်းကြည့်နေတာ တွေ့လိုက်ရသည်။

ကဗျာ့ပါးကလည်း သူ့ကို ခပ်တည်တည် လှမ်းကြည့်… သူက မျက်မှောင်ကြီးကုတ်ကာ ...

"ကားပေါ်တက်လေ၊ ကားတံခါးဖွင့်ပေးထားတာ မမြင်ဘူး… လား"

"ရှင်လမ်း ရှင်သွား"

"ဟိတ် ... မင်း သက်သက် ဂျစ်တိုက်မနေနဲ့စေနော် … ကားပေါ်ခွဲတင်ပြီး တစ်ခါတည်း နိုးပြေးလိုက်ရ ဘာမှတ်နေလဲ"

"ဘာ ... လုပ်ချင်လုပ်ကြည့်စမ်း သေတောင် … မသေဘဲ သွားအရွှေလိုက် ကျွတ်ပြီးသေမယ်မှတ်"

"ဟင် ... မင်း မင်း"

"ကျွန်မနောက်ကို လိုက်မလာနဲ့ လိုက်လာလို့ကတော့… ကျွန်မ အဆိုးမဟုတ်ဘူး"





ကဗျာ့ပါးက သူ့ကို ရှာခန့် ကျောခိုင်းပြီး ကွင်းဘောင်းဘီ… ဝတ်ထားသည့် တင်ပါးလေးကို ကော့ကော့ချိတ်ကာ လှည့်ထွက် …သွားပြန်သည်။

သူကလည်း ဖွဲ့မလျှော့ဘဲ အနောက်ကနေ ကားနှင့်လိုက် …သွားပြီး သူမဘေးမှာ ကားကို "ကျွီ" ခနဲ ရပ်လိုက်ပြန်သည်။

အဲဒီအချိန်မှာ ကားမှန်တံခါးမှာ ခေါင်းပျော်သုံးတွေနှင့် သူ့ကို …မြင်တွေ့တော့မည့် ကဗျာ့ပါးကို သူ စိတ်ဆိုးတော့ ခပ်နုနု ပြောလိုက် …သည်။

"ပွန်း ပွန်း"

"အသက်ကြီးပြီး ခိုလောက်ရှာလိုက်တာ"

"ကြီးမှရှတာ ပိုဆိုးတယ်၊ ထိန်းလို့သိမ်းလို့ကို မရဘူး"

"ဘာ"

"မင်းလေး နားလည်ကွာ"

"ရှင် ရှင် စိတ်ဓါ တရားကွဲချင်သလား၊ အသည်းကွဲချင် …သလား ဒါမှမဟုတ် ဘာကွဲချင်သလဲ"

"ဟိုဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"အဲဒီ ကိုယ်ဟာ ဟိုဟာတွေ ဘာကွဲကွဲ ရပါတယ်လို့ ပြော လိုက်ရှုပ်စေမယ့် ကိုကြီးအသည်းတော့ အကွဲမခံနိုင်ဘူး ကဘွီပါရှင်"

"အား ဟား ဟား ... သချိုင်းရောက်ခါနီးနေတာတောင် ကိုကြီးတို့"

"အချစ်က အမြဲလန်းဆန်းတယ် ကလေး"

"ကဲ ... ဒါဆို ဝင်ဦး"

ကဘွီပါ ဘာမှ ပြန်မပြောနေတော့ဘဲ အနားက ထုတ် အကျီ်ကို ကောက်ကိုင်ကာ ကားမှန်ကြီးကို ထုမလို့ လက်ရွယ်

"ဟော ကဘွီပါနေနေ ... ဘယ်လိုဖြစ်တာလဲကွ"

"ဟင်"

ကဘွီပါလက်ထဲက ရွယ်ထားသည့် ထုတ်နီစိကျ လွှန်ခဲ့တဲ့ သုံးလေးလောက်က ကဘွီပါကို ရနိုင်တာသည့် အမှုသေ နှစ်ယောက်ဆီသို့ ချိန်ရွယ်လိုက်သည်။

"နင်တို့ ငွေမတိုးခဲ့ ဒီမှာတွေ့လား"

"အင် ... မင်းကို တိုးထောက်လေးလောက်သွားကြီး လိုက် ယုက်တာလား။ ဟင် ... ဒီ ဒီဘိုးတော်က အာ ... ဒါတို့ကို ခေါ်





နဲ့ မင်းကို မ,သွားတဲ့ တိုးမောင်တို့"

အရက်မူးသမားနှစ်ယောက်ကြားမှာ ကဘွီပါက ခေါင်းနှင့် ချုင်းကို ခင်ခိုက်နိုက် ပတ်ရုပ်ပစ်လိုက်သည်။

ကဘွီပါ ဟိုအရက်မူးသမားနှစ်ကောင်ကို ထုတ်နီစိနှင့် ဆော်ခင် သူ ခေါ်ကြမ်းကြမ်းပြောပစ်ရှိ အရက်မူးသမားတွေကတော့ ... ကြည့်ကာ ...

"ဟော့ကောင်တွေ"

"အား"

"ဟော့ ... မင်းတို့ရှုရင် မှုတဲ့အတိုင်း ဆက်သွား မိုချစ်သူ ကို နှောင့်ယှက်လိုက်တာတော့ မင်းတို့ ခေါင်းအစိတ်စိတ် အမြွှာမြွှာ ကွဲသွားမယ်မှတ်"

"ဟင် ... ချစ်သူ အား ... ဘယ်တုန်းက ကဘွီပါနဲ့ချစ်သူ ဖြစ်တာလဲ လင်မယားတင်ပါလေးတို့ပြီး ချစ်သူဖြစ်တော့ တော့ မဲ့ပျား Party Man ကြီးလေား အင်း ... Party Man ကြီးကလည်း ... မိန့်ရှဲ မင်ပျားရှုမယ် ကောင်မလေးက သူ့ရွေးဆိုကြီးကောင် ...

'ပြောင်း'

'ဘုတ်'



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဖော့ ... ကတ္တီပါ မလုပ်နဲ့ မလုပ်နဲ့"

ကတ္တီပါ အရက်မူးသမားပါးကို လက်ဖြန့်လွှဲရိုက်ပြီး သူ

အရှေ့က အရက်သမားကိုတော့ ဆုတ်နိုင်ခဲနှင့်ကျောကုန်းကို ထုလ

သည်။

ကတ္တီပါ့ရိုက်ချက်တွေကြားမှာ နာကျင်သွားသည့် အ

သမားကောင်က ကတ္တီပါကို ခပ်ကြမ်းကြမ်း ဆွဲရိုက်မလို့ လက်အ

သူက ကားထဲက ဝုန်းခနဲဆင်းပြီး အဲဒီကောင်ရှေ့ပြေးကာ အဲဒီကေ

ရဲ့မျက်နှာကို ချာလည်လည်ထွက်သွားအောင် လက်သီးနှင့် ထိုးချ

သည်။

တချပ်ချပ် လက်သီးတွေကြားမှာ အရက်သမားတွေ ခေ

မဖော်ဝံ့အောင် ငိုက်ကျသွားချိန်မှာ သူက ကတ္တီပါလက်ကိုဆွဲ

ကားပေါ်တင်လိုက်သည်။

အဲဒီနောက် ကားတံခါးကို ဝုန်းခနဲပိတ်ပြီး ကတ္တီပါကို ခေ

မျက်လုံးပြူးကြီးနှင့် စိုက်ကြည့်ကာ ကြိမ်းလိုက်သည်။

"အေး ... မင်း ကြပ်ကြပ်မှတ်ကြေးခွဲ၊ အသက်တို့မ

အသေဆိုးနဲ့ သေမယ်"

"ဦး ဦးသွယ်ကြီးက ထိုး ထိုးတတ်တာပဲလားဟင်"





"ဘာလဲကွ"

ကတ္တီပါ အထိတ်ထိတ်အလန့်လန့် ဖြစ်ပြီး မေးလိုက်တာကို

သူက မျက်လုံးကြီးပြူးပြီး ပြန်မေးလိုက်တော့ ကတ္တီပါ ခေါ်ကာလေး

မှသွားလေသည်။

ပြီးတော့မှ မျက်စိမှိတ်ကာ ကားဆိုဖာကို ခပ်လျောလျော

မှီချပြီး ...

"လက်သီး လက်သီးထိုးတာ"

"ယောကျ်ားပဲကွ ... လက်သီးမထိုးတတ်ဘဲ နေမလား။

မင်းလို ယောကျ်ားရှာမ, ဂန်းဒူးမတောင် လက်သီးထိုးတတ်သေးတာ

ငါ ယောကျ်ားက မထိုးတတ်ဘဲ နေမလား"

"ဦးသွယ်ကြီးနော် ... ကျွန်မကို ဂန်းဒူးမလို့မပြောနဲ့"

"မဟုတ်ရင် မင်း ယောကျ်ားယူ"

"ရှင်ကလွဲရင် တခြားယောကျ်ားဆို ယူမယ်"

"အေး ... မင်း ငါ့ကို ဒီလောက်ငြင်းနေတာ ဘယ်လအတွင်း

လက်ထပ်ရအောင်ကို စီစဉ်မယ်"

"ဦးသွယ်ကြီးနော်"

"ဦးသွယ်ကြီးနော် လုပ်မနေနဲ့ မင်း ဒီလိုပဲ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



လေးတွေနဲ့ ရန်ဖြစ်နေတာ ငါလည်းစိုးရိမ်တယ်၊ မင်းမေမေကိုလည်း ပြောရမှာပဲ၊ နောက် ဒါမျိုးမဖြစ်အောင် မင်း လင်ရှိမယား ဖြစ်မှ

"ဘာဆိုင်လဲ ဦးသွယ်ဝ ... ဒီစကားကိုမပြောပါနဲ့"

"မပြောလို့မဖြစ်ဘူး ... ပြောရမယ်လေ"

"နားမထောင်ဘူး"

"ဟိတ် ... မင်း ငြိမ်ငြိမ်နေနော်၊ မင်း ငါ့ကို မကြောက်ဘူးလား"

သူ အဲဒီလို ငြိမ်းခြောက်လိုက်တော့မှ ကတ္တီပါက သူ့ မျက်စောင်းလေးထိုးပြီး နှုတ်ခမ်းကိုက်ကာ ငြိမ်သက်သွားတော့သည်။

ကတ္တီပါစိတ်ထဲမှာ သူ့ကို ဆဲနေမှာတော့ သေချာသွားသည်။

❁ ❁ ❁

## အခန်း (၁၂)

မနက်ဖြန် စေ့စပ်မယ့် စေ့စပ်ပွဲအကြိုအတွက် ဒီကနေ့ ညနေမှာ သူ့အိမ်မှာ Dinner ကျွေးပလိုက်သည်။

သူ တခြားသူတွေကို ဖိတ်ပြီး Dinner ကျွေးတာတော့ မဟုတ်ပါ။

သူ့အိမ်က အလုပ်သမားဆယ်ယောက်ကို Dinner ကျွေးခဲ့တာ ဖြစ်သည်။

အလုပ်သမားတွေ ဘူဖေးစားပွဲကြီးမှာ တပျော်တပါး ကြိုက်တာစားသောက်ပြီး သူ့ကို ဝိုင်းဆုတောင်းပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



“ကျွန်တော်တို့ဆရာ လူပျိုကြီး ဆယ်ကျော်သက်ငယ်ငယ် ချောချောလေးကိုချွဲ မင်္ဂလာသက်တမ်း ရာကျော်ပါစေ”

“ကျွန်တော်တို့ဆရာ လူပျိုကြီး လက်ထပ်ပြီးလို့ ဆယ်လလောက်နဲ့ ကလေးနှစ်ယောက်ရပါစေ”

“ဟမ် ... ဘာ ဘာ”

သူ့တစ်ကိုယ်လုံး ကြက်သီးထသွားပြီး သူ့ကို ထူးထူးဆန်းဆန်း ဆုတောင်းပေးလိုက်သည့် ဖျက်ဝိကို သူ မျက်လုံးကြီးနှင့် ကြည့်လိုက်တော့ ဖျက်ဝိက ပခုံးကြီးတွန့်ကာ ...

“အမြှာ အမြှာလို့ ပြောတာပါ”

“အာ ... မလုပ်လိုက်ပါနဲ့ တပည့်ရာ၊ သူက ငယ်ငယ်လေးကွ၊ အမြှာ အမြှာမွေးလို့ မဖြစ်ဘူး။ မင်း အဲဒါကြီးတော့ ဆုမတောင်းနဲ့ ငါ့မိန်းမတော့ ငါ အနှစ်နာမခံနိုင်ဘူး”

သူ ခါးခါးသီးသီး ကန့်ကွက်လိုက်တော့ သူ့တပည့်တွေက လက်ခုပ်တဖြောင်းဖြောင်းတီးပြီး ဝိုင်းရယ်လိုက်ကြသည်။

သူလည်း ပျော်ပျော်ကြီး တဟားဟားရယ်လိုက်ပြီး ...

“ဘယ်လိုလဲကွ ... ငါ့မဒီလေးက မချောဘူးလား ဖျက်ဝိ ... ဟင်”





“ချောလိုက်တာမှ နှမ့်နေတာပဲ၊ ပဘာဝတီလေးပဲ”

“ပဘာဝတီကို မင်းမြင်ဖူးလို့လား”

“အိပ်မက်ထဲမှာ မြင်ဖူးတယ် ဆရာ”

“ခွေးမသားတွေ”

သူလည်း အပျော်လွန်ပြီး ဘီယာတောင် ချချင်လာရသည်။ ဘီယာချရင် ကတ္တီပါ မကြိုက်မှာစိုးရိမ်ပြီး သူ ထိန်းထားရသည်။

စိတ်ထဲမှာတော့ အတော်ကို သောက်ချင်နေပြီ။

“ဆရာ”

“...”

“ဆရာ”

“ဟင်”

သူ ဘီယာသောက်ချင်လို့ ဝေါင်စင်းစင်းကြီး ဖြစ်နေချိန်မှာ ဖျက်ဝိက သူ့လက်မောင်းကြီးကို ဆွဲကိုင်လိုက်တော့ သူက ဖျက်ဝိကို ဝေ့ဝေ့ကြည့်လိုက်သည်။

“ဟ ... ဘာလဲကွ”

အခုထိ သူ့ကို ဘာစကားမှ မပြောသေးတဲ့ ဖျက်ဝိကို သူ ပင်မိုးရခက်ခက် ဖြစ်နေစဉ် ...



www.burmeseclassic.com

www.burmeseclassic.com



'တူ တူ တူ'

"အဲ အဲဒါ ဖုန်းမြည်နေတယ်ထင့်"

"အေး အေး"

သူ ဖျတ်ခနဲ ထရပ်လိုက်ပြီး …

"မင်းတို့ တပျော်တပါးစောင့်ကြကွာ၊ ငါ အပေါ်ထပ်တက်ပြီး ဖုန်းပြောလိုက်ဦးမယ်"

"ဟုတ်ကဲ့"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

ဆိုတဲ့ တပည့်တွေရဲ့ နှိုးကျိုးကျိုးပြောတဲ့အသံတွေကို ကျော နိုင်းကာ သူ့အပေါ်ထပ်ကို တက်လာခဲ့သည်။

အပေါ်ထပ်ကို တက်လာရင်းမှ သူ ဖုန်းအသံပြုလိုက်သည်။

"ဟယ်လို"

ပုံမှန်အသံနှင့် အသံပြုလိုက်စဉ် တစ်ဖက်မှ ငိုသံလေးနှင့် ပြောလာသံလေးက သူ့အသည်းနှလုံးကို စူးပေါက်သွားတော့သည်။

"ဦးသွယ်ဝကြီး"

"ဟင် ကလေး"

"ဟင့် ဟင့် ဟင့်"





"ဟင် … ငိုနေတယ် ဟုတ်လား ကလေး၊ ဘာဖြစ်လို့လဲ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ … ကဗျာပိုက မသာအရွယ်ကြီးကို ဝယ်ယူရှာ ပျော်နေရမှာလား"

"ဟိတ် ဟိတ် … ဒီစကားကတော့ မင်းလွန်ပြီ"

"လွန်တာက ဦးသွယ်ဝပါ၊ ကိုယ့်သမီးအရွယ် ကိုယ့်တူမအရွယ်ကို ကိုယ်ချင်းမစာတဲ့။ သိပ်မုန်းတယ်"

"ကဗျာပိုပါ"

"မပါနဲ့ မကြားချင်ဘူး"

"မကြားချင်ရင် ဖုန်းမဆက်နဲ့ပေါ့ကွ၊ ဖုန်းလည်းဆက်လာ လာတယ်"

"ရှင့်ကို ဆက်ချင်လို့မှား ဆက်တယ်ထင်နေသလား"

သူ ကဗျာပိုစကားကို နားထောင်နေရင်းမှ ရွတ်ခနဲကြီး ကာ တဟားဟား ရယ်ချလိုက်သည်။

"ဟား ဟား ဟား"

"ဘာရယ်တာလဲ"

"ကလေးလေး ပြောတာလေးကို သဘောကျလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန့် ... ဦးလေး"

"ဟေ"

"ကတ္တီပါကို ချစ်လားဟင်"

"ဟောဗျာ"

သူ့အချိုက်တည့်တည့် မှုခနဲ ခံစားလိုက်ရပြီး ရင်ခုန်ကြမ်း သွားသည်။

ရင်ထဲမှာလည်း ထူထူထုံထုံကြီး ခံစားလိုက်သည်။

ဟား ... မေးတာတ်လွန်းတဲ့ ပါးစပ်ကလေး။

ဒီလို မေးတာတ်လွန်းသည့် နှုတ်ခမ်းပါးလေးက သူ့အနားမှာ သာရှိရင် အား ... အသည်းပေါက်မတတ် နမ်းပြီးပြီ။

"ဦးလေး ... ပြောနေတာ ကြားလား"

"ဘာလဲကွာ"

"ဟင့် ... ငိုလိုက်မှာနော်"

"ကလေးရယ် ... လက်မထပ်ခင် ကိုယ်အသည်းယားအောင် မလုပ်စမ်းနဲ့ ကိုယ် အသည်းယားရင် မင်း ချက်ချင်းလက်ထပ် ရမှာ ... သိလား"

"ဘာပြောတယ်"





"ဟင် ... ဘာပြောလို့လဲ"

"သက်ကြားအိုကြီး ကျွန်မကို လက်ထပ်ရမယ်လို့ ထင်နေ သေးလား"

"ဟင် ... ဘာ"

"ဒီမှာ ... ရှင့်လို ဈွားအိုမြက်နုကြိုက်ကို ကျွန်မ လုံးဝ လက်မထပ်နိုင်ဘူး"

"မနက်ဖြန် ဓမ္မစာ၊ နောက်သုံးပတ်ကြာရင် လက်ထပ်ရမှာ ကို လန့်ပြီးမှားသွားပြီလား ကလေး"

"ဘယ်တော့မှ မရှားဘူး"

တစ်ဖက်မှ ငိုသံလေးနှင့်ပြောနေသည့် ကတ္တီပါကို ဘယ်လိုစကားလုံးမျိုး ပြန်ပြောရမလဲဆိုတာကို စဉ်းစားနေတုန်းမှာပဲ တစ်ဖက်မှ တအီအီအသံလေးက နားထဲကို ချိုမြိန်နွေးထွေးစွာ ဝင် ရောက်လာခဲ့ပြန်သည်။

"ဦးလေးက ဒီလက်ထပ်ပွဲကို ဖြစ်လာမှာပဲလို့ တစ်ထစ်ချ ထင်ထားတာလား"

"ကတ္တီပါရယ် ... မီးသီးတဲ့စကားတွေ ထိမ်ကြားချင်ဘူးကွာ ပါးစပ်ကလေး ငြိမ်ငြိမ်ထားစမ်းပါ၊ မနက်ဖြန် ဓမ္မစာမယ့် ဓမ္မစာကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးယဥ်ပြီး မင်းလေးအိပ်တော့"

"ရှုပ်သာ စိတ်ကူးယဥ်"

"ယဥ်တာပေါ့ကွာ၊ ကိုယ် အယဥ်လွန်လို့တောင် သားတွေ သမီးတွေတောင် စုံလို့ မြေးလေးတစ်ယောက်တောင် ရနေပြီ"

"တောက် ... ဒီမှာ ဦးသွယ်ဝ"

"ဟေကွာ"

"ရှင် ရှင် ကိုယ်ချင်းမစာဘူးလား။ ကဗ္ဗီပါက ရှင့်သမီး အရွယ်လောက်ပါ၊ ရှင်တွေးကြည့်စမ်း။ ရှင့်သမီး နုနုထွတ်ထွတ် ဆယ့်ရှစ်နှစ်သမီးလေးကို အသက်လေးဆယ်ကျော် အဘိုးကြီးနဲ့ ဘယ်မိဘက သဘောတူမှာလဲ ဟင်"

"ကိုယ်ကတော့တူတယ်"

"ဘာပြောတယ်"

"ဟုတ်တယ်လေ၊ အခုခေတ်က မိန်းကလေးတစ်ယောက်ကို ထိန်းရသိမ်းရတာ လွယ်တာမဟုတ်ဘူး။ အရွယ်ရောက်တာနဲ့ ရည်းစားထားချင်တဲ့ မိန်းကလေးကို ပိုဆိုးတယ်၊ ဟား ... ခေါင်းခြောက် နောက်ပြီး ယောကျ်ားတွေ ရည်းစားစကား ပြောတာကို ဂန်ဒူးမလို့ လေသိုင်း တရုတ်သိုင်းနဲ့ ရဲတတ်တဲ့ သမီးမျိုးဆို





ပိုတောင်ရင်ပူသေးတယ်"

"ဟင် ... ဒါဆို ရှင်က ရှင့်သမီးကို ဒီအရွယ်ကြီးနဲ့တူတယ် ပေါ့"

"တူတယ် ... ကြီးရင်ချွဲ ငယ်ရင်လဲ"

"ဘာ"

"ဘာ ... ကြီးတဲ့သူယူရင် ချွဲလို့ရတယ်၊ ငယ်တဲ့သူယူရင် သက်သီးနဲ့ အထိုးခံရလို့ လဲတယ်လို့ ပြီးတော့"

"ဘာလဲ"

"ဟဲ ဟဲ ... ငယ်ငယ်ရွယ်ရွယ်နဲ့ ယောကျ်ားယူလိုက်တော့ သည်း မိဘတွေစိတ်ထဲမှာ ကိုယ့်လက်က လွတ် မြောက် ဖြစ်သွားတာ ပေါ့"

"ရှင် ရှင်"!

"ဟား ဟား ဟား"

"မုဆိုးဖိုကြီး"

"ဟား ဟား ဟား"

"ကိုယ် မုဆိုးဖိုဖြစ်ရင် မင်းသေသွားမှာပေါ့"

"သေ သေ"



www.burmeseclassic.com

www.burmeseclassic.com



"သေသွားတာ မကောင်းဘူးကွ ကိုယ်နဲ့ ဘယ်ပေါင်းရတော့ မလဲ"

"ဟင် … ရှင် ရှင်"

"အေး"

"ဒီမှာ ကတ္တီပါ ရှင့်ကို စကားပြောမလို့ ရှင် ည ကိုးနာရီ အိမ်က ထွက်လာခဲ့ ကားနဲ့လာရင်လည်း ကားကို ခြံနဲ့တော်တော် လှမ်းလှမ်းမှာရပ်ပြီး ကျွန်မတို့ခြံထဲကို ခြေထောက်နဲ့လာခဲ့"

"ခြေထောက်နဲ့"

"ဒီမှာ … ပျက်မနေနဲ့ ကျွန်မ ချိန်းတာကို မေမေ လုံးဝ … စေနဲ့"

"ကလေးက ဘာ ဘာပြောမလို့ ချိန်းတာလဲ"

"ဟင် … ဦးလေးက မလာချင်ဘူးလား"

"လာချင်တာပေါ့ ကလေးရယ် ကလေးချိန်းတဲ့အချိန် … က ပိုကြိုက်တာပေါ့ ဟဲ ဟဲ … ရနေနေညှ ကိုးနာရီပေါ့"

"ဦးလေးနော်"

ကတ္တီပါ ခပ်နုနုအသံလေးနှင့် ပြောလိုက်ပြီး ဖုန်းကလေး ကာ ပျော်ကာချွေးပုရယ်လိုက်သည်။





"အဟင်း ဟင်း … လူကြီး ဘာမှန်းမသိတဲ့ လာမယ်ပေါ့၊ လာပေါ့၊ လာတော့မှ ကတ္တီပါ twist လှုပ်တာကို သိရတာပေါ့"

ကတ္တီပါ ကြိမ်းလိုက်တဲ့စကားတွေကိုသာ ထိုလူကြီး ကြား လိုက်ရပါလျှင် …။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com




## အခန်း (၁၃)

လသာဆောင်ဝရန်တာမှာ သဘာဝလေကို ရှူရှိုက်နေသည့် မေ့ကို ကတ္တီပါ အချိုသတ်ဇိုဆုံးဖြတ်ချက်နှင့် မေမေ့ခါးကို အောက်ကနေ ဝိတ်ဖက်လိုက်သည်။

"ဟဲ့ . . . အနောက်ကနေ ပါ့ကိုဖက်ပြီး ဘာချွဲဦးမလဲ ဘာ တွေ တောင်းဆိုဦးမလဲ"

မေမေ့ကို ကတ္တီပါ ဖက်ကလေးပုပြီး ချစ်စွာယပြုံးပြလိုက် . . .

"မေမေ . . . ဘယ်နှနာရီ ထိုးပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခုနစ်နာရီလေ"

"အင်း ... ခုနစ်နာရီ၊ ဒါဆို နှစ်နာရီခွဲလောက် လိုသေး

တယ်"

"ဟဲ့ ... ဘာလဲ ကတ္တီပါရဲ့"

ကတ္တီပါက မေမေ့ပန်းပေါ် ခေါင်းကလေးမှေးတင်က

ဝရန်တာလေးမှာ လက်ထောက်ရပ်လိုက်သည်။

ဝရန်တာလေးမှာ လက်ထောက်ရပ်နေခဲ့တာ နွေလေကြ

ကြမ်းက ကတ္တီပါ ဆံပင်အိအိကလေးတွေကို တုန်ခါနဲ့ ခါဝဲသွားရသည်

တုန်ခါနဲ့ ဝဲကျသွားသည့် ကတ္တီပါ ဆံပင်လေးကို မေမေ

ခပ်ဖွဖွလေး သပ်တင်ရင်း ...

"အင်း ... မေမေ့သမီးလေးတောင် ဘာလိုလိုနဲ့ အိမ်ထော

ကျတော့မယ်၊ အခုမှပဲ မေမေ စိတ်ချမ်းသာတော့မယ်၊ သွယ်

လူကြီးလူကောင်းကို ငါ့သမီးလေးရမှာ တကယ်ကံကောင်းတယ်

ချမ်းသာလိုက်တာကလည်း ..."

"တော်ပါတော့ မေမေရယ် ... ဒီမှာ ကတ္တီပါ စကား

မလို"

"ဘာလဲ သမီး"





မေမေက ကတ္တီပါကို မကျေမနပ် မှုန်မှုန်မှိုင်မှိုင်ကြီး စိုက်ကြည့်

သာတော့ ကတ္တီပါက နှုတ်ခမ်းကိုရွဲ့ကာ ...

"ဘာရမလဲ ... ကတ္တီပါ ဒီနေ့ ဟိုလူကြီးနဲ့ လက်မထပ်

ဖြစ်အောင် ယကြာရှောမယ်ဆိုပြီး ဘုရားကို သွားရင်းနဲ့ ဗေဒင်တွက်ခဲ့

တာ"

"ဗေဒင်"

"ဟုတ်"

"အဲဒီတော့"

ကတ္တီပါ ခပ်တည်တည်နှင့် မေမေ့ကို လိမ်လိုက်သည်။

"ကတ္တီပါက လူကြီးနဲ့လက်မထပ်ရအောင် ဗေဒင်ဆရာကို

မေးတော့ ဗေဒင်ဆရာက ဘာပြောတယ်မှတ်လဲ မေမေ"

"ဟင် ... ဘာပြောလဲ"

မေမေ စိတ်ဝင်စားသွားတာကို ကတ္တီပါက စိတ်ထဲက

ပြုံးရင်း မှုန်မှုန်မှိုင်မှိုင်လေး ဆံပင်ကိုသပ်ကာ ...

"ညည်း အဲဒီလူကို မလိုချင်လို့ နိမိတ်ကြားကို ထွက်ပြေးလည်း

မလွတ်ဘူး၊ လက်ထပ်ရမှာပဲတဲ့"

"ဟုတ်တာပေါ့၊ သူက ပိုက်ဆံချမ်းသာတဲ့သူဆိုတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာပတ်ပြေးလည်း သူက ကမ္ဘာပတ်ရှာနိုင်တာပဲ''

''မေမေကလည်း ပြောတာနားထောင်ပါဦး''

''အေး အေး ... ဆက်ပြော''

မေမေက မျက်ခုံးပင့်ပြီး မေးလိုက်တော့ ကတ္တီပါရယ်ရ

တာကို ဆံပင်အုပ်ပြီး နှုတ်ခမ်းကွေးရှုံ့ပြုံးလိုက်သည်။

အတော်ကြီးကြာမှ ဆံပင်လေးကိုပင့်ကာ မျက်နှာလေး

မော့လိုက်ပြီး ...

''ဗေဒင်ဆရာက ပြောတာ ထူးတယ် မေမေ၊ ကတ္တီ

အဲဒီလူကြီး လက်ထပ်ပြီးရင် လက်ထပ်ပြီးပြီးချင်း ကွဲမယ်တဲ့''

''ဟေး''

''အဲဒါ မကွဲအောင် ကတ္တီပါ အမေက ကတ္တီပါဝတ်

ဂါဝန်ကိုဝတ်ပြီး လျှာထိုးဦးထုပ်ဆောင်းပြီး စနေနေ့ည ကိုးနာရီ ဒီရွေ

ကိုးနာရီခွဲမှာ စနေထောင့် ပန်းခြံထဲပေါ့ မေမေရယ်၊ ပန်းခြံထဲ

နှင်းဆီကိုးပွင့်ကိုင်ပြီး လက်ကို ကျောခိုင်းပြီး မတ်တတ်ရပ် ရမယ်

''ဟော''

မေမေ တဟောဟောနဲ့ အံ့ဩနေတာကို ကတ္တီပါက တစ်

လှည့်ရယ်လိုက်သည်။





''အဲဒီလို ယကြားမလုပ်ရင် အဲဒီလူကြီးနဲ့ ကတ္တီပါ လက်ထပ်

ပြီး နောက်နေ့ကွဲမယ်တဲ့''

''အာ ... ဘယ်အကွဲစလို့ ဖြစ်မလဲ ဒီ ညည်းဂါဝန်ကို

တ်ပြီး ညည်းလျှာဦးထုပ်ကို ဆောင်းပြီး ဒီညကိုးနာရီခွဲ ပန်းခြံထဲမှာ

ဆီပန်းကိုးပွင့် ကိုင်ပြီး လက်ကိုကျောခိုင်းပြီး ရပ်နေမှာပေါ့ ... ဝေနီး

လားအေ၊ အခု ဘယ်နှနာရီထိုးပြီလဲ''

''ခုနစ်နာရီခွဲပြီ''

''ဒါဆို နှစ်နာရီလောက် လိုသေးတာပဲ ရတယ်၊ ဒါကတော့

ည်းကို သွယ်ဝနဲ့ လုံးဝကို အကွဲမခံနိုင်ဘူး''

''ဟုတ် ... ကတ္တီပါလည်း ယူပြီးမှ အကွဲမခံနိုင်ဘူး မေမေ''

''ဒါပေါ့သမီးရယ်၊ ညည်းဂါဝန် ထုတ်စမ်း၊ ဂါဝန်ကရော

အရောင်လဲ''

''အနက်ရောင်တဲ့ မေမေ''

ကတ္တီပါ ပြောရင်းနှင့် ကတ္တီပါဝယ်ထားသည့် အရောင်တူ

နက် မေမေနှင့် တော်သည့်အထည်ကို မေမေ့ကို ထုတ်ပေးဖို့

မှရှေ့က လှည့်ထွက်လာခဲ့သည်။

မေမေကတော့ ကတ္တီပါ့အကြံတွေကို ဘာမှမသိဘဲ ကတ္တီပါ



www.burmeseclassic.com

www.burmeseclassic.com



အနောက်ကနေ ယကြာချေ့မှုအတွက် စိတ်အေးတက်ကြွစွာ လိုက်လာခဲ့သည်။

ကတ္တီပါကတော့ ရယ်ချင်လွန်းလို့ နှုတ်ခမ်းကို ဖိကိုက်ထား... သည်။

✺

ကတ္တီပါသည် ကိုယ့်အကြံနှင့်ကိုယ် ဆံပင်ကို မျက်နှာအုံ... အောင် ရှေ့ချထားပြီး ဂျင်းဦးထုပ်ကလေးဆောင်းကာ ကိုယ့်ကိုယ်ကို... ပြန်ကြည့်လိုက်သည်။

"အဟိ ... အခုမှ သရဲမလေးနဲ့ တူသွားပြီ ဂါဝန်ကအနက်... နေကာမျက်မှန်ကြီးကလည်း အနက်ကြီးနဲ့ ဟိ ဟိ ဂျင်းဦးထုပ်အနက်... ကလေးနဲ့ဆိုတော့ အနက်ရောင်မင်းသမီး မဟုတ်ရာမင်းသမီးလေးပေါ့..."

ကတ္တီပါသည် မေမေ့ကို တစ်ပတ်လှိမ့်ခဲ့ပြီး ညရှစ်နာ... လေးဆယ့်ငါးလောက်ကတည်းက ခြံတံခါးဝမှာ ထွက်စောင့်နေလို... သည်။





ကတ္တီပါ ငါးမိနစ်လောက်ပဲ စောင့်လိုက်ရသည်။

ခြံတံခါးအဝ ကုန်းကုန်း ကုန်းကုန်းနှင့် ဘောင်းဘီရှည်...မြူမှုကြီးကို ဝတ်ပြီးရောက်လာသည့် ဦးသွယ်ဝကို ကတ္တီပါ... နေကာမျက်မှန်ကြီး ချွတ်ပြီး ကြည့်လိုက်သည်။

ပါးစပ်ကလည်း အသံပြုလိုက်သည်။

"ဦးလေး တစ်ယောက်တည်းလား"

"ဟ ... ငါက တစ်ယောက်တည်း မဟုတ်လို့ အေး ... ...င်းနဲ့သွားရင်တော့ နှစ်ယောက်"

"ဟာ ... ရောက်တာနဲ့ နှာခေါင်းကပွပြီ၊ ဒရိုင်ဘာပါ ပါ...သားလားလို့ မေးတာ"

"ဩော် ... မပါဘူး။ ကိုယ့်ဘာသာ ကားမောင်းလာတာ၊ ...ကားကို ဟိုဘက်ခြံထိပ်မှာ ရပ်ထားတယ်"

"အင်း အင်း ... ကောင်းတယ်၊ ဒါပေမဲ့ ဦးလေးဝတ်လာတဲ့ ...သိမ်ကြီးက အပြူကြီး"

"ဟိတ် ... တံခါးဖွင့်လေ"

"ဖွင့်ပြီးသား။ လာ လာ ဦးလေး ... ပန်းခြံထဲ သွားရ...အောင်"



www.burmeseclassic.com

www.burmeseclassic.com



ကတ္တီပါ ဦးသွယ်ဝကို ရေပက်မဝင်အောင် စကားပြောပြီး တံခါးဖွင့်ပေးကာ ဦးသွယ်ဝလက်ကြီးကို ချိုင်းကြားဆွဲညှပ်လိုက်သည်။

"အား"

"ဟင် ... ဘာဖြစ်တာလဲ"

"ငါ့လက်ကို ချိုင်းကြားထဲ မညှပ်နဲ့"

"ဘာဖြစ်တယ်"

"ဩော် ... ငါက ယောင်တတ်လို့ တော်ကြာ ယောင်ပြီး တစ်ခုခု"

"ဘာ ... ဘာတစ်ခုခုလဲ"

"ဩော် ... မဟုတ်ပါဘူး"

"အသက်ကြီးပြီး နားခေါင်းမပွနဲ့ ... လာ လာ ကိုကြီး"

"ဟင် ... ဘာ"

"လာစမ်းပါ ... ကိုးနာရီထိုးတော့မယ်"

ကတ္တီပါက ဘောင်းဘီရှည်ပွပွကြီးဝတ်ထားသည့် လူကြီး ကလေးလေးတစ်ယောက်လို ပန်းခြံထဲ ဆွဲခေါ်လာခဲ့သည်။

"လာ လာ ... ဒီမှာထိုင် ဦးလေး"

"ဟ ... မင်း ဘယ်လိုဖြစ်နေတာလဲ၊ ကိုယ့်ကို ဦးလေး





ခေါ်လိုက်၊ ကိုကြီးလို့ ခေါ်လိုက်နဲ့ ရှုပ်နေတာပဲ"

"ဟင် ... ဘယ်မှာ ကိုကြီးခေါ်လို့လဲ"

"ခေါ်ပါတယ်"

ဦးသွယ်ဝက ပြောပြောဆိုဆို ကတ္တီပါကို သူ့ရင်ခွင်ထဲ ဆွဲထည့်ပြီး ကတ္တီပါမျက်နှာကို အတင်းဆွဲမော့ကာ နမ်းပါတော့သည်။

"အာ ဦးသွယ်ဝကြီး ... မလုပ် မလုပ်နဲ့"

"ဘာလုပ်လို့လဲကွာ ... နမ်းတာပဲ"

"ဟင့်အင်း ဟင့်အင်း ... မနမ်းနဲ့ဦး"

"ဟင် ဘာ"

"ကိုး ကိုးနာရီခွဲမှ နမ်းရမှာ၊ ကတ္တီပါ ဗေဒင်တွက်ထားတာ ဒီမှာတွေ့လား ဦးလေး"

"ဟင် ... ဘာလဲ"

သူက ကတ္တီပါလက်ထဲက မှန်နက်ကြီးကိုကြည့်ပြီး မျက်လုံး ပြူးသွားသည်။

အင်း ... ဒီကောင်မလေး ဘာတွေ စိတ်ရူးပေါက်တာပါလိမ့်။

"ဒီ ... ဒီမျက်မှန်နက်ကြီးက ဘာလဲ"

"ဗေဒင်တွက်ထားလို့ပါဆို"



www.burmeseclassic.com

www.burmeseclassic.com



"မေဒင်"

"အင်း"

"ဟာ"

"ဦးလေး တွေ့လား။ ကတ္တီပါ ဝတ်ထားတာ အနက်ကြီးပဲ ဦးထုပ်ကအစ အနက်၊ ဒီမျက်နှာဖုံးအနက်ကြီးကိုလည်း တပ်ရမယ်တဲ့ အဲဒါမှ ဦးလေးနဲ့ လက်ထပ်ပြီး မကွဲမှာ"

"ဟင်"

"ဦးလေး ဦးလေးကလည်း ဘာဝတ်စုံကြီးဝတ်ထားတာလဲ အဖြူကြီး။ နွားနို့ချက်တဲ့ကုလားကြီး ကျနေတာပဲ"

"ဟာကွာ ... ဘာတွေ လာပြောနေတာလဲ၊ ရှုပ်လိုက်တာ"

သူက ပြောပြောဆိုဆို ကတ္တီပါ နှုတ်ခမ်းလေးကို ငုံနမ်းလိုက်သည်။

"အာ ... ဦးလေး မနမ်းနဲ့ ကိုးနာရီခွဲမှ နမ်းရမှာတဲ့၊ မေဒင်ဆရာက ပြောထားတယ်၊ အဲဒါမှ ဦးလေးနဲ့ လက်ထပ်ပြီးမကွဲမှာတဲ့"

"ဟာကွာ"

"ပြောလို့မရဘူးလား။ နို့ဆို ကွဲမှာ"

"အေး ... ပြီးရော ပြီးရော"





သူ အသက်အောင့်ပြီး ကတ္တီပါကို ဆွဲဖက်ထားရာမှ ခပ်မြည်းမြည်း လွှတ်လိုက်သည်။

အဲဒီအချိန်မှာ ကတ္တီပါက သူ့ရင်ခွင်ထဲက ဆတ်ခနဲ ရုန်းထလိုက်ပြီး ...,

"ဦးလေး"

"ဟေ"

"ကတ္တီပါ နောက်ထပ်ငါးမိနစ်လောက်ကြာရင် လာခဲ့မယ်"

"ဟင် ... အခု အခုက ဘယ်သွားမှာလဲ"

"အခုက Bathroom သွားရဦးမယ်၊ Bathroom သွားပြီးမှ ဦးလေးနဲ့ ဒီပန်းခြံထဲ မလာခင် ကတ္တီပါက လက်ကိုကျောနိုင်းရစ်ရမှား လက်ထဲမှာ နှင်းဆီကိုးပွင့်နဲ့ မျက်နှာအနက်တပ်ပြီး ဆံပင်လည်း ဖားလျားချထားရမှာ၊ အဲဒီတော့မှ ဦးလေးက"

"အေး ... ပြီးရောကွာ ပြီးရော နောက်ထပ်ငါးမိနစ်ကြာရင် လာမှာနော်"

"ဟုတ်"

ကတ္တီပါ ဦးသွယ်ဝကို တည်တည်နှင့်လိမ်လိုက်ရသည့်အတွက် ရင်ထဲမှာ ရယ်ချင်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟွန်း ... နောက်ဆိုဆယ့်ငါးမိနစ်ကြာရင်တော့ မေမေနဲ့ ဦးသွယ်ဝ ဘယ်လိုနှစ်ပါးသွားကြမည်မသိ။

ကတ္တီပါကတော့ ကိုယ့်လုပ်ရပ်ကိုယ် သဘောကျသွားရပါတော့သည်။

✿

ကတ္တီပါပြောသွားသည့် စကားတွေက အဆန်းပဲ။

ဘာစကားတွေမှန်း မသိ။ သူ တကယ် နားမလည်ပါ။

နားမလည်ခဲ့ပေမယ့် သူမ,ပြောသည့်စကားလေးတွေကိုတော့ ရင်ခုန်သာယာမိသည်။

"အား ဦးလေး မနမ်းနဲ့၊ ကိုးနာရီခွဲမှ နမ်းရမှာတဲ့၊ ဗေဒင်ဆရာက ပြောထားတယ်၊ အဲဒါမှ ဦးလေးနဲ့ လက်ထပ်ပြီးမကွဲမှာတဲ့"

ဟား ... အသည်းလေးပြောတဲ့ ကိုးနာရီခွဲကိုစောင့်ရမှာပေါ့။

အင်း ... ကိုးနာရီခွဲဖို့ ငါးမိနစ်ပဲလိုတော့တယ်။

ယော ... ပြောရင်းဆိုရင်း ဟိုမှာ မဟူရာပင်းသမီးလေး





လာနေပြီ။ ညမှောင်မှောင် လရောင်အောက်မှာ နေကာမျက်မှန်အနက်ကြီးကြီး တပ်ပြီး ဂါဝန်အနက်ကလေးနှင့်လျှင် ဦးထုပ်အနက်ကလေးကို ဆောင်းပြီးလာနေတာ။

အင်း ... ဘာတဲ့ ... ပြောသွားသေးသည်။

ကတ္တီပါက လက်ကို ကျောခိုင်းရပ်ရမှာ၊ လက်ထဲမှာ နှင်းဆီကိုးပွင့်နဲ့ မျက်မှန်အနက်တပ်ပြီး ဆံပင်လည်း ဖားလျားချထားရမှာ၊ အဲဒီတော့မှ ဦးလေးက ... ဆိုပြီး ပြောခဲ့တဲ့ စကားသံချိုချိုလေးတွေကို သူ အသည်းယားစွာ လက်ကိုကျောခိုင်းပြီး နှင်းဆီကိုးပွင့်ကို လက်မှာ ဆုပ်ကာ နတ်ပူးသလို တဆတ်ဆတ်တုန်နေသည့် ချစ်သူလေးဆီ သူကအနောက်ကနေ ခြေသံဖွဖွ နင်းသွားလိုက်သည်။

အင်း ... ခြေသံကို ဖွဖွနင်းရင်းမှ လက်မှာပတ်ထားသည့် Rolex နာရီကို လရောင်ဖြင့် ထောင်ကြည့်လိုက်တော့ ကိုးနာရီခွဲအတိ ဖြစ်သွားပြီမို့ သူကလည်း ချစ်သူလေးတိုင်တည်နေသည့်အနားသို့ ရောက်လာပြီး ချစ်သူလေးကိုယ်လုံးလေးကို အနောက်ကနေ ခပ်ကြမ်းကြမ်း သိုင်းဖက်ပစ်လိုက်ပြီး မျက်နှာလေးကို ဆွဲမော့ကာ နှင်းလိုအလုပ် ...

"ဟဲ့ ဟဲ့ ... ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီ ... ဒီဒီ"

"အောင်မယ်လေး ... သွယ် သွယ်ဝ နှင်း နှင်း ... ဒါ ဒ ဘာလုပ်တာလဲ နှင်း မီးလောက်တောင် နာတွေလောက်တာ ဒါကြောင့် ဖိုးသမီးက နှင်းကို နာတွေလို့ပြောတာ ငါကတော့ မယုံဘူး ... အေး ယုံပြီ ယုံပြီ"

"ဟင် ... နှင်း နှင်း ... ယု ... နှင်း ဘာစကားပြောတာလဲ"

"ဟုတ်တာပြောတာ အရူးမရှိ တကယ် ငါရူးလိုက်တာ ငါရူးလိုက်တာ မျက်နှာကိုသာ မာနပြုံးပြုံး ဖြဲဖြဲလိုပေမယ့်ရှင်တယ် သွား သွား ... နှင်းကို ဖိုးသမီးရဲ့ သဘောမတွေ့တော့ဘူး သဘောတွေ့ ဘူး နှင်းဘာသာ တယ်လောက်ချစ်သောချစ်သော ဖိုးသမီးရဲ့ နှင်းကို မပေးစားနိုင်တော့ဘူး။ သွား သွား ... နှင်း ထွက်သွား"

သူ ယုကိုကြည့်ပြီး ဘာမှ ပြန်မပြောနိုင်အောင် ရင်တွေ မွန်းပိတ်သွားသည်။

ရင်ထဲမှာလည်း အညာခံလိုက်ရသည့်အတွက် အခံရခက် သွားသလို ရှက်လည်းရှက်သွားသည်။

ရှက်ရှက်နှင့် ယုကို ပြန်အော်လိုက်သည်။

"ယုံ ... နှင်း ငါ့ကို နှင်မထုတ်နဲ့ အခုဟာက နှင်းသမီးလည်





တာ။ နှင်းသမီး လည်တာ၊ နှင်နဲ့ငါ့ကို လှလှပပ ရောက်ရှုတာ နှင်း သမီးလည်တာကို နှင်က မပြောဘဲ ငါ့ကိုလာပြီးမပြောနဲ့"

"နှင်း ဘာမှမပြောမနေနဲ့ သွယ်ဝ ညကြီးအချိန်မတော် နှင်က ခြံထဲလာပြီး ဖိုးသမီးချောင်းရအောင် ... ဟင်"

"ချောင်းတာ မဟုတ်ဘူး ... နှင်းသမီး ရှိနေတာ"

"ဟို ... ဘာပြမ်းပြမ်း သွားပေါ့ ... နှင်း အခုပြန်"

ယုရဲ့စကားတွေက ရင်ဘဝိုးတာပြီးနဲ့ သူ ဒေါသပြစ်ပြစ်နဲ့ ယုကို ခါးထောက်ကြည့်ပြီး ခါးကြီးကို ရှေ့ကိုင်းကာ ...

"အေး ... နှင်းသမီးရဲ့ ငါ တွေ့မယ် အလည်မှ ... ငါ့ကို ရောက်ရှုတာ မိန်းမလည် သိန်းကြွယ်မ ဟွန်း ... တွေ့မယ် တွေ့ မယ်"

သူ ယုကို စိုက်ကြည့်ပြီး အံကြိတ်ကာ မှာခဲ့ လှည့်ထွက် လာခဲ့သည်။

သူ့ခြေလှမ်းတွေထဲမှာ ဒေါသနှင့် အရှက်ရမှုတွေက ကြီးမားခဲ့ ပြီ ခြေလှမ်းတိုင်း နာကျင်နေခဲ့တာ ကျွန်ုပ်သော သိမ်ငယ်မှုနှင့် မျက်ရည် အစစ်ခွဲမှုကြောင့်အတွက် ဘယ်လောက် ဟားတိုက်ရမည်ဆို[illegible] တော့။



www.burmeseclassic.com

www.burmeseclassic.com



လှောင်ပြုံးနဲ့ သူ့ကို ကြီးပေါ်လောကြီးလို့ သရော်မှာ သေချာသည်။

အခုလောက်ဆို သူနဲ့ပယ ပြဿနာဖြစ်တာကို တစ်နေရာရာက ချောင်းကြည့်ပြီး လက်ခုပ်လက်ဝါးတီးပြီး လှောင်နေလောက်ပြီ။

ဟွန်း ... လှောင်စမ်း။ လှောင်ထားစမ်း။

မင်းနဲ့ငါ တစ်နေ့တော့ တွေ့ကြမှာပါ။ အခု စေ့စပ်ပွဲမှာ ... ပေမယ့် တစ်နေ့ ... မင်း ငါ့လက်ထဲရောက်မှာပါ။

"ဟား ဟား ဟား ... ညာဏ်များတဲ့ မင်းကို ငါက လက်လွှတ်သွားမယ် ထင်သလား။ လုံးဝပဲ ကတ္တီပါ၊ ယောက္ခမ သဘောမတူပါဘူးဆိုခါမှ မင်းကို ရအောင်ယူပြမယ်။ စောင့်ကြည့်လိုက်"

သူ့ရင်ထဲက စကားတွေကို ကတ္တီပါသာ ကြားသိခွင့်ရလိုက် ... ပါလျှင်။

❁ ❁ ❁



အခန်း (၁၄)

ဘီယာ တစ်ဘူးပြီးတစ်ဘူး သောက်နေသည့် ဆရာ့ကိုကြည့် ... ချက်ဝိ နှာခေါင်းရှုံ့လိုက်မိသည်။

စိတ်ထဲကလည်း ကဲ့ရဲ့လိုက်သည်။

ဟွန်း ... အသက်ကြီးမှ နှာခေါင်းပွတဲ့ရောဂါက မသေးလှပါ ...

ခြော် ... ဆရာ ဆရာ၊ ကိုယ့်အသက်အရွယ်ကိုယ်မှ အား ... လျှာမကျိုး ဆယ်ကျော်သက်ကလေးကို မှန်းချင်တာ။ အခုတော့ ... ယ်ကျော်သက်ရဲ့ ချောက်တွန်းမှုကိုခံလိုက်ရပြီ။



www.burmeseclassic.com

www.burmeseclassic.com



အဟား ဟား ... ရယ်ချင်လိုက်တာဗျာ။

လှုပ်ကြီးတွေများ အသက်ကြီးလာရင် ဘာမှမမြင်တော့ဘူး (နှာခေါင်းရောဂါထတာ ဆယ်ကျော်သက်တဲ့)

အစုလည်းကြည့်၊ မှုးပြီး ရင်မှင့်ပေါက်ကွဲနေတာ သူ့ရယ်ချင် လွန်းလို့ နှုတ်ခမ်းကြီးကို ဇွဲကြိတ်ထားရသည်။

"အား ဟား ဟား ...အလည်မ ယကြာချေတာတဲ့ ငါ့ကို မတ်တာ၊ ချောက်ချတာ၊ ယု ယု အထင်လွဲအောင်လုပ်တာ တွေ့မယ်၊ မင်းတော့လား ...ငါ့လက်စာမိလို့ကတော့ မင်း လွယ်မှာ မဟုတ်ဘူး"

"အဝ် ... ဆရာ ဆရာ ဘာပြောတယ်"

"ဟော့ကောင် မင်းပါးစပ်ပိတ်ထား"

"သွယ်ဝသည် မူးမူးရူးရူးနှင့် ကိုကြီးကျော်သီချင်းကို အော် ဆိုလိုက်ပြန်သည်။

"ကိုကြီးကျော် ကိုကြီးကျော်"

"ကိုကြီးကျော် ကိုကြီးကျော်"

မူးမူးနှင့် ပုဆိုးကြီးကို လွှယ်သိုင်းပြီး ကလိုက်ပြန်သည်။

"ဆရာ ဆရာမူးရင် အိပ်ပါတော့ဗျာ"





"ဘာကွ ... ငါက ဘီယာအမူးလောက်ကတော့ ပျင်းသေးတယ်၊ ဟော့ ... ပျင်းတောင်ပျင်းသေးတယ် ကတ္တီပါရေ ကလေးရေ မင်းပညာလောက်ကတော့ ကိုကြီးက ပျင်းသေးတယ်၊ မတောက် တခေါက်ပညာလေးနဲ့ ပျင်းတောင်ပျင်းသေးတယ်ဟေ့၊ မိန်းမတို့ရဲ့ မာယာလောက်တော့ ပျင်းသေးတယ်၊ ပျင်းသေးတယ်၊ ပျင်းတောင် ပျင်းသေးတယ်"

လက်သီးလက်မောင်းတန်းပြီး သူ ဘီယာကို ထပ်မော့လိုက် သည်။

"အာ ... ဆရာ လွန်ပြီဗျာ၊ ကျွန်တော် ကတ္တီပါကို ဖုန်း ဆက်ပြီး တိုင်လိုက်မှာ"

"ကတ္တီပါနဲ့တိုင်တိုင် ကမ္ဘာလာနဲ့တိုင်တိုင် အရေးမစိုက်ဘူး။ ဇွဲစပ်ပွဲပျက်အောင် လုပ်တဲ့မိန်းမ၊ တွေ့မယ် ...ဒီတစ်ခါတော့ တစ်ခါတည်း လက်ထပ်ရအောင် ငါလုပ်ပြမယ် ...ကြည့်နေ၊ ဟင်း ... ယုမကလည်း သမီးဂုဏ်မောက်နေလိုက်တာ၊ ငါ တစ်ခါလေးပဲ မှားမက်မိတာကို သောက်ကြီးသောက်ကျယ်လုပ်လို့ ဟွန်း ...သင်း သမီးကို ငါ တစ်ပတ်အတွင်း မယားလုပ်ပြမယ်"

"အာ ... ဆရာ ဆရာရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွ မင်းက"

"ကျွန်တော် ကျွန်တော် အိပ်ရာထဲကို တွဲပို့နေပါတယ်ဗျာ"

"အေး ... ပို့ မြန်မြန်ပို့ပေါ့"

ပါးစပ်က ပြောရင်း သူက "ကလေးရေ" လို့လည်း အော်လိုက်မိသည်။

အဲဒီအသံ အဲဒီဟာန်တွေကို ကတ္တီပါသာ မြင်တွေ့ခွင့်ရလိုက်ပါလျှင် သူ့ကို ဘယ်လောက် သနားလိုက်မလဲ။

အင်း ... သူကလည်း သနားစရာဖြစ်နေတာကို။

✸

မနက်မိုးလင်းတာနှင့် ရေစပ်ပွဲကိစ္စပျက်သွားသည့်အတွက် ကတ္တီပါက လက်သီးလက်မောင်းတန်းပြီး ရေချိုးခန်းထဲမှာ သိုင်းကွက်နင်းလိုက်သည်။

'ရှိုး ယား ယား ရှိုး'

"..."





'ခွပ်'

"..."

'ဒုတ်'

အမျော်လွန်ပြီး လက်သီးနှင့် ရေချိုးခန်းတံခါးကို တခွပ်ခွပ် တဒုတ်ဒုတ် ထိုးလိုက်သည်။

"ဟဲ့ ... အထဲမှာ ဘာဖြစ်နေတာလဲ၊ တဒုန်းဒုန်းနဲ့"

"ဟင်"

ကတ္တီပါ သိုင်းကွက်နင်းနေတုန်းမှာပဲ ရေချိုးခန်းအပြင်က မေမေ့အော်သံက ကတ္တီပါကို ဇက်ကလေးပုကာ လျှာထုတ်လိုက်သည်။

အမ်း ဟမ်း ဟမ်း။

လာပြီ လာပြီ။

ကတ္တီပါသည် ကိုယ်အနေအထားကို ပြင်ဆင်ရင်း ရေကိုချိုးတာ ဣန္ဒြေဆယ်လိုက်သည်။

ဣန္ဒြေဆယ်ပြီးမှ အသံချိုချိုနုနုလေးနှင့် ...

"မေမေလား"

"အေး"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ကတ္တီပါ ရေချိုးရင်းနဲ့ Exercise လုပ်နေတာ"

"Exercise လား လေသိုင်းလား"

"လေသိုင်း"

"ဘာ"

ကတ္တီပါ စကားပြောလေသွားပြီးမှ ပါးစပ်ကို ပြန်ပြီး ဘရိတ်ထိန်းလိုက်ရသည်။

'ဒုန်း ဒုန်း'

ဟဲ့ ကတ္တီပါ ... တံခါးဖွင့်စမ်း"

မေမေ တံခါးကို တဒုန်းဒုန်းထုနေတာကို ကတ္တီပါက ပါးစပ်ကိုလက်ဝါးနှင့် အုပ်ပြီး အံ့ဩတကြီးဖြစ်သွားသည်။

"ကတ္တီပါ"

"ရှန် ရှန်"

"ဘာ ရှန်တာလဲ၊ နင် အခန်းထဲမှာ သိုင်းကစားနေတာလားဟင်၊ နင် အရူးထနေတာလား"

"မထပါဘူး"

"အေး ... ဒါဆို တံခါးဖွင့်၊ ဟင်း ... ငါ့မှာ တကတဲ တကတဲ မျက်နှာကို ပူလွန်းပါတယ်၊ ကိုယ်တော်ရမယ့် သမက်က





သမီးနဲ့မှားဖက်တာ ငါ မျက်နှာပူတယ် ပူတယ်၊ နင်ကတော့ ဒီနေ့ စေ့စပ်ပွဲကြီးပျက်သွားပြီဆိုပြီး သိုင်းတောင်ကနေတာ မဟုတ်လို့လား"

"ဟုတ်"

"အေး ... အဲဒီ သိုင်းရူးရူးနေသမျှ နင့်ကို ငါ စိတ်ချေ

ဒီနေ့ သွယ်ဝံနဲ့ စေ့စပ်ပွဲပျက်ပေမယ့် ငါကတော့"

"မေမေ ... ဒီ ဒီ နှာဘူးကြီး မေမေ့ကိုဖက်ထားတာတောင် မေမေက စိတ်မနာဘူးလား"

"စိတ်နာရအောင် သူက ငါမှန်းသိသိကြီးနဲ့ ဖက်တာ မှ မဟုတ်တာ"

"အောင်မယ်လေးနော် ... ခွင့်လွှတ်နေတာတဲ့လိုက်

"ဘာပြောတယ် ... ညည်းက ဒါ အမေကို ပြောတာ လား"

"ဟင် ... မေမေကလည်း"

ကတ္တီပါက မေမေ့ကိုကြည့်ရင်း ညာဏ်လှာသုံးလိုက်

"မေမေ့လူကြီးက နှာဘူးဆိုတာ မေမေ လက်ခံသွား

"ဟဲ့ ... သူချစ်တဲ့မိန်းကလေးကို သူဖက်တာ ဘာ

"ဒါဆို မေမေက မေမေက ဒီအတွင်လင်းကိုထော

www.burmeseclassic.com



"ညည်း ဉာဏ်မျှားတာကို ငါသိလို့ သွယ်ဝက လူရိုးလူအေးကြီး၊ လူရိုးလူအေးကြီးဆိုတော့ ညည်းအလှည့်စားကို ခံရတာ၊ ငါကလည်း ညည်းဖေခင်နဲ့ခြောက်တာကို တကယ်ယုံမိတာ၊ အခုတော့ ငါနဲ့သွယ်ဝ ချောက်ချခံရတာပဲ၊ ငါကလည်း စိတ်ဆိုးဆိုးနဲ့ သွယ်ဝကို နှင်ထုတ်လိုက်မိတာ၊ တကယ်အားနာတယ်၊ ဟင်း … ဖုန်းဆက် တောင်းပန်ရကောင်းမလား"

"အာ … မတောင်းပန်ပါနဲ့၊ ဘာလို့ တောင်းပန်ရမှာလဲ"

"တောင်းပန်မယ်၊ ငါမှားတာ ငါတောင်းပန်ရမှာပေါ့၊ ဒီသမီး သိုင်းရှူးရှူးနေတဲ့သမီးကို ငါ ဆက်မထိန်းနိုင်တော့ဘူး၊ ငါ ဒုက္ခအဖြစ်မခံနိုင်ဘူး"

"ဒါဆိုလည်း သွား … သွားတောင်းပန်"

ကတ္တီပါ မေမေ့ကို ကျောခိုင်းပြီး ရေချိုးခန်းထဲ ပြန်ဝင်လိုက်ပြီး ရေချိုးခန်းနံရံကို တဝုန်းဝုန်းထိုးပစ်လိုက်သည်။

"သွား၊ သွား … ဒီဘဝကြီးကို မုန်းတယ်၊ သိပ်မုန်းတယ်"

ကတ္တီပါ မပိုမိအောင် မျက်ရည်တွေကို မျက်တောင်ရှည်များနှင့် ပင့်ထားလိုက်သည်။

❁ ❁ ❁



အခန်း၊ (၁၅)

ကတ္တီပါ ကိုယ့်စေတနာ ကိုယ်အကျိုးပေးတာထင်သည်။

သူနှင့်ချေစဝ်ပွဲပျက်ပြီး နောက်တစ်နေ့မှာပဲ အိမ်မှာနေရင်းနှင့် ပြဿနာကို အလိုလို ရင်ဆိုင်လိုက်ရသည်။

ကတ္တီပါတစ်ယောက်တည်း ဧည့်ခန်းထဲမှာ အေးအေးဆေးဆေး နိုင်ငံခြားဇာတ်ကား ကြည့်နေတုန်းမှာပဲ ဧည့်ခန်းတံခါးပွဲက ဖုန်မြည်လာတာ ဖြစ်သည်။

'တူ တူ တူ'

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကဏ္ဍီပါ ခုန်ဆွဲညှိလာတာကို ဂရုမစိုက်ဘဲ ကိုယ့်အာရုံနှင့် ကိုယ် အာရုံစိုက်နေလိုက်သည်။

ဇာတ်လမ်းက ဇာတ်ကြမ်း။

မင်းသားက မင်းသမီးကို ဓားနဲ့ထောက်ပြီး သူ့နောက်ကို ခေါ်သည့်ဇာတ်လမ်း။

ဗီဇာတ်လမ်း ကောင်းခန်းမှ အာရုံများခံပြီး ထပြီး ဖုန်းမကိုင် နိုင်။

ဖုန်းက မကိုင်မချင်းကို မြည်နေခဲ့တာမို့ ကဏ္ဍီပါ စိတ်မရှည် တော့ဘဲ ဖုန်းလေးကို ကောက်ကိုင်အသံပြုလိုက်သည်။

"ဟယ်လို"

"ကဏ္ဍီပါနနလေးလား"

"ဘာ ... ဘယ်သူလဲ"

ကဏ္ဍီပါ စင်းဆောင့်ဆောင့် မေးလိုက်တော့မှ တစ်ဖက်က ခဏငြိမ်သွားပြီး ...

"သိချင်လား"

"သိချင်ရင် မင်းတို့မြို့ရှေ့ကို ထွက်ခဲ့လေ။ သိုင်းမင်းသမီး လေးကို တွေ့ချင်လို့ပါ။ သိုင်းပညာရှင်မယ်လေး ပညာဘယ်လ





သာမလဲ ကြည့်ချင်လို့ ပေါ့ ဘယ်လိုလဲ ... သတ္တိရှိလား တို့ မိန် ခေါ်တယ်"

"နင်တို့ ဘယ်သူလဲ"

"လွှမ်းခဲ့တဲ့လေးလေးလေးယောက်က မင်း Fighting Play ခဲ့တဲ့ သူတွေ"

"အိုက ... နိုက်ကြေးလေးမျှနဲ့ ကဏ္ဍီပါနနက နာမည်က သာ နတား လူကတော့ မင်းတို့သိတဲ့အတိုင်းပဲ တစ်ယောက် တစ် ယောက်ချင်းနော်။ အုပ်စုဖွဲ့ပြီးလာလို့ကတော့ မလောကိုနဲ့"

"တစ်ယောက် တစ်ယောက်ချင်းပါ။ အိုက ... မင်း လာမှာ လား။ ငါ မင်းတို့မြို့ထိပ်က စောင့်နေမယ်"

"အိုက"

ကဏ္ဍီပါ ချက်ချင်းပင် မြို့ထိပ်ကို လှည့်ထွက်လိုက်သည်။

မေမေ မီးဖိုဆောင်ထဲမှာ အလုပ်ရှုပ်နေတုန်းမှာပဲ ကဏ္ဍီပါ အိမ်ရှေ့ကို လစ်ထွက်လာခဲ့သည်။

"ဟိတ် ... ရွှတ် ရွှတ် ... ဒီမှာ"

"ဟင်"

ကဏ္ဍီပါက ဆောင်းအိပ်ရည်ထဲ လက်နှိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်လိုက်သည်။

"ဘာကြည့်တာလဲ ကတ္တီပါနုနု"

"ချမယ်လေ နင်နဲ့လား"

"ဟ ... ဘာကိစ္စ ချရမှာလဲ၊ မင်းကို သက်သက်စိန်ခေါ်

တာ၊ ငါစိန်ခေါ်တာက မင်း။ ငါလိုချင်တာက မင်းအချစ်၊ မင်းကိုယ်"

"ဘာ"

'ဖြောင်း'

"ဆော်တယ်ဟေ့၊ ကောင်မက စွာတယ်၊ ဟေ့ကောင်တွေ

ဒီကောင်မကို ကားထဲဆွဲတင်"

'ဖြောင်း'

ဒီလောက် မိုက်ရိုင်းခဲ့ပြီး မိုက်ရိုင်းတဲ့ကောင်တွေကို ကတ္တီ

ပါ ပညာကုန် ထုတ်သုံးလိုက်သည်။

လက်မှစ်ဖက်ကို အားဖြင့် ဆန့်ထုတ်လိုက်ပြီး သူမလက်ကို

လာဆွဲသည့် လူကို လက်သီးနှင့်ဆွဲထိုးလိုက်သည်။

အဲဒီနောက် တစ်ဖက်ကလူ နားရင်းကို ခေါင်းငိုက်ကျသွား

အောင် ရိုက်ပစ်လိုက်သည်။

'ဖြောင်း'





"ကောင်မ ... သေပေတော့"

တစ်ယောက်က ကားထဲကနေ ပြေးချလာပြီး ကတ္တီပါလက်

ကို နောက်ပြန်ဆွဲချလိုက်စဉ် ကတ္တီပါက နောက်ပြန် လှည့်ပြီး

သွားခနဲ အဲဒီလူရဲ့ ရင်ဘတ်ကို 'စုန်း' ခနဲ ဆောင့်ကန်လိုက်သည်။

"ဟာ ... မင်း မင်း"

ကတ္တီပါ ကန်ချက်မှာ အထိကြီးထိသွားသည့် တစ်ယောက်

သော ကောင်က ကတ္တီပါအလစ်မှာ ကတ္တီပါကို လက်ပြန်ချုပ်လိုက်

သည်။

ဒီတစ်ခါတော့ ကတ္တီပါ ဘယ်လိုမှမရုန်းသာတော့ဘဲ တစ္ဆေခံ

ရင်ကော့ကာ အကြံအိုက်နေသဲ့ သူတို့အုပ်စုတွေက ကတ္တီပါကိုဝိုင်း

ချုပ်ပြီး ကားထဲကို ဆွဲတင်မလို့ အုပ်စုဖွဲ့လိုက်ကြသည်။

အဲဒီအချိန်မှာပဲ ကတ္တီပါတို့ရှေ့သို့ ဦးသွယ်ကားကြီး ရောက်

လာပြီး ...

"ဟေ့ကောင်တွေ ... ရပ်လိုက်စမ်း။ မင်းတို့ ရိုင်းလိုက်တာ"

"ဘာကွ၊ ဟာ ... လေးဖက်သွားကြီး ဒီတစ်ခါတော့ ချော

ကျွတ်အောင် ဆော်ထည့်လိုက်စမ်း"

"'အေး ... ဟေ့ကောင်တွေ"



www.burmeseclassic.com

www.burmeseclassic.com



ကတ္တီပါကို ချစ်ထားသည့် တစ်ယောက်က ဦးသွယ်ဝကား ဆီ ပြေးအသွား ဦးသွယ်ဝက ကားကြီးကို စက်နှိုး သူတို့အုပ်စုဆီ ပြေးတိုက်ချလိုက်တော့ သူတို့အုပ်စု ကွဲသွားသည်။ အဲဒီအချိန်မှာ ကတ္တီပါက ကတ္တီပါကို ချစ်ထားသည့်ထုတ်ကို လက်ပြန်လွှဲချကာ ဦးသွယ်ဝကားနဲ့ ချဲလိုက်လို့ ကွဲသွားသည့် ယောက်ျားတွေအုပ်စုကြား မှ အိမ်ထဲသို့ လှစ်ခနဲ ဝင်ပြေးလိုက်သည်။

အဲဒီနောက် ခြံတံခါးကို သော့ခတ်ပြီး ဦးသွယ်ဝကို လှမ်း အော်လိုက်သည်။

"ဦးသွယ်ဝ ကားမောင်းပြီးပြန်တော့၊ ဒီကောင်တွေကို ကျွန်မ ရဲစခန်းကို ဖုန်းဆက်ပြီးခေါ်နိုင်းလိုက်မယ်"

ကတ္တီပါအော်သံကြောင့် မေမေက ခြံထဲကို အပြေးဆင်းလာ ပြီး ...

"ဟဲ့ ကတ္တီပါ ... အိမ်ရှေ့မှာ ဘာဖြစ်တာလဲ"

"လူရမ်းကားတွေ လူရမ်းကားတွေ မေမေ၊ ရဲစခန်းကို ဖုန်း ဆက်"

ကတ္တီပါက ပြောလည်းပြော ဦးသွယ်ဝကားကိုလည်း စိုးရိမ် တကြီး လှည့်အကြည့် ကတ္တီပါကို ဆွဲသည့်တစ်ယောက်က ဦးသွယ်ဝ





ရပ်ထားသည့် ကားဆီသို့ တစ်လှမ်းချင်း လျှောက်လျှောက်သွား နေသဖြင့် ကတ္တီပါ ရင်တွေ ပူခနဲ ဖြစ်သွားသည်။

"ဟေ့လူ ... ဘာလုပ်တာလဲ ... နောက်ဆုတ်လိုက်"

"မင်း အမိန့်ပေးတိုင်း ငါက နောက်ဆုတ်ရမှာလား။ ဒီမှာ မှတ်ထား ကတ္တီပါ ... ပွဲကျော်ကို လာပြီးမကျော့နဲ့ ကျော့လို့ကတော့ လည်ထွက်သွားမယ်"

"ဒီမှာ အဘိုးကြီး ... ခင်ဗျား ဝင်မရှုပ်နဲ့ လူငယ်တွေကိစ္စ ထုပ်ထဲ ဝင်ရှုပ်လို့ကတော့ ခင်ဗျားပါ ပွဲပြတ်သွားမယ်မှတ်၊ ဒီတစ်ခါ တော့ ရှိစေတော့ ... နောက်တစ်ခါတော့ ခင်ဗျားရင်ဝ ဓားစိုက်ပြီ မှတ်"

"ဟင်"

ကတ္တီပါနှင့် မေမေ ကြက်သေသေပြီး အံ့သြသွားတဲ့အချိန် မှာ ပွဲကျော်တို့အုပ်စုက ဂျစ်ကားထဲ တက်သွားပြီး ကားကို ခပ်ကြမ်း ကြမ်း မောင်းထွက်သွားတော့သည်။

ကတ္တီပါ ဒီတစ်ခါတော့ လူရမ်းကားကြီးရဲ့အပြောတွေကို ကြောက်ရွံ့သွားကာ မျက်လုံးတွေ ပြာခနဲဖြစ်သွားသည်အထိ ခံစား လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ ဦးသွယ်ဝရဲ့ကားကြီးက ကတ္တီပါနှင့်မေမေ ရှိရာသို့ ဦးတည်လာနေပြီမို့ ကတ္တီပါ ခြံတံခါးကို ခပ်ဖြည်းဖြည်း ဖွင့်ပေးလိုက်ရပါတော့သည်။

❁ ❁ ❁

## အခန်း (၁၆)

"ညည်း တော်တော်အတတ်ရှုပ်တာပဲ၊ ကြာရင် ညည်းနဲ့ ပတ် တော်ပြီး သွယ်ဝရော ငါပါ ဒုက္ခရောက်မှာ၊ ညည်းကတော့ ဒုက္ခ ...ငင်းရောက်ပြီပေါ့၊ မဖြစ်ဘူး မဖြစ်ဘူး ... သွယ်ဝနဲ့ ဒီနေ့ပဲ ရုံးမှာ ...တ်မှတ်ထိုးရမယ်"

ဆိုတဲ့ မေမေ့စကားကို ကတ္တီပါ ငြင်းဆန်လို့မရတော့ချေ။ ...တ္တီပါမျက်ရည်တွေနှင့် မေမေ့ကို အရှုံးပေးလိုက်ရတော့သည်။

ကတ္တီပါ့ဘဝ ဦးသွယ်ဝကြီး ပိုင်သွားပြီဆိုသည့်အသိက ...တ္တီ ...လုံးသားနုနုလေးကို ရှက်ရွံ့ရင်ဖိုစေခဲ့ရသလို ဒေါသလည်း ထွက်၊



www.burmeseclassic.com

www.burmeseclassic.com



အခံရလည်း ခက်ရသည်။

တောက် . . . တွေကြသေးတာပေါ့ ဦးသွယ်ဝရယ်။

ရှင်ကတော့ ရေငတ်တုန်းရေတွင်းထဲကျသွားလို့ ပျော်သွား

ပြီပေါ့။

ဒါပေမဲ့ ကတ္တီပါနဲ့တွေ့ရင် ရှင့်အပျော်တွေ ပျောသွားရမယ်

ကတ္တီပါ စိတ်ထဲက ကြိမ်းလိုက်ရပေမယ့် သူနှင့်လက်မှတ်

ထိုးပြီး သူ့အိမ်ကိုလိုက်သွားရသည့်အချိန်မှာတော့ ရင်ထဲမှာ ဘယ်ကျို

ဝမ်းနည်းသွားမှန်းမသိ ဝမ်းနည်းသွားရကာ အခန်းထဲမှာ ကလေးလေး

တစ်ယောက်လို ဖက်းချင့်ချလိုက်ပါတော့သည်။

"ဟာ ဟေ့ ဟေ့ . . . အကျယ်ကြီး မငိုနဲ့လေ"

ကတ္တီပါအစားက တစ်ဖဝါးမှမခွာဘဲ ကတ္တီပါလှုပ်ရှားတာ

ကို အစအဆုံး လိုက်ကြည့်နေသည့် ဦးသွယ်ဝကို ကတ္တီပါ မျက်ရည်

တွေနှင့် ခေါင်းထောင်ကြည့်လိုက်ပြီး ပြန်အော်လိုက်သည်။

"ငိုတော့ ဘာဖြစ်သလဲ"

"ငိုတော့ မျက်ရည်ကုန်။ အာ . . . ကိုယ့်အိမ်က အလုပ်သမား

တွေ ကြားပြီး ကဲ့ရဲ့မှာပေါ့"

"ဘာ"





"ဪ . . . မင်းမသိပါဘူးကွာ၊ ကလေးပါးစပ် ငြိမ်ငြိမ်နေ

မယ်ပါ။ မငိုလည်း မငိုနဲ့ ဒါ ငိုဝရာလည်းမဟုတ်ဘူး။ မင်္ဂလာယူနေတဲ့

အချိန်မှာ မငိုကောင်းဘူး။ မင်း ညနေက ညနေစာရော စားခဲ့ပြီးပြီ

လား"

"မစားဘူး"

"မစားတော့ ဗိုက်ထဲက ကွီ ကွီ ငွီ ငွီ မြည်မှာပေါ့"

"ဘာ"

"တိတ်စမ်း ကလေးရယ်၊ အား . . . ကိုကြီးတော့ တစ်နေ

ကုန် ရင်တုန်ပန်းတုန် ဖြစ်ခဲ့ရတာ၊ အနားယူတော့မယ်၊ အိပ်တော့

မယ်"

"ဘာ"

ကတ္တီပါ ရှက်လွန်းလို့ ထအော်လိုက်ပြန်သည်။ ဒီထက်

ရှက်စရာကောင်းတာက သူက ကတ္တီပါ့ရှေ့မှာ အရှက်မရှိ အင်္ကျီ

ချွတ်ပြီး လဲဝတ်လိုက်တာ ဖြစ်သည်။

ကတ္တီပါအရှေ့မှာ အင်္ကျီချွတ်လိုက်တော့ ချိုင်းမွေးတွေမှာမွေး

က အော့စရာ။

ဒါပေမဲ့ သူက နည်းနည်းမှ မရှက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



လေကလေး တချွန်ချွန်ဖြင့် သူ့ရင်အုပ်ကျယ်ကြီးမှာ ပေါက်နေသည့် အမွေးမည်းတွေကိုလည်း ဂရုမထားဘဲ ချည်သားရုပ်အင်္ကျီကို လိုက်ရှာနေသည်။

ကတ္တီပါကတော့ သူ့အပြုအမူတွေကို မုန်းလွန်းလို့ သူ့ကျောနိုင်းကာ မျက်စိစုံမှိတ်ပြီး ဆိုဖာကြီးမှာ တောင့်တောင့်ငြိမ်သက်နေခဲ့မိသည်။

အသက်လည်း မရှူမိတော့။

အသက်ရှူလို့ မရအောင် ရင်တွေခုန်ကာ သူ့ကို ကြောက်လန့်နေမိသည်။

ရင်ထဲမှာ သူနဲ့အိပ်ရမယ့်ဘဝကြီးကို ဘယ်လိုမှ မနှစ်ပြီးဒါပေမဲ့ သူကတော့ ကတ္တီပါကို ပွေ့ချီလိုက်ပြီဖြစ်သည်။

"အား . . . ဒါ ဘာ ဘာလုပ်တာလဲ ရှင်"

"ဟင် . . . အိပ်မယ်လေ"

"အိပ်ချိန်မှ မဟုတ်သေးတာ၊ အခုမှ ရှစ်နာရီရှိသေးတယ်"

ကတ္တီပါ မေးရိုက်သံဖြင့် ပြောလိုက်တာကို သူက ပါးရေတွန့်အောင် ပြုံးပြီး ဘာစကားမှမပြောဘဲ ကတ္တီပါကို နှစ်ယောက်အိပ်ခုတင်ကြီးပေါ် တင်သိပ်လိုက်သည်။





သူကိုယ်တိုင်လည်း ကတ္တီပါနှင့် အနီးဆုံးမျက်နှာချင်းဆိုင်ပြီး ခုတင်ပေါ် လှဲအိပ်ချလိုက်သည်။

အဲဒီအချိန်မှာပဲ . . .

"ဟီး ဟီး ဟီး"

"ဟင် ဟင် . . . ဘာဖြစ်တာလဲ"

သူ ကတ္တီပါကို အနမ်းရိုရိုတွေဖြင့် အချစ်တွေ နွေးထွေးစွာ ပေးအပ်နေတုန်း ကတ္တီပါ ငိုသံကြီးက သူ့ကို ကျောချမ်းသွားရသည်။

"ဟီး ဟီး ဟီး"

"ဟင်"

လာပြန်ပြီ . . .။ ကတ္တီပါ့ငိုသံက စိတ္တဇဝေဒနာသည်သံ ပေါက်နေသည်။ ပြီးတော့ ကတ္တီပါက သူဖက်ထားသည့်လက်တွေကြားမှာ အကြောက်တက်သူလို တွန့်တွန့်လူးနေသဖြင့် သူ ဘာပြောရမှန်းမသိ မျက်မှောင်ကြီးကုတ်လိုက်မိသည်။

အဲဒီအချိန်မှာပဲ . . .

"ဟီး ဟီး ဟီး"

ဟုဆိုပြီး ကတ္တီပါက အကျယ်ကြီးငိုလိုက်ပြန်သည်။

ဒီတစ်ခါတော့ သူ ကတ္တီပါကို သည်းမခံတော့ဘဲ ကတ္တီပါ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးလေးကို သူ့ရင်ခွင်နှင့် တစ်သားတည်း ဆွဲကပ်ပြီး . . .

"ဘာဖြစ်တာလဲ"

"စိတ်မချမ်းသာဘူး . . . သေချင်တယ် သေချင်တယ်"

"ကျွတ် . . . မင်္ဂလာဦးမှာ ဘာတွေ လျှောက်ပြောနေတာ လဲ"

"ဟီး ဟီး . . . ရှင် အရှက်မရှိဘူးလား။ ကျွန်မကတော့ ရှက်တယ်"

"ဟောဗျာ . . . ဘာကိုရှက်တာလဲ"

"ဘာကို ရှက်ရမှာလဲ၊ ခင်ဗျားအသက်အရွယ်ကြီးနဲ့ ကျွန် အသက်အရွယ် လက်မခံဘူး။ ရှင့်ကိုလက်မခံဘူး။ ခင်ဗျား ကျွန် အတူတူမအိပ်နဲ့"

ကတ္တီပါ သောင်းကျန်းပါတော့သည်။ သူမကိုယ်လုံးလေး သူ ဆွဲဖက်ထားတာကြီးကို ဝုန်းခနဲ ထထိုင်ပြီး သိုင်းကွက်နှင် တော့သည်။

ပါးစပ်ကလည်း သူနဲ့အတူတူ မအိပ်ချင်ကြောင်းကို HipH လုပ်လိုက်သည်။

"ခင်ဗျားနဲ့အတူတူ မအိပ်ဘူး။ မအိပ်ဘူး လုံးဝမအိပ်ဘူး





"ဟာ . . . ဘာလဲကွာ"

အခန်းထဲမှာ ကဆုန်ပေါက်ကာ ခေါင်းအုံးတွေရော၊ စောင် တွေကပါ လွှတ်ပစ်ပြီး ခြေထောက်မြှောက်ကာ ခုတင်ကြီးကို ဖနောင့် နဲ့ တဝုန်းဝုန်း ပေါက်လိုက်သည်။

ပါးစပ်ကလည်း ပေါက်တတ်ကရတွေ ပြောသေးသည်။

"မုန်းစရာကောင်းတဲ့လူကြီး . . . သိပ်မုန်းတယ်"

"ဟာ . . . မင်းက ငါ့ကို ဘာလို့မုန်းတာလဲ"

"အဘိုးကြီး ဝဝတုတ်တုတ်ကြီးမို့လို့"

"ဟာကွာ . . . ဒုက္ခပါပဲ၊ ကိုယ်လည်း ဒီလောက်ရုပ်ပျက် အောင် မဝသေးပါဘူး"

"သွားကလည်း ခေါသေးတယ်"

"ဒုက္ခပဲကွာ"

သွယ်ဝ ခွေးပြန်ရပါပြီ။ ရင်တွေလည်း ဖတ်ဖတ်မောပြီး ခေါင်းတစ်ခုလုံး မူးနောက်သွားတော့သည်။

ခေါင်းမူးပြီး သူ မျက်လုံးကြီးအပြူးသားနှင့် ဇနီးချော လေးကို ကြည့်လိုက်တော့ ကတ္တီပါက သူ့ကို လက်ညှိုးထောင်ထိုး ထိုးပြီး အော်ဟစ်သောင်းကျန်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြည့်တာလဲ၊ ဒီးကွက်မျက်လုံးနဲ့ . . . သောက်မြင်ကတ်ဖို့ ကောင်းလိုက်တာ"

"ကတ္တီပါ"

သူ ဘယ်လိုမှ သည်းမခံနိုင်တော့တဲ့ ကတ္တီပါအရှေ့ကို ပုန်းခန့်ရောက်အသွား ကတ္တီပါက ဗီရိုပေါ်က အအေးပုလင်းကို ကောက်ဆွဲပြီး သူ့ကို မျက်လုံးကြီးပြူးကြည့်ကာ . . .

"ခင်ဗျား ရှေ့မတိုးနဲ့နော်၊ ဒီမှာတွေ့လား . . . ပုလင်း"

"တွေ့တယ် တွေ့တယ် . . . မင်းက ငါ့ကိုဘာလုပ်ဦးမလို့လဲ"

"ကျွန်မ အလိုမတူဘဲ ကျွန်မကိုပေါင်းရင် ခေါင်းရိုက်ခွဲပစ်မယ်"

"ဟာကွာ . . . သေပစ်ဖို့ပဲ ကောင်းတယ်ကွာ"

"သေ သေ . . . သွား။ မြို့လယ်ကောင်မှာ ကားတိုက်ခံပြီး သွားသေ၊ ခင်ဗျား ဒီအခန်းမှာ အိပ်ဖို့ စိတ်ကူးထဲ မထည့်တော့နဲ့ အခန်းသော့လည်း ကျွန်မ အပ်၊ ပေး ပေး ပေးပြီး တခြားမှာ သွားအိပ်"

သူ ကတ္တီပါကို ကြည့်ပြီး ဘာပြောရမှန်းမသိအောင် စိ





ညစ်သွားတော့သည်။

အင်း ဒီပုံအတိုင်းဆိုရင်တော့ သူ အလျှော့ပေးရမည့်ပုံ ပေါက်သွားသည်။

ဟား . . . ခုကွပဲကွာ။ တစ်သက်မှာ တစ်ခါပဲ မိန်းမလေး တစ်ယောက်ရပါတယ်၊ ရတဲ့မိန်းမက ငယ်ငယ်လေးဆိုတော့ သူ့ကို အဘိုးကြီးထိုပြီး မကြည်ဖြူလို့ မောင်းထုတ်နေတာ ရှက်ဖို့ကောင်းပါသည်။

သူ့ရဲ့ ဒီအဖြစ်ကြီးကို ဖျက်ဝိသာမြင်လိုက်ရရင် ဘယ်လောက်ဟားလိုက်မလဲ။

အင်း . . . ဘာပဲဖြစ်ဖြစ် သူမကို သူ အသည်းနင့်အောင် ချစ်ခဲ့တာမို့ သူမလေး စကားအတိုင်းပဲ လိုက်လျောလိုက်ရတော့ သည်။

သူမကို သော့အပ်ပြီး သူ အိပ်ခန်းထဲကနေ ခေါင်းကြီး ငိုက်စိုက်ချကာ လှည့်ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ဖျက်ဝိ"

သူ့ အခန်းထဲက ထွက်ထွက်ချင်း ဖျက်ဝိတို့ ကုန်းကုန်းကွ နှင့် အိပ်ခန်းဝေ့ာင်မှာ ထိုင်နေတာ တွေ့လိုက်ရသဖြင့် သူ အံ့ဩ တကြီး ဆိုလိုက်တော့ ဖျက်ဝိက ပါးစပ်ပေါ် လက်ညှိုးတင်ပြီး . . .

"ရှူး . . . တိုးတိုး တိုးတိုး"

"ဟင်"

"ဒီလာ ဒီလာ ဆရာ၊ ကျွန်တော် ဆရာတို့စုံတွဲ ရှု ပူကျို ဖြစ်မှာကို ကြိုသိလို့ အကြံပေးချင်လို့ အပေါ်ထပ်ကို တက် ချောင်းတာ၊ တယ်လိုမှ မထင်ပါနဲ့"

"ဟော . . . အေး အေး ငါလည်း ဒီမိန်းကလေးကို ကြောက် ပြီး အခုထွက်လာရပြီ ငါ ငါ ခုကွပါပဲကွာ . . . ရှက်လည်းရှက်တယ်"

"ဒါက လွယ်ပါတယ် ဆရာရယ်၊ ဒီလောက်သောင်းကျန်း တဲ့ ဆရာ့မိန်းမ ပြားပြားဝပ်သွားအောင် ကျွန်တော် ပညာပေးမယ် ပြီးတော့ ဆရာကို အားကိုးပြီး လင်ယောကျ်ားအဖြစ် အသိအမှတ်ပြု ရမယ် ဆရာရယ်"

"ဟာ . . . မင်းဘာလုပ်မှာလဲကွာ၊ ငါတော့ ဒါလေး





ကြောက်တယ်၊ ဒါလေးက ဆိုးတယ်ကွ၊ သိုင်းပညာကိုသင်ပြီး သိုင်းရူး ရူးနေတာ၊ အခုလည်း အခန်းထဲမှာ သိုင်းကွက်နင်းကျန်ခဲ့တယ်"

"ပါးပါးလေးပါဗျာ . . . မကြာစေရဘူး၊ ဆရာ့မိန်းမ ဆရာ့ မိန်းမ ဖြစ်စေရမယ်"

"ဟော"

"ဒုလိုက်တာ ဆရာရယ်"

"အေး အေး . . . လုပ်စမ်းပါဦးကွာ၊ မင်းက သူ့ကို ဘာနဲ့ ပညာပေးမှာလဲ"

"သရဲ သရဲခြောက်မယ် ဆရာ၊ အိပ်ခန်းဘေးက အလုပ် ခန်းကိုဖွင့်ပြီး ဆရာ့မိန်းမအခန်းထဲကို ကျွန်တော် သရဲရုပ်နဲ့ဝင်မယ်"

"ဟင် . . . မင်းက ငါ့မိန်းမအခန်းထဲ ဝင်မယ်"

"ဟာ . . . ဆရာကလည်း ဆရာ ပြေလည်အောင်လေ၊ ကျွန်တော် ဝိုးလမင်းလုပ်မှာ"

"အေး အေးကွာ"

"ဒါဆို ကျွန်တော်သွားပြီ . . . နာရီဝက်ပဲ နာရီဝက်ပဲ"

သူ့ရှေ့မှ ဖျက်ဝိ လှည့်ထွက်သွားတာကို သူက ထင်တာပြီး

"ဟာ ဟော့ကောင် . . သရဲလုပ်တာလည်း ကြည့်လုပ်ပြီးနော်၊



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာ သရဲ သွေးထွက်နေဦးမယ်၊ အဲဒီ ငါ့မိန်းမလေးက သိုင်းသိုင်းတတ်တယ်၊ သိုင်းတတ်တော့ သူက ယောကျ်ားတွေကို မကြောက်ဘူး"

"ယောကျ်ားတွေကို မကြောက်ပေမယ့် သရဲတော့ သူမကြောက်မှာပါ၊ ဘာလဲ ... ဆရာက ဆရာ့မိန်းမနဲ့အတူ မအိပ်ချင်ဘူးလား။ ကျွန်တော် မကူညီရဘူးပေါ့"

"အာ ... မဟုတ်ပါဘူးကွာ၊ မင်းကလည်း ... ဟဲ ဟဲ အားကိုးပါတယ်၊ အားကိုးပါတယ် တပည့်ကြီးရာ"

သူ ဖျက်ဝိကိုကြည့်ပြီး ရင်ခုန်မောလျသွားတော့သည်။ ရင်ခုန်ခုန်နှင့် သူမအိပ်ခန်းတံခါးဝကနေပဲ မျှော်လင့်စွာ ငြိမ်သက်နေလိုက်သည်။

✲

'ကျွီ'

ခနဲ တံခါးပွင့်သံကြောင့် အိပ်ခန်းထဲကနှစ်ယောက်အိပ်ခုတင်





ကြီးမှာ အိပ်စက်နေသည့် ကတ္တီပါ ထိတ်လန့်တုန်လှုပ်စွာ ထထိုင်လိုက်သည်။

"ဟင် အား အောင်မယ်လေး"

ကတ္တီပါ ခုတင်မှာ ငုတ်တုတ်ထထိုင်လိုက်တာနှင့် ကတ္တီပါ အခန်းထဲကို မည်းမည်းအရိပ်ကြီး ဝင်လာတာတွေ့လိုက်ရသဖြင့် ကတ္တီပါ အာခေါင်ခြစ်ပြီး အော်ဟစ်လိုက်သည်။

အဲဒီနောက် ကတ္တီပါ ကြောက်အားလန့်အားနှင့် ဖျက်ဝိကို ခုံလုံးမှိတ်ချပြီး ...

"ဦးလေးရေ"

"ဦးလေး"

"ဟီး ... ဦးလေး"

"ဟီး ဟီး ... ဦးလေး"

ကတ္တီပါ အသံကုန်ခြစ်ကာ ခုတင်လက်တန်းကို ကိုင်ပြီး ကြောက်အားလန့်အား အော်လိုက်ချိန်မှာ အရိပ်မည်းကြီးထွက်ပြေးပြီး

'ဂျိမ်း'

ခနဲ အသံကိုကြားလိုက်ရတာကိုပဲ ကတ္တီပါ သိလိုက်ရသည်၊ အဲဒီနောက် ကတ္တီပါ ဘာမှမသိအောင် သတိလက်လွတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားပြီး တစ်ကိုယ်လုံး ကြောက်ရွံ့တွေပြန်တက်လာပြီး ရင်ထဲမှာ မီးလောင်ထားသလို ခံစားလိုက်ရသည်။

အား ... ကြောက်စရာ မည်းနက်နက်အရိပ်ကြီးမှာ သရဲ သရဲမှလွဲပြီး တခြား ဘာမှမဖြစ်နိုင်။

"အား ... အောင်မယ်လေး ဦးလေး"

"ဟာ ... ကတ္တီပါ ကလေး ... ခုန်း ခုန်း တံခါးဖွင့် တံခါးဖွင့်"

"ဟင့် ... ဟီး ဟီး ... ဖွင့်ဝင်လာခဲ့ လော့ခ်မချရသေးဘူး ဦးလေးရဲ့ ... ဟီး ဟီး"

ကတ္တီပါအခန်းထဲမှာ တုန်တုန်ယင်ယင်ဖြစ်ပြီး ဟီးချင့်လိုက်တာကို ဖျက်ဝီက လက်မ,ထောင်ပြီး ...

"အိုကေပြီ ... ကျွန်တော့်ကို ရွှေတစ်ကျပ်သားဆုချ"

"ရစေရမယ် တော်လိုက်တဲ့ငါ့တပည့်"

"ကတ္တီပါ ကလေး ... ကိုကြီးလာပြီ လာပြီ ကလေး ... ဟွန်း ဟွန်း"

"ရယ်မနေနဲ့ ဆရာရယ် ... မြန်မြန်သွားစမ်းပါ"

"ရှက်လို့ပါကွာ"





"ရှက်မနေနဲ့ ... ဆရာက လေးဆယ်ကျော်နေပြီ"

"ဟာ ဟောကောင် ... မင်း မင်း ငါတို့ကို မချောင်းနဲ့နော်"

"ဟဲ ဟဲ ... ဆရာကလည်း ကျွန်တော်လည်း အားကျ"

"ဦးလေး ဦးလေး"

သူနှင့်ဖျက်ဝီ အပျော်လွန်ပြီး စကားအများမပြတ် ဖြစ်နေတုန်း အခန်းထဲက အာခေါင်ခြစ်အော်ခေါ်လိုက်သည့် ကတ္တီပါအသံကြောင့် သူက တံခါးဘုသီးကို ဝုန်းခနဲ လှည့်ဖွင့်လိုက်သည်။

"ကလေး"

တံခါးကို ဝုန်းခနဲပြန်ပိတ်ပြီး လော့ခ်ချကာ ခုတင်ပေါ်မှာ ချက်ဖြုတ်ဆိုက်မတတ် ကြောက်နေသည့် ကတ္တီပါ့ကိုယ်လုံးလေးကို သိုင်းဖက်ပြီး သတိပေးလိုက်ရသည်။

"ကလေး"

"..."

"ကတ္တီပါ"

"..."

"မိန်းမ"

"ဟီး ဟီး ... သရဲ သရဲ သရဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ဘယ်မှာလဲ သခဲ"

သူက တကယ့်ကို အိုက်တင်အပြည့်ဖြင့် ကတ္တီပါထိုးပြ သည့် အခန်းထောင့်ကို သွားမလို့ ခြေထောက်အလှမ်း ကတ္တီပါက သူ့ကို အတင်းဖက်ထားပြီး . . .

"ဟင့်အင်း ဟင့်အင်း . . . မသွားနဲ့"

"ဟင် . . . ကလေး မျက်စိမှားတာပါ၊ ကိုကြီးတို့အိမ်မှာ ဘယ်သခဲမှ မရှိဘူး"

"ရှိတယ် ရှိတယ် . . . သခဲမှ ကိုယ်လုံးကြီးက အကြီးကြီး"

"ကိုယ့်ကိုယ်လုံးနဲ့ ဘယ်သူကပိုကြီးလဲ"

"ဦးလေး . . . ရှင် ဇတ်ပျက်လုပ်မနေနဲ့"

"ကလေး အာ . . . လက်ကလေးတွေလည်းအေးလို့ ပါး လေးတွေလည်း အေးလို့၊ နှုတ်ခမ်းလေးတွေလည်း အေးလို့"

"ဟင့် ဟင့် . . . ကြောက်တယ် ကြောက်တယ်"

ကတ္တီပါက ဗိုက်ရင်းနှင့် သူ့ရင်ခွင်ထဲ ကိုယ်လုံးကလေး အတင်း တိုးဝင်လိုက်သည်တွင် သူက ခွင်ကောင်းကောင်းတွေ့သွားပြီး ကလေး ကိုယ်လုံးလေးကို သိမ်းကျုံးဖက်ပစ်ရင်းမှ မွေ့ရာကြီးပေါ်သို့ တုံးလုံး ပစ်လှဲချလိုက်သည်။

ရှေ့မင်နီစာလေ



အဲဒီနောက် ကတ္တီပါကိုယ်လုံးလေးကို တင်းတင်းကြီးဖက် ...ရင်း ရင်ခွင်ထဲမှာ အိပ်ချထားသည့် မျက်နှာလေးကို အနမ်းမိုး ...ွ တရသွန်း ရွာဖြိုးလိုက်ပါတော့သည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com




## အခန်း (၁၇)

အိပ်ရာပေါ်မှာ ကွေးကွေးလေးအိပ်ပြီး သဘောအကျကြီး ကျနေသည့် ဦးသွယ်ဝကို ကတ္တီပါ ရှက်ဒေါသနှင့် သူ့ကျောကုန်းကြီးကို တအုန်းအုန်း ထုလိုက်သည်။

"ကဲဟယ် ... လိမ်ဦး လိမ်ဦး။ ယုတ်မာဦး"

"ဟော့ ဟော့ ... စကားပြောတာ ကြည့်ပြော၊ ကိုယ် ဘာ ယုတ်မာလို့လဲ"

"မယုတ်မာဘဲ သရဲဟန်ဆောင်မလား ... အဖေ့ ဟင့် ဟီး"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ကတ္တီပါ . . . ညီမ . . . ချစ်လေး"

"ဘာ ချစ်လေးလဲ၊ ကဲဟယ် . . . နာဦးတော့။ လူကို လိမ်ပြီး ပေါင်းဦး၊ ပေါင်းဦး"

"အား"

ကတ္တီပါ ရှက်လွန်းလို့ မျက်ရည်တွေ စီးကျလာခဲ့ပြီး သူ့ဗိုက်ခေါက်ကြီးကို တအားလိမ်ဆွဲလိုက်သည်။

သူ့ဗိုက်ခေါက်ကို လိမ်ဆွဲလိုက်တော့ သူက ငယ်သံပါအောင် အော်ပြီး ကတ္တီပါကို အတင်းဆွဲဖက်လိုက်သည်။

ကတ္တီပါ သူဆွဲဖက်လိုက်တာကို အလိုက်သင့်ကလေးပါသွားပြီး အနားရောက်မှ သူ့ရင်အုံတည့်တည့်ကို ကိုက်ဆွဲပစ်လိုက်သည်။

"အား . . . သေပြီဗျို့"

"သေ သေ"

"ကိုကြီးသေရင် မင်းက အသစ်စက်စက် မုဆိုးမလေး ဖြစ်မှာပေါ့"

"လူယုတ်မာကြီး၊ သွား သွား . . . ငါ့ခုတင်ပေါ်ကဆင်း . . . အခု ဆင်း"

ကတ္တီပါ ဒေါသတကြီး ဦးသွယ်ကို ဖိတ်ကန်လိုက်သည်။





ခြေထောက်နှစ်ဖက်နှင့် သူ့ရင်ဘတ်ကြီးကို ဖိတ်ကန်လိုက်တော့ သူက ရင်ဘတ်ကြီးကို လက်ကြီးနှစ်ဖက်နှင့် ကာပြီး . . .

"ဟာ ဟေ့ . . . ကလေး၊ မင်း ငဲကြီးမယ်ကွာ၊ ကိုယ်က နေပေးမယ့် ငဲက နေမှာမဟုတ်ဘူးကွ"

"နေနေ မနေနေ ရှင့်ကိုမပေါင်းဘူး၊ မပေါင်းဘူး . . . ဟီး ဟီး"

"ဟာ . . . ခုကွပါပဲ၊ အိပ်ရာထချိန် မင်္ဂလာယူမယ့်အချိန်ကို ကွာ၊ မင်္ဂလာမရှိအောင် ငိုနေတာ၊ ဟား . . . ငါသနားလို့ ဖွင့်ပြောမိတာ မှားပါတယ်၊ မှားပါတယ်ကွာ"

"ဘာမှ မပြောနဲ့ . . . နာဘူးသံနဲ့ လျှောက်ပြီးပြောမနေနဲ့"

"အင်း . . . ဒါဆို အိပ်ရာထတော့လေ ရှစ်နာရီထိုးပြီ"

"မထဘူး . . . တစ်နေကုန် မျက်နှာမသစ်ဘဲ အိပ်မယ်"

"တစ်နေကုန် အိပ်မယ်"

သူက အုံ့ညိုသည့် မျက်လုံးတွေနှင့် ကတ္တီပါမျက်နှာကို ပြုံးကြောင်ကြောင် စိုက်ကြည့်လိုက်တော့ ကတ္တီပါ ဒေါသတကြီး ဖိတ်အော်လိုက်သည်။

"ဟုတ်တယ် အိပ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒါဆို ရှုပ်စရာကြီး"

"ဘာဖြစ်တယ်"

"အာ ... ဟိုဒင်း ... ဟွန်း ဟွန်း အိမ်က အလုပ်သမား လေးတွေက ကာပတ်ရှဲပြီး တောင်တွေးမြောက်တွေး တွေးမှာပေါ့ ကလေးရဲ့"

"ဦးသွယ်ဝ"

"ဗျာ"

"သေခြင်းဆိုးကြီး"

ကတ္တီပါ စကားသံလေးတွေ ဆက်ခွင့်မရတော့ဘဲ သူ့ရင်ခွင် ကြားမှာ နစ်မြုပ်သွားရသည့်အဖြစ်ကို ကတ္တီပါ ရှုတ်လွန်းလို့ သူ့ကို အတင်းထုလိုက် ရိုက်လိုက်လုပ်လိုက်ပေမယ့် ကတ္တီပါ သူ့ရင်ခွင်မှ မျက်ရည်ကျ အရှုံးပေးလိုက်ရပါတော့သည်။

❁

"ဒါ ဘယ်လဲ ကလေး ... မင်း အဲဒီအထုပ် ပြန်ချ"





"မချဘူး ... ဒီမှာ တွေ့လား"

"ဟင်"

ရွှမ်ခနဲပြည်အောင်ထုတ်ပြလိုက်သည့် ကတ္တီပါလက်ထဲက းမြောင်းကြီးကိုကြည့်ပြီး သူ့ မျက်လုံးကြီးပြူးသွားရသည်။

မျက်လုံးပြူးကြီးနှင့် လက်ညှိုးတစ်ချောင်းထောင်ပြီး ...

"မင်း ဒါ ဘာလုပ်တာလဲ"

"ရှင် ကျွန်မကို အိမ်ပြန်မလွှတ်ရင် ကျွန်မကိုယ်ကျွန်မ းနှဲ့ထိုးပြီး သေပစ်မယ်"

"ဟာ ... မင်းက အိမ်ပြန်ပြီး ဘာလုပ်မှာလဲ၊ မင်္ဂလာ ဆောင်ဖို့ကလည်း နှစ်ပတ်လောက်ပဲ လိုတော့တာပဲကွာ၊ မင်္ဂလာ ဆောင်ပြီးမှ မင်းပြန်ချင်ရင် ခဏပြစ်ပြစ်ပြန်ပါ"

"အခုပြန်မယ်၊ လိုက်ပို့ တစ်ည နှစ်ည အိပ်မှာပါ ဦးလေး

"ဟာ ... ညအိပ်လို့ ဘယ်ဖြစ်မလဲ၊ ညတော့ မအိပ်ရပါ ဘူး"

သူပြောလိုက်တော့ ကတ္တီပါက နှုတ်ခမ်းလေးကို မဲ့ ာ်ကိုရှက်ကန်းမျက်လွှာလေးချလိုက်တော့ သူက ရင်ခုန်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ယားပြီး ကတ္တီပါ လက်ကလေးကို ဝိတ်ကိုင်ကာ တစ်လုံးချင်း တိုးတိုး ပြောလိုက်သည်။

"ညတော့ မအိပ်ပါနဲ့ကွာ... နော် ကလေး"

"ဟင့်အင်း ... တစ်ညအိပ်မယ်"

"ကလေးကလည်းကွာ အခုမှ လက်ထပ်ပြီးတာ ... မအိပ်ရဘူး။ ညမအိပ်ဘူးလို့ ကတိပေးမှ ကိုယ်လိုက်ပို့မှာ"

"ဒါဆိုလည်း ပြီးရော ... မအိပ်ဘူး မအိပ်ဘူး။ ကတိပေးတယ် ... အခု လိုက်ပို့"

"ကတိနော် ကလေး"

"ကတိပါ ဆိုနေမှ"

ကတ္တီပါက သူ့ကို တစ်ချက်အော်ပြီး တင်ပါးလေး ကောက်ချိတ်ပြီး အပေါ်ထပ်ကနေ ခပ်ကြမ်းကြမ်းဆင်းသွားပါတော့သည်။

အဲဒီနောက် သူ့ကို တစ်ချက်မှ လှည့်မကြည့်တော့ဘဲ တင်ပါးလေး ကောက်ချိတ်ပြီး လှည့်ထွက်သွားသည့် ချစ်ဇနီးအသေး စက်စက်ကလေးကို စိုက်ကြည့်ရင်း ရင်မောစွာ သက်ပြင်းချလိုက်သည်။





ဟင်း ... ဒါလေးကတော့ သူ့အပေါ် တစ်သက်လုံး ဆိုးသွမ်းမည်လားမသိ။

ဘာပဲဖြစ်ဖြစ် သူမ ဘယ်လောက်ဆိုးဆိုး သူက ကျေနပ်ဂုဏ်ယူပါသည်။

❁

သူ့ရောက်လာသည့်အချိန်မှာ ကတ္တီပါက အိပ်ခန်းတံခါးကို လော့ခ်ချပြီး အသက်ရှူနှုန်းတွေမြန်ကာ သူ့အသံကို နားစွင့်ထားလိုက်သည်။

အဲဒီအချိန်မှာပဲ တံခါးခေါက်သံနှင့်အတူ ...

'ဒေါက် .. ဒေါက်'

"ကတ္တီပါ ကလေး"

"..."

"ကလေး"

သေအောင်ခေါ် လုံးဝ မသနားဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ကလေး အား ... ငါ့ကြွား တံမီကို ဆောင့်ကန်ပစ်မှာ မှန့်ကွာ တံပါမှုန့်"

တံမီကို တရစ်စရစ် ထုသံနှင့်အတူ ဖေါ်သံထွက်နေသည့် သူ့အသံကို ကဈိုပါ ရယမိုက်တော့။

စိတ်ထဲမှာ သူ့ရဲ့လိမ်ဆော်ကြီးကို ရှက်လည်းရှက် နာလည်းနာ ကြည့်ဖီသည်။

ဟွန်း ... အလေကာရေ့ ကဈိုပါကို သရဲပာန်ဆောင်ပြီ ညာပြီး ပေါ်းတာ။

သကာယ်မှုန်နှိုကောင်းသည်။ မှုလည်း မှုိုကောင်းသည်။ ရှက်လည်း ရှက်နိုကောင်းပါသည်။

ကဈိုပါသည် ကိုယ့်အဖြစ်ကိုယ်ရှက်လွန်းလို့ မျက်နာလေးကို လက်ဝါးနှင့် အုပ်ထားလိုက်သည်။

အဲဒီအချိန်မှာပဲ မေမေ့အသံက ခပ်ထန်ထန် ပေါ်လာခဲ့ပြန်သည်။

"ကဈိုပါ ... သမီး ဒီမှာ သွယ်ရောက်နေတယ် သမီးပြီးရှိ တော့မယ်လေ ... တံပါမှုန့်"

ကဈိုပါက မေမေ့စကားကို ခပ်မှဲ့မှဲ့ပြီး တံခါးနာကို





ခပ်သွက်သွက် လျှောက်သွားလိုက်သည်။

အဲဒီနောက် တံခါးနားကပ်ကာ အာခေါင်ခြစ်အော်လိုက်သည်။

"မှုန့်ဘူး ဒီလူကြီးကိုလည်း လုံးဝ ထက်မခေါ်နိုင်တော့ဘူး နောက်နေ့မှ ကျွာရှင်းလက်မှတ်ထိုးမယ်"

"ဟာ ... ဘာဖြစ်တယ်၊ မင်း ဘာပြောတယ်"

"ကြားတဲ့အတိုင်းပဲ"

"ဟာ ... ဘာလဲကွာ၊ ယု ... နင်သမီး ဘာပဲ့ဖြစ်ဖြစ် ဒီ တံခါးဖြိုဖွင့်ပစ်မယ်"

"ရှင်စမ်း ... တံခါးဖွင့်တာနဲ့ ဒီကလက်သီးမစ်တွင်းစောင်နဲ့ ထိုးပြီး သွားအရွေ့လိုက်ကျွတ်သွားမယ် မှတ်"

"ဒီမှာ မင်းရွား ကျွန်မကို ချစ်ပြီး လျှောက်မလျှော်သင့်နဲ့ ... တာ၊ ဟာ၊ ... ရယ်စရာ ကျွန်မက အတိုင်ကြီးကို ယောက်ျားအဖြစ် ရမယ် သေတောင်မတော်ဘူး၊ မခေါ်ဘူး"

"ကဈိုပါ ... မင်း ဘာစကားတွေ ပြောနေတာလဲ မင်းဘာ ဖြစ်နေတာ မင်းအကြောင်း မင်းသိ"

"ကျွန်မက ဘာဖြစ်နေလို့လဲ"



www.burmeseclassic.com

"ဟာ ... ငါ့မိန်းမ ဖြစ်သွားပြီလေ"

"အခုကွဲမယ် ... မှတ်ထား"

"ကဗ္ဗီပါ"

'ဒုန်း ဝုန်း'

ကဗ္ဗီပါ အခန်းတံခါးကို သူ ဝုန်းခနဲ လက်သီးထိုးလိုက်တဲ့ အချိန်မှာ ကဗ္ဗီပါက ရွတ်ခမ်းမဲ့ပြီး ခပ်မိုက်မိုက်ပင် ခါးပတ်ပတ်ထား သည့် ဂျင်းဘောင်းဘီပေါ် လက်နှစ်ဖက်ထောက်လိုက်သည်။

ပြီးတော့ လျှာခေါက်ပြီးလည်း မထီတထိ ပြုံးလိုက်သည်။

စိတ်ထဲကလည်း သရော်လိုက်သည်။

"ဘယ့်နှယ်လဲ ... ငယ်တာကို ယူချင်ဦး။ အခုတော့ ဒုက္ခ ရောက်ပြီ ... ဟား ဟား ... ရယ်စရာ၊ သူကများ ဟင်း ... မုန်းလိုက်တာ၊ ခေသြွင်းဆိုးကြီး"

စိတ်ထဲက ဆဲလိုက်တာကို သူက မသိဘဲ ရွတ်ရွတ်ပြီး သူ့ခံစားချက်ကို ဖွင့်ပြလာခဲ့သည်။

"ကလေးရယ် ... ကိုကြီး အရမ်းခံစားရအောင် မင်း မနိုင် စက်စမ်းပါနဲ့ကွာ၊ ကိုကြီး မင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ မင်းသိပါတယ် ... နော် ကလေး ... နော် ကလေး"





အဟတ် ... ရယ်ချင်လိုက်တာ၊ စိတ်ထဲကပဲ ကျိတ်ရောင် လိုက်သည်။

"ကလေး ... ကိုကြီးကို သနားပါဦး ... နော် ကလေး၊ ကိုကြီး ကလေးကို ခွဲမနေနိုင်လို့ပါနော်၊ တစ်ညလေးတောင် ကိုယ်ခွဲ မနေနိုင်ဘူးကွာ"

"မခွဲနိုင်လည်း ခွဲရမှာပဲ၊ ရှင့်ကို ကျွန်မ လုံးဝ မပေါင်းနိုင် ဘူး"

"ဟား ... ငါရင်ကွဲတော့မယ်ကွာ"

တံခါးအပြင်က မောသွားသည့်သူ့အသံက ကဗ္ဗီပါ့နှလုံး သားကို ပူလောင်စွာ ခံစားလိုက်ရတော့သည်။

ကဗ္ဗီပါ ဘာမှ မခံစားနိုင်တော့ဘဲ မျက်ရည်တွေနှင့် တံခါး မှာ မျက်နှာကြီးအပ်ချလိုက်တော့သည်။


သူ့ကိုတော့ ဘာစကားမှ မပြောမိတော့။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com




တွယ်တာစရာ ဒီ တစ်ယောက် ထည်း

## အခန်း (၁၈)

ဒီလိုပဲ တစ်နေ့တစ်နေ့ ဦးသွယ်ဝ အိမ်ကိုလာခေါ်ခဲ့တာ အခုဆိုရင် မင်္ဂလာပွဲတောင် နီးလာခဲ့ပါပြီ။

မင်္ဂလာပွဲကျင်းပဖို့ တစ်ပတ်လောက်အလိုမှာပဲ ကတ္တီပါ သမမေနှင့် ပြဿနာတက်ပါတော့သည်။

ကတ္တီပါ ထမင်းစားနေတဲ့အချိန်မှာ မေမေက ဓါးသတ္တကြီး ခါးနစ်ထက်ကြီးတောက်ပြီး ရန်တွေ့လာတာ ဖြစ်သည်။

"မိကတ္တီပါ . . . ညည်း ဘာအချိုးချိုးတာလဲ"

"ဟင် . . . ဘာအချိုးချိုးလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းအေ၊ ငါ ရိုက်လိုက်လို့ ညည်း ဒီပုံစံလုပ်နေလို့ ကတော့ ငါရော ညည်းရော သွယ်ဝပါ စိတ်ချမ်းသာမှာလား ... ဟင်း ဟင်း"

"စိတ်မချမ်းသာလည်း သေပေါ့"

"ဘာ ... ညည်း ညည်း"

မေမေက ပြောပြောဆိုဆို ကတ္တီပါ ဆံပင်ကို ဆွဲကိုင်ပြီး ကုပ်ပိုးကို နှိပ်ချလိုက်ပြီး တဖြန်းဖြန်း ရိုက်ချလိုက်သည်။

"အား မေမေ၊ ကတ္တီပါကို မနှိပ်စက်နဲ့"

"ညည်းကို ဒီထက်ပိုပြီး နှိပ်စက်ဖို့သင့်တာ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ၊ သွယ်ဝလိုလူစားကို ညည်းက ခါးခါးသီးသီး ဖြစ်ရအောင် ဟင် ... သွယ်ဝက ဘာဖြစ်နေလို့လဲ၊ သွယ်ဝလောက် ကောင်းတဲ့သူ ဒီကမ္ဘာပေါ်မှာ ရှာကြည့်စမ်း"

"မရှာဘူး မရှာဘူး၊ ဒီလိုယောကျ်ားမျိုး မရှိဘူး၊ တော်တယ် ကောင်းတယ်ထင်ရင် မေမေပေါင်း"

"ဟင် ... ညည်း"

"အား"





မေမေက ကတ္တီပါ့ကုပ်ကို နှိပ်ပြီး ဖင်ပိုးကို တဖြန်းဖြန်း ရိုက်ချလိုက်သည့်တွင် ကတ္တီပါက တဟီးဟီး ရှိုက်ကြီးတငင် ငိုချလိုက်ပါတော့သည်။

"ဟီး ဟီး ဟီး ... သေအောင်နှိပ်စက်၊ သေအောင်နှိပ်စက်"

"နှိပ်စက်တယ် နှိပ်စက်တယ်၊ အခု မင်္ဂလာဆောင်ဖို့ တစ်ပတ်ပဲ လိုတော့တယ်၊ အေး ... မင်္ဂလာဆောင်မှာ ကလန်ကဆန်လုပ်လို့ ကတော့ ငါ ညည်းကို သတ်ပစ်မယ်"

"အသေခံမယ်"

"ဟင် ... ညည်း ညည်း ငါ့ကို ဒုက္ခပေးလိုက်တာလား ဒီကတ္တီပါရဲ့"

မေမေက ကတ္တီပါ့ကျောကုန်းကို တဖြန်းဖြန်း ရိုက်နေရင်း မှ ဆက်မရိုက်တော့ဘဲ မျက်နှာကြီးကို လက်ဝါးကြီးနှင့် အုပ်ချကာ ရှိုက်ကြီးတငင် ငိုချလိုက်တော့သည်။

"အောင်မယ်လေး၊ ငါ့မှာ ဒီသမီးလေးတစ်ယောက်တည်း မွေးထားတာ၊ စိတ်မချမ်းသာဘူး၊ ငါ့စကားလည်း နားမထောင်ဘူး၊ ငါးက အရက်သမား၊ ဖဲသမား၊ ဆေးသမားကို အထင်ကြီး ရူးရိုးလူအေးကျ ခါးသီးချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"“မိုးသီးတောမျိုးသို့က သမီးအရွယ်ကို ဖမ်းယူထားတဲ့ မေမေလည်း မေမေ့ယောက်ျားက ကိုယ့်အဖေအရွယ်လောက်ကြီး ကြည်ကြည်ဖြူဖြူ ယက်ခံနိုင်မလား”

“ဟင် ... ညည်း ငါ့ကို တစ်ခွန်းမဟ် ခံပြောရအောင် ဟင် သွယ်ဝေရဲ့ ... ဒီမိန်းကလေးကို နင် နိုင်အောင်ဆုံးမစမ်း လာပြီး ဆုံးမစမ်းပါ”

“လာကြည့်ပါလား ဒီတစ်ခါတော့ လည်ပင်းကို ညှစ်သတ် လိုက်မှာ၊ လည်ပင်းညှစ်သတ်ရင် လက်သည်မပေါ်စေဦးမယ်၊ ချော် သာသွားပြီး ရေထဲမှာ ရေနစ်သတ်ပစ်လိုက်မယ်”

ကျွန်ုပ်ပါ မေမေ့ကို ရှိုက်ငိုတွေ့တွေ့ရှိတာနှင့် ဒီစကား ဆက်မ ပြောရပြီး မေမေ့ရှေ့မှ ချာခနဲ လှည့်ထွက်လာခဲ့သည်။

မေမေ့ရှေ့မှ လှည့်ထွက်လာခဲ့ရပေမယ့် စိတ်ထဲမှာတော့ နောက်တစ်ခေါက်ကြရင် မင်းလာခွဲကျော်းမယ့် ပုံရိပ်ကြီးကို မြင်ယောင် ပြီး ကြက်သီးတွေ တစ်သီတစ်တန်းကြီး ထသွားပါတော့သည်။

အား ... စိတ်ညစ်ပြီး မွန်းကျပ်ပါတယ်။

❁





‘ဂူ ဂူ ဂူ’

တတွတ်တွတ် မြည်နေသည့် ချိုးငှက်လုံးကို ကျွန်ုပ် ကုန်းကိုက် ပြီး လှည့်တောင်မကြည့်မိတော့။

ဒီမနက်တော့ ကျွန်ုပ်ပါအတွက်တော့ နိုးနေပါပြီ။

ဒီမနက်မှာ ဟို ချောင်းမြိုက်ကြီး ဖုန်ထလွင့်ပြီး တရွေး ဘယ်လို နှင်မှ မပြေနိုင်။

‘ဂူ ဂူ ဂူ’

အိပ်ဆောင်နိမ့်မှာပဲ ချိုးငှက်တစ်ရွဲပေါ်က ဖုန်က နောက်မထုတ် ဆိုတဲ့ တတွတ်တွတ် ထပ်မြည်လာပြန်သည်။

“ဟဲ့ ... ချိုးငှက်ထဲမှာ ဖုန်း ဒီလောက်မြည်နေတာကို ညည်းက နားကြားကောင်းနေသလား”

ကျွန်ုပ်ပါအနားရောက်လာပြီး မေမေ ဒေါ်နှင်းမောနှင်းပြော တော့ ကျွန်ုပ်က ဘာမှမပြောနိုင်ဘဲ တအုံ့ကို မျိုးသည်းလိုက် လိုက်သည်။

“ဟင်း ... အခိုးကိုမကျိတော့ ... သွယ်ဝေ ... သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



အချက်တိုင်း သည်းခံမယ်ထင်ပြီး သွားဆိုးလိုက်တော့ ဒီတစ်ခါတော့ သူ့ကို ဟိုက လက်သီးနဲ့ကို ထွဲထိုးမယ်တဲ့"

"ဘာပြောတယ် မေမေ"

"ညည်းကို သွယ်ဝကာ ဒီတစ်ခါ လက်သီးနဲ့ထိုးမယ်တဲ့"

"ထိုးနိုင် ထိုးကြည့်လေ နှာမှုတ်သွား ရှေ့စာအရာမရှိ ဖြစ်သွားမယ်"

"ဟင် ... ညည်း၊ ညည်း နိုင်နိုင်းလိုက်တာ ကချွိပါ"

မေမေက သူမ သဘက်ကောင်ကြီးကိုတော့ ထတ်ဆင့်ပါ နှာသွားပြီး ကချွိပါကို နိုက်မလို့ လက်ရွယ်လိုက်ပြန်သည်။

ဒီတစ်ခါတော့ ကချွိပါတို့က ဖါးဖါးလေးပဲ။

မေမေ့ရိုက်ချက်လောက်က ဖျင်းတောင်ဖျင်းသေးသည်။

"ဟင် ... ဒီကချွိပါ ဘယ်လဲ"

"ဟို"

ကချွိပါထိုင်ကို ရွယ်လိုက်သည့် မေမေ့လက်ကို မျက်… လွှဲရှောင်ပြီး ထတ်ခနဲ ထရပ်လိုက်တော့ မေမေက ဒေါသတကြီး… အော်မေးလိုက်သည်။

မေမေ့အမေကို ကချွိပါက ခပ်သာသာပင် လက်ညှိုး…





…ထောင်ပြီး "ဟို" လို့ လှမ်းပြလိုက်တော့ မေမေက ပိုပြီး ဒေါသထွက် …သွားကာ ဆောင့်ကြီးအောင့်ကြီး ဖုန်းကို ကောက်ကိုင်လိုက်သည်။

မေမေ ဖုန်းကိုင်လိုက်တာကို ကချွိပါက ငြိမ်ခံနေသော …စောင့်ကြည့်ရှာ အဆောင်ခံနေလိုက်သည်။

"ဟယ်လို"

"..."

"ကြော် ... အေး ရှိတယ်။ အေး ... ရှိပမယ့် ဖုန်းကိုကိုင် …ဖို့ မလာတော့ဘူး"

"အေး ... စိတ်ညစ်တယ်ညည်း မတတ်နိုင်ဘူး ငါတော့ လက် …ခံနိုင်တယ်။ မသိဘူး ... အခါတော့ နင့်ဘာသာနင် ပြောလည်းအောင် …ပြီး မလာအောင်ဖို့ တစ်ပတ်ပဲလိုတော့တာ။ အေး ... ဝတ်ဖို့ကြိုက် …တော့လည်း နင် သူ့ကို ပြောကြည့်ဦးပေါ့။ သူ့ဖုန်းကို နင်ဆက်လိုက်။ …ဒီမှာ သူရှိတယ်။ အခုတင် ငါနဲ့ရန်ဖြစ်ပြီးပြီ သဘောပဲ ... ဆက် …ကော်"

မေမေက ပြောပြီးပြီးချင်း ဖုန်းချလိုက်ပြီး ကချွိပါ့ဆီ မျက်လုံး …ပြီး ငိုင်းခနဲ ရောက်လာသည်။

"ဒီမှာ ညည်းယောက်ျား ... ညည်းကို ဖုန်းဆက်ခိုင်းတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အသက်ထွက်အောင်ဆက် မကိုင်ဘူး"

"ဒါကတော့ ညည်းသဘောပဲ၊ ဟိုက ယောကျ်ား အရှက်မရှိဘူးနော်၊ ညည်းက မူလကို သွန်နီလုပ်ပြလေ . . . ဟိုက အသည်းယားပြီး ဒေါသထွက်လေပဲ၊ နေလေ . . . ညည်းကို သူ အတင်းချုပ်ပြီး ခေါ်မသွားနဲ့အသွား စောင့်ကြည့်လိုက်"

"ဟွန်း"

ကတ္တီပါ နှုတ်ခမ်းတစ်ဖက်မဲ့ကာ ညော်ခန်းအရှေ့ကနေ ချာခနဲ ကျော့နိုင်းလိုက်သည်။

အဲဒီအချိန်မှာပဲ ကတ္တီပါ လည်ပင်းမှာ ချိတ်ဆွဲထားသည့် Hand Phone ကလေးက တတူတူနှင့် မြည်လာတော့သည်။

'တူ တူ တူ'

အဆက်မပြတ်မြည်နေတဲ့ ဖုန်းကလေးကို ကတ္တီပါက ခပ်သာသာပင် မဲ့ပြုံးပြုံးကြည့်ပြီး စက်ပိတ်ပစ်လိုက်တော့သည်။

ကဲ . . . ဘာတတ်နိုင်သေးလဲ ဦးသွယ်ဝ။

ရှင်တတ်နိုင်ရင် ကျွန်မဆီကို လာခဲ့လေ။

ဟွန်း . . . ဘာဖြစ်သွားမလဲဆိုတာ ကြည့်ရသေးတာပေါ့။

ကတ္တီပါစိတ်ထဲက ပြုံးလိုက်သည့် စကားတွေကို ဦးသွယ်ဝ





သေိဘဲ နာရီဝက်လောက်အကြာမှာပဲ ကတ္တီပါတို့အိမ်ရှေ့သို့ သူ့ရဲ့ အကောင်းစား LAND CRUISER ကားကြီး ထိုးစိုက်လာတော့သည်။

သူ့ကားကြီး ထိုးဆိုက်လာတော့သည်။

အင်း . . . ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ကြတာပေါ့။

❁

'ကျိုး'

ခနဲမြည်သံသည်အထိ ပေါ်တီကိုရှေ့မှာ ထိုးရပ်လာသည့် ဦးသွယ်ဝကားကို ကတ္တီပါက ညော်ခန်းအဝင်ဘက် အပေါ်ကနေ ခြေထောက်နှစ်ချောင်းချိတ်ပြီး ခပ်တည်တည်ပင် ကြည့်နေလိုက်သည်။

ကတ္တီပါ ခြေထောက်နှစ်ချောင်းချိတ်ထိုင်နေသည့်အချိန်မှာ အမေကတော့ အိမ်အပြင်ဘက်ကို ထွက်ပြီး သမက်ကောင်းကြီးကို ကြိုဆိုနေတာ မျက်မှန်းကျိုးပါသည်။

"လာ လာ . . . သွယ်ဝ၊ ဟိုမှာ နင့်ကို စိန်ခေါ်ပြီး ညော်ခန်း



www.burmeseclassic.com

www.burmeseclassic.com



ကနေ ထိုင်စောင့်နေလေရဲ့။

"အေး အေး ... ယူ၊ နင် ငါတို့လင်မယားကြားထဲ ခွဲလားလွဲလားမလုပ်နဲ့၊ ငါ သူ့ကို အကြမ်းကိုင်မယ်"

"အေး ... ဖြစ်တယ်"

ဒီတစ်ကြိမ်မှာတော့ သွယ်ဝ ဘယ်လိုမှ စိတ်ရှည်သည်းခံပေးလို့ မရတော့ဘဲ ရင်ထဲက ဒေါသတွေနှင့် အံကြိတ်တင်းတင်းကြိတ်လိုက်သည်။

အဲဒီနောက် စတိုင်လ်ဘောင်းဘီ ကော်ဖီရောင်ပွပွကြီးနှင့် စပို့ရှပ်အနက်စင်းကြားကြီးကို အပြင်ထုတ်ဝတ်ကာ ရှေ့ကို ရှုထွက်နေသည့် ကိုယ့်ဗိုက်ကြီးကိုကြည့်ပြီး နည်းနည်းရင်မောသွားသည်။

ဟင်း ... ဒီလို သူ့ဗိုက်ရွှဲလို့ ကောင်မလေးက ဝတုတ်ကြီးဆိုပြီး မူမင့်နေတာ။

နေစမ်း ... မူစမ်း အသည်းစားကလေး။

ဒီတစ်ခါတော့ ငါ့လက်ချက်တွေ့ပြီသာမှတ်။

သွယ်ဝသည် စိတ်ထဲကနေ ကျိတ်ကြုံးလိုက်ပြီး ခြေလှမ်းကျဲတွေနှင့် ဧည့်ခန်းထဲကို ဝင်သွားလိုက်ပြီး ဧည့်ခန်းဆိုဖာမှာ ခြေချိတ်ထိုင်နေသည့် ဖနီးချောကလေးဆီ အပြေးလျှောက်သွားကာ သူ့





လက်နှစ်ဖက်ကို အတင်းဖမ်းချုပ်ပစ်လိုက်သည်။

"ဟင် ... ဒါ ဘာလုပ်တာလဲ"

"ချစ်တာ၊ အနုနည်းနဲ့ ငါခေါ်နေတာကို မင်းက ကောင်းကောင်း မလိုက်ချင်တော့လည်း ငါက အကြမ်းကိုင်ရတာပေါ့"

"အား ... လူယုတ်မာကြီး"

ကတ္တီပါက သူ့လက်ထဲကနေ ကိုယ်လုံးလေးကို တအားကျုံ့ပြီး ရုန်းလိုက်သေးမယ့် အင်အားက ဆင်နဲ့ဆိတ်လိုဖြစ်နေတာမို့ ကတ္တီပါမှာ ရှုံးမောကြီးဖြစ်သွားရတော့သည်။

"ကဲ ဘယ့်နှယ်လဲ ... စွာလွန်းတဲ့မိန်းမ စွာနိုင်သေးလား။ အေး ... ဒီမှာ မင်းမေမေရှေ့မှာ ငါ ပွဲမကြမ်းဘူး၊ အိပ်ခန်းရောက်မှ မင်းကို ပွဲကြမ်းပြမယ်"

"သေခြင်းဆိုးကြီး"

"..."

"ခွေးသားကြီး"

"..."

"အခုထိ သေမသေနိုင်ဘူး၊ သေစမ်းပါစေ၊ နွေခေါင်ခေါင်ဦးနှောက်ကြောပြတ်ပြီး သေသွားစမ်းပါစေ"



www.burmeseclassic.com

www.burmeseclassic.com



"တောက် ... မင်းနော်၊ မင်း သေမယ်"

"သေမှာက ရှင်၊ ရှင် သက်ကြားအိုဖြစ်နေပြီ သေမယ့်ရက် စောင့်နေရတဲ့သူ ဖြစ်နေပြီ"

"ဟာ ... ငါ တယ် ... ရိုက်မိတော့မယ်"

"ရိုက်ကြည့်စမ်း။ ရှင့်ဘဝ ဘာဖြစ်သွားမယ် ထင်သလဲ"

"ဟာကွာ ... တောက်၊ လုပ်ပစ်ရရင် အရိုးနုနုလေး ကြွပ် ကြွပ် ကြွပ်ကြွပ်ကျိုးသွားတော့မှာပဲ"

သူ ယုကို ရှက်လည်းမရှက်နိုင်တော့ဘဲ ကတ္တီပါကိုယ်လုံး လေးကို ခပ်ကြမ်းကြမ်း ပွေ့ချီလာခဲ့ပြီး ဧည့်ခန်းထဲကနေ ခပ်သုတ် သုတ် ထွက်လာခဲ့သည်။

သူ လှမ်းထွက်လိုက်သည့် အရှေ့မှ ယုကလည်း ခပ်သုတ် သုတ် ထွက်ပြီး သူ့သမီးဆိုးကို ကြိမ်းလားမောင်းလား ပြောလေသည်။

"ငါ့မှာ ဒီသမီးဆိုးကြောင့် စိတ်တွေ သောကရောက်တယ် ညည်း၊ ငါ့ဆီကိုလည်း ပြန်မလာတော့နဲ့ ညည်းလိုသမီးမျိုးနဲ့ အတူတူ နေရတာ ငါ့မှာ ရန်ဖြစ်ရတာနဲ့ မြန်မြန်အသက်တိုမယ်၊ အေး ... ညည်းယောက်ျားကို စိတ်ဆိုးပြီး အိမ်ပေါ်ကနေ ထပ်ဆင်းလာလို့ကတော့ ငါ လုံးဝ လက်သင့်မခံဘူး"





"ဟင် ... မေမေက"

"မပြောနဲ့ ... မင်း ပါးစပ်တစ်ခွန်းမှ မပြောနဲ့"

"ပြောတော့ ဘာဖြစ် ... ဝူး ဝူး ဝူး"

ရန်တွေ့လာသည့် ကတ္တီပါ ပါးစပ်ကလေးကို သူ့လက်ဝါး ကြီးနှင့် ခပ်ကြမ်းကြမ်းပိတ်လိုက်တော့ ကတ္တီပါ ဘာစကားမှ မဆက် နိုင်တော့ဘဲ တဝူးဝူး တဝါးဝါးနှင့် ဒေါသမျက်ရည်များသာ စီးကျသွား တော့သည်။

သူ့လက်ခုံတွေပေါ်မှာ စီးကျလာသည့် သူမမျက်ရည်တွေကို သနားနိုင်တော့ဘဲ ယုကို ခပ်တည်တည် တစ်ချက်လှမ်းကြည့်ပြီး ရင်ထဲကအစီအစဉ်အတိုင်း ပြောလိုက်သည်။

"ယု ... နှင် ငါတို့အိမ်တစ်ခါတည်း လိုက်ခဲ့၊ နှင် ကား မောင်း။ ငါ ကားမောင်းရင် ဒီဟာမလေးက သောင်းကျန်းမှာ"

"ဒါဆို ငါ အိမ်သော့ခတ်လိုက်ဦးမယ်"

"အေး ... အဝတ်အစားပါ ထည့်ခဲ့၊ မင်္ဂလာဆောင်ပြီးရင် တော့ နှင် ငါ့အိမ်ကို ပြောင်းနေပေတော့"

"အေး အေး ... ကြည့်ဆုံးဖြတ်ရတာပေါ့ဟာ၊ အခုလို လာဆယ်တော့ မင်္ဂလာဆောင်ဖို့ တစ်ပတ်ပဲလိုတော့တာဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားတွေ နည်းနည်းပဲ ထည့်မယ်"

"အေး ... သဘောဟာ၊ ခြိတ်ခါးသော့ပါ ယူခဲ့ ယု"

"အေး အေး"

မေမေနှင့်ဦးသွယ်ဝ အပြန်အလှန် ပြောနေကြသည့် စကားသံတွေကို ကတ္တီပါ နားခါးလွန်းလို့ ပါးစပ်ပိတ်ထားတဲ့ကြားကနေ တဝူးဝူး လုပ်ပစ်လိုက်သည်။

'ဝူး ဝူး ဝူး'

'ဝူး ဝူး ဝူး'

"ဟောင် ... အသေအလဲဟောင်၊ မင်းကို ဘယ်သူမှ မသနားဘူး။ အေး ... မင်းကို မသနားပေမယ့် ချစ်တော့ချစ်တယ် လွမ်းလည်း လွမ်းတယ်"

"ဟင်"

ကတ္တီပါမျက်လုံးတွေ ပြာခနဲဖြစ်သွားတော့သည်။

ကြည့်စမ်းပါဦး ... အသက်ကြီးပြီး အချိန်မစီးလိုက်တဲ့ယောက်ျား။

အတော့်ကို ယုတ်မာကောက်ကျစ်တာ။

ဒီလူ ဘယ်လောက်အထိ ကောက်ကျစ်သလဲဆိုရင် ကတ္တီပါ





ကို မညှာမတာ ကားထဲမှာ အတင်းဖက်ပြီး နမ်းလိုက်တာ ကတ္တီပါမှန်းလွန်းလို့ သူနမ်းသည့်မျက်နှာကြီးကို ပါးစပ်ထဲက တံတွေးတစ်လုံးကြီး ထွေးအံ့ချလိုက်ပါတော့သည်။

'ဗွီး ဗွီး ဗွီး'

"ဟင် ... ဟာ ... တံတွေးတွေ၊ မင်း မင်း မိန်းမယုတ်၊ ငါ့ ငါ့ကို တံတွေးနဲ့ ထွေးတယ်"

"ထွေးတယ် ထွေးတယ်"

"ထွေးတယ် ... ဟုတ်လား"

"ဟုတ်တယ်"

"အေး ... မထွေးနိုင်အောင် မင်းပါးစပ် တိခနဲ ပိတ်တဲ့နည်းလေး လုပ် ..."

"အား"

ကတ္တီပါရဲ့ ငယ်သံပါအောင် အော်လိုက်သံနှင့်အတူ ...

"ဟဲ့ ... သွယ်ဝ"

ဆိုတဲ့ ယုအသံကိုကြားတော့မှ သူ့ရဲ့ လွတ်ထွက်ခါနီးဆဲဆဲ ခံစားချက်တွေ ထိန်းချုပ်လိုက်ရပါတော့သည်။


❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

ရှင်
ဒီ
ထယ်



တွယ်
တာ
စ
ရာ
ဒီ
တစ်
ယောက်
တည်း၊

## အခန်း (၁၉)

ညက တစ်ညလုံး မွှေနှောင့်တိုက်ခိုက်ခဲ့တာကို အားမရသေးဘဲ ကတ္တီပါသည် ရင်ထဲက မကျေနပ်ချက်တွေကို အခုမနက်မိုးမလင်းခင်မှာပဲ ဟီးချုံငိုကြွေးပြီး သောင်းကျန်းလိုက်ပါတော့သည်။

"ဟင် ကတ္တီပါ ဘာ ဘာဖြစ်"

သူက အိပ်ပျော်နေရာမှ လန့်နိုးလာပြီး ကတ္တီပါ ကိုယ်လုံးလေးကို သူ့ရင်ခွင်ထဲကို ဆွဲထည့်ကာ အလန့်တကြား မေးလိုက်သည်။

"ကလေး ဘာ ဘာဖြစ်"

"ဟီး ဟီး ဟီး ...သေချယ်တယ်၊ သေသွားတာကမှ



www.burmeseclassic.com

www.burmeseclassic.com



မြှုတ်ဦးမယ်၊ အခုတော့ မချစ်မနှစ်သက်သူနဲ့ အတူနေရတဲ့ဒုက္ခကို ခံစားနေရပြီ၊ တစ်ခန်းထဲလည်း အတူမနေချင်ဘူး။ တစ်ခုတင်တည်းလည်း အတူမအိပ်ချင်ဘူး။ တစ်အိမ်တည်းလည်း အတူမနေချင်ဘူး။ စိတ်ဆင်းရဲတယ် စိတ်ဆင်းရဲတယ်"

"ဟင်"

ဒီတစ်ခါတော့ သွယ်ဝ ဖနီးဖြစ်သူကိုကြည့်ပြီး ဘာပြောရမှန်း မသိအောင် နင့်ခနဲ ခံစားလိုက်ရသည်။

ရင်ထဲမှာ ဘယ်လိုကြီးဝမ်းနည်းသွားမှန်းမသိအောင်ကို ခံစားလိုက်ရတာပါ။

သူ ကတ္တီပါကို ကြည့်ပြီး ဘာစကားမှ မပြောနိုင်အောင် ဝမ်းနည်းသွားကာ မျက်ရည်တွေ မျက်ဝန်းအိမ်တစ်ခုလုံး ပြည့်တက်သွားတော့သည်။

အဲဒီလို သူခံစားလိုက်ရသည့်အချိန်မှာ ကတ္တီပါက သူ့ရဲ့ ဖက်ထားသည့်လက်ထဲမှ ကိုယ်လုံးလေးကို အတင်းရုန်းထွက်ကာ သောင်းကျန်းပါတော့သည်။

'ဝုန်း'

'ဒုန်း'





'ဒုန်း'

"ဟင် ... မင်း မင်း။ ဝါခေါင်းအုံးကို လွှင့်ပစ်ရအောင် မိုက်ရိုင်းလိုက်တာ"

"ရိုင်းတာက ရှင် ရှင်"

"ကျွတ် ... ဒါကွာ ... လုပ်ရရင် သေဦးမယ်၊ မင်္ဂလာဆောင်ခါနီးမို့လို့ ဒေါ်ရာဒဏ်ချက်ဖြစ်မှာစိုးလို့ မနည်းဆင်ခြင်နေရတယ်"

"ဘာ ... ရှင် မမိုက်ရိုင်းနဲ့"

"မိုက်ရိုင်းတာက မင်း"

"ရှင် ဘာမှမပြောနဲ့၊ ရှင့်အသံကြီးကို မကြားချင်ဘူး။ ရှင့်မျက်နှာကြီးကိုလည်း မမြင်ချင်ဘူး"

"မကြားချင် မမြင်ချင်ရင် အိပ်ပေါ့ကွာ၊ မျက်စိနှစ်လုံးမှိတ်ထား"

"မအိပ်ဘူး မအိပ်ဘူး ... ကျက်သရေတုံးလို့"

"လာပြန်ပြီ ... ညကလို အကြမ်းကိုင်ခံချင်ပြီနဲ့တူတယ်"

"ဘာ"

သူ့စကားကို ရှက်သွေးဖျန်းသွားသည့် ဖနီးလေးကို သူ့မျက်



www.burmeseclassic.com

www.burmeseclassic.com



ဖောင်ကုတ်ကြည့်ပြီး သူမအခန်းနံရံကို လွှတ်ပစ်လိုက်သည့် သူ့ခေါင်းအုံးကြီးကို ပြေးကောက်ပြီး သူ့ခုတင်ပေါ် သူပြန်တင်လိုက်သည်။

"ပြန်မထားနဲ့ ရှင့်ခေါင်းအုံး ကျွန်မ ခေါင်းအုံးနဲ့ ယှဉ်မထားနဲ့"

"ကတ္တီပါ"

"..."

"မိန်းမ"

"..."

"အချစ်"

"..."

"ရှင် ရှင်"

ကတ္တီပါ ဘာစကားမှ မပြောနိုင်တော့သလို တင်းကြပ်… သိုင်းဖက်လိုက်သည့် သူ့ရင်ခွင်ထဲမှာ နစ်မြုပ်သွားတော့သည်။

ပြီးတော့ ဘာစကားမှ မဆိုနိုင်တော့သလို နှုတ်ခမ်း… လည်း နာကျင်သွားတော့သည်။

အတန်ကြာသည်အထိ သူ့အနမ်းမိုးရိုတွေကြားမှ ကတ္တီ… နစ်မွန်းစွာ မျက်ရည်ကျခဲ့တာကို သူက ရေမိုက်ဘဲ ကတ္တီပါ…





…သူ့ရဲ့ဇနီးမယားအဖြစ်ပဲ အသိအမှတ်ပြုလိုက်ပြန်သည်။

ဒီတစ်ကြိမ်လည်း ကတ္တီပါ သူ့ကို ဘာစကားမှ မပြောနိုင်တော့ဘဲ မျက်ရည်တွေနှင့် အဖြေပေးလိုက်ရပါတော့သည်။

❁

နံနက် ဆယ်နာရီခွဲသည်အထိ အရထိ အိပ်ရာထဲက မထ…သေးဘဲ သူ့ကို ဆန့်ပြနေသည့် ဇနီးဖြစ်သူကို သူကလည်း ဘာ…အာမှ မပြောတော့ဘဲ အေးအေးဆေးဆေးပင် ယုနှင့် Breakfast …းလိုက်သည်။

သူနဲ့အတူ မျက်နှာချင်းဆိုင်ပြီး Breakfast စားရတာ မျက်နှာ…တော့ အပူသား။

ကိုယ်က သူမ သမက်ဖြစ်နေတဲ့အပြင် သူမသမီးက လက်…င့်မခံလို့ ကိုယ့်မှာ အကြမ်းမင်းသားလုပ်ပြီး သူမသမီးကို ပေါင်း… ရှေ့မျက်နှာ နောက်ထားပြီး အရှက်ရခဲ့ပါသည်။

ရှက်ရှက်နှင့် ယုကို သူ ဘာစကားမှ မပြောပြဘဲ ခေါင်း



www.burmeseclassic.com

www.burmeseclassic.com

ငြိုငြိုး ကော်ဖီသောက်လိုက်သည်။

အဲဒီအချိန်မှာပဲ ယုက သူ့ကို တစ်ချက်မော့ကြည့်ပြီး …

"ဟဲ့ သွယ်ဝ … မနက်က လေးနာရီထိုးလောက် နင့်ကို… ရှုသံမှုသံကြားတယ်၊ ဘာဖြစ်တာလဲ"

"နင့်သမီး စိတ်ဖောက်တာ"

"အခုရော"

"အိပ်ရာက မထသေးဘူးလေ၊ Problem တော့နေတာ… ငါက အိပ်ရာထနိုင်းရင် Problem လုပ်မယ်၊ အဲဒါ သူ့အလုပ်ပဲ"

"အင်း … ခက်တယ်ဟာ။ နင်နဲ့သမီးကိုကြည့်ပြီး ငါရင်မော… လိုက်တာ"

"အေးပေါ့ဟာ … ငါလည်း ဘယ်တတ်နိုင်တော့မလဲ… ကြည့်ရှုအောင် ကိုယ့်ဘာသာကိုယ်ပဲ အမျိုးမျိုး ပြင်ဆင်ရတော့မှာ… ပေါ့"

ဒီစကားကြီးကို ပြောရတာ သူရှက်လှန်းလို့ ယုကို ကျောခိုင်း… ပြီး သူ့ ဧည့်ခန်းထဲကနေ လေးလံထိုင်းမှိုင်းသည့် ခြေလှမ်းတွေနှင့် တစ်လှမ်းချင်း ဖနိုးဖြစ်သူ့ရဲ့အခန်းဆီသို့ လှမ်းထွက်လာခဲ့ပါတော့သည်။

❁ ❁ ❁



အခန်း (၂၀)

သူ စိတ်ညစ်ညစ်နှင့်အိမ်က ထွက်ခဲ့ပြီး Bar ဆိုင်တစ်ဆိုင်… ဘာ သီချင်းနှင့် ဝီစကီချိုပြီမှမလို့ Barဆိုင်ထဲကို ကားပေါ်က ယိုင်နဲ့နဲ့ ခြေလှမ်းတွေနှင့် လှမ်းဝင်သွားလိုက်သည်။

တောက် … စိတ်ရှိတိုင်း သောင်းကျန်းမယ်ရင် အိမ်က မိန်းမ… မင်္ဂလာဆောင်ဆောင်ရမယ့်ဘဝ ရောက်မှာမဟုတ်တော့။

ဟွန်း … တကယ်ကိုဆိုးတဲ့ မိန်းမ။

မင်္ဂလာဆောင်ခါနီးနေတာတောင် သောင်းကျန်းလိုက်တာ… …ချိုးလိုက်တာ။ သူ့ကို မင်္ဂလာဆောင်ပြီးမှ ယောက်ျားအဖြစ် အသိ



www.burmeseclassic.com

www.burmeseclassic.com



အမှတ်ပြုမယ်တဲ့။

အခုလောလောဆယ် အခန်းခွဲနေပေးမှ မင်္ဂလာဆောင်ကို ရှော့ရှော့ရှရှ။ လက်ခံပေးမည်လို့ ခြိမ်းခြောက်ခဲ့လို့ သူ သောင်းကျန်းပြီး အခုလို Bar ဆိုင်ကို ထွက်လာခဲ့တာ ဖြစ်သည်။

ဟား ... ပြန်တွေးကြည့်လေ။ သူမ လူပါးဝတာ အခံရခက်လေပါပဲ။

တောက် ... ပြောသည့်စကားကကွာ၊ ဆယ့်ရှစ်နှစ်သမီးနဲ့ မလိုက်။

“ဒီမှာ ဦးသွယ်ဝ ... ကျွန်မ ရှင့်ကို မပေါင်းနိုင်ဘူး။ အဲဒီတော့ ရှင်နဲ့လည်း မင်္ဂလာမဆောင်နိုင်ဘူး”

“ဘာကွ ... မင်္ဂလာမဆောင်နိုင်ရအောင် မင်းနဲ့ငါက လင်မယား ဖြစ်နေမှ မင်းက ဘာလဲ ... ဘာစကားပြောတာလဲ”

“မဆောင်ဘူး။ လင်မယားဖြစ်ခဲ့ရတာလည်း ရှင် အဓမ္မ စနစ်လုပ်လို့”

“ဘာ ... ဘာအဓမ္မလဲ ကတ္တီပါ ... မင်း စကားကို ကယ်ဖွဲ့ မပြောနဲ့”

“မပြောဘူး မပြောဘူး။ ဟင့် ဟင့် ... ရှင့်ကိုမုန်းတယ် သိပ်မုန်းတယ်၊ သွား သွား ... ရှင်ထွက်သွား။ ကျွန်မက မင်္ဂလာ မဆောင်မချင်း ရှင့်ကို လင်ယောကျ်ားအဖြစ် အသိအမှတ်မပြုဘူး။ ကျွန်မက အသိအမှတ်မပြုတဲ့ ရှင်ပေါင်းရင် ရှင့်ကို လူပုံအလယ်မှာ လက်ချင်းချိတ်ပြီး မင်္ဂလာလည်း မဆောင်နိုင်ဘူး”





“ဟင် ... မင်းက ငါ့ကို ခြိမ်းခြောက်တာလား”

“ဟုတ်တယ် ဟုတ်တယ်၊ ဒီနေ့ ညကစပြီး ရှင် ကျွန်မနဲ့ အတူ အိပ်စရာမလိုဘူး။ ခွဲအိပ်”

“အေး ... ကောင်းပြီ၊ ခွဲအိပ်တယ်.မအိပ်ဘူးဆိုတာတော့ ညရောက်မှကြည့်၊ အခုကတော့ မင်းအပြောတွေကို မုန်းတွန်းလို့ အရက်သောက်ပြမယ် ... ကြည့်နေ”

သူ့ကို ဘာစကားမှ ပြန်မပြောတော့ဘဲ ခုတင်ပေါ်မှာ တင်ပါးလွှဲထိုင်ပြီး ခြေချိတ်ထိုင်ကာ နှုတ်ခမ်းကလေးကို ဖိကိုက်ပြီး မှိုင်ကျနေသည့် သူမကို သူလျစ်လျူပြုလျက် ကျောခိုင်းလှည့်ထွက်လာခဲ့သည်။ အင်း ... အပြန်ကျမှ မင်းနဲ့ငါ တွေ့ကြတာပေါ့ကွာ။

အဲဒီတော့မှ မင်း မျက်ရည်ပေါက်ကြီးကျပြီး ငါ့ကို ဒူးထောက် မတောင်းပန်နဲ့ ... ငါ မသနားဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဦးဇော်လေးပေါက်သွားကြပြီပေါ့လား ကြီးမှ ကြီး တင်ပါပေ့ကွာ၊ အဲကောင်ကြီးနဲ့ ဝီစကီကြီးနဲ့ပါလား"

"ဟင်"

အနားနားကပ်ပြီး ရိုက်လိုက်သည့် ပေါ့ကောင်ကို သူ အတင်းနဲ့ မော့အကြည့် သူ့မျက်နှာတစ်ခုလုံး လည့်ထွက်သွားသည်အထိ ထိုရှု ရဲ့လွှတ်သီးအထက်ကို ဖတ်ခံလိုက်ရသည်။

'ခွပ် . . ခွပ် . . ခွပ်'

"ဟင် . . . မင်း"

"အေး . . . ငါ့ရဲ့ချစ်သည်းကျော်လေးကို လုသွားတဲ့ မင်းကို တစ်သက်လုံး မှတ်လောက်သားလောက်ဖြစ်သွားအောင် ပညာပေး ရမယ်"

"ဟင်"

သူ့မျက်လုံးတွေ ပြာခနဲ ဖြစ်သွားချိန်မှာ အဲဒီလူက မိကြွေး ထဲက ဓားမြှောင်ကို ထုတ်ယူလိုက်တာကို တွေ့လိုက်ရသည်။

မြတ်စွာဘုရား . . . သူ့ရင်ဘတ်ကြီးတစ်ခုလုံး မွှန်ထွက်သွား





သလို ခံစားလိုက်ရသည်။

အဲဒီအချိန်မှာ သူတမ်းတလိုက်မိလိုက်တာကတော့ သူ အသည်းနှင့်အသောင် သိမ်းချစ်ခဲ့ရသည့် ဇနီးချောလေး ကတ္တီပါကိုပဲ ဖြစ်သည်။

"ကတ္တီပါရေ"

"ကတ္တီပါရေ . . . အချစ်ရေ"

"ညီမလေးရေ . . . ကိုကြီးကို သနားပါဦးကွာ"

လို့ သူ့ရင်ထဲက အော်လိုက်ချိန်မှာ ဝင်းခနဲ ထက်သွားသည့် ဓားမြှောင်ကို လူတစ်ယောက်က ဆွဲယူလိုက်သလို အဲဒီလူက သူ့ကို ထက်သိမ်းလိုက်ပြီး ဓားရဲ့ထိပ်နဲ့ ကြည့်သည့်ကောင်မျက်နှာကို ပေါက်သီးတွေ အဆက်မပြတ် သွင်းရှုလိုက်တော့သည်။

'ခွပ် . . ခွပ် . . ခွပ်'

"တောက် . . . လူလုချင်း မဆော်ကားနဲ့ မင်း ငြော်သွားမယ် မှတ်"

ထိုလူက သူ့ကို အနိုင်ကျင့်သည့် လူ့ရဲ့ရင်ဘတ်ကို ခြောင် ကန်ထည့်လိုက်ပြီး မူးဝေပြီး မှောက်ကျသွားသည့် သူ့ကို ဆွဲထူကာ ဆိုင်ထဲကနေ ခေါ်ကြွမ်းကြွမ်း ထွက်လာခဲ့ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကတ္တီပါရေ လှပ်ပါဦး . . . သွယ်ဝ သွယ်ဝ ဓားထိုးခံရလို့တဲ့"

"ဟင် . . . ဘာ"

ခုတင်ပေါ်မှာ အူကြောင်မှိုင်သားအိပ်နေသည့် ကတ္တီပါ နားထဲကို မိုးကြိုးကြီး ပစ်ချလိုက်သလို ကတ္တီပါ မျက်လုံးတွေ ပြာဝေသွားပြီး အိပ်နေရာမှ ဝေါက်ခနဲ ထထိုင်လိုက်သည်။

"ဟင် . . . မေမေ မေမေ . . . သူ သူ အခုဘယ်မှာလဲ"

"အိမ်ကို သယ်လာတယ်"

"ဟင် . . . ဓားက ဘယ်ကိုထိုးမိတာလဲ"

"ရင်ဘတ်တည့်တည့်တဲ့"

"ဟင် . . . ဒါဆို ဒါဆို ကိုကြီး ကိုကြီး သေမှာလား။ ဟင့် ဟင့် . . . ကတ္တီပါ့ယောက်ျားကို ကယ်ပါဦး။ ကတ္တီပါချစ်တဲ့ ကိုကြီး အသက်ကို ကယ်ပါဦး။ မေမေ . . . သူ သူ ဘယ်မှာလဲ"





အခန်းအပြင်ကနေ ကတ္တီပါ အသည်းလှိုက်အူလှိုက် ပြောနေသည့် အသံကလေးကို အတိုင်းသားကြားလိုက်ရသည့် သူ့နှလုံးသား တစ်ခုလုံး ဝုန်းဒိုင်းကျဲ ရှုပ်ပြည်သွားသည်အထိ စိတ်လှုပ်ရှားသွားပါတော့သည်။

ရင်ထဲမှာလည်း ဘယ်လိုကြီး ပျော့ခွေကျနစ်သွားမှန်းမသိသည့် ခံစားချက်ကြီးနှင့် ယုကို အရျက်ပြပြီး သူ အိပ်ခန်းတံခါးကို ဖွင့်ကာ ယုကို အပြင်ထွက်စေခဲ့ပြီး ရင်ဘတ်ကြီးကို လက်နှစ်ဖက်နှင့် ဖိကာ ကတ္တီပါအရှေ့သို့ လျှောက်သွားလိုက်သည်။

"ကတ္တီပါ"

"ကလေး"

"ညီမ"

"ကိုကြီး"

ကတ္တီပါက သူ့ကို စိုးရိမ်တကြီး ပြေးဖက်ကာ သူဖိထားသည့် ရင်ဘတ်ကြီးကို အတင်းဆွဲဖယ်ကြည့်မလို့ အလုပ် သူက ရင်ဘတ်ကြီး ကိုဖိပြီး ကတ္တီပါရင်ခွင်ထဲ ခေါင်းကြီးပစ်ဝင်ကာ ကတ္တီပါ ရင်ဘတ် တည့်တည့်ကို မျက်နှာအပ်ချလိုက်သည်။

"ကလေး . . . ကိုယ့် ကိုယ့်ကိုချစ်လားဟင်၊ အဲဒါတော့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွန်းပဲ ကိုယ် ကြား ကြားချင်တယ်၊ ကိုယ် ကိုယ် ဒီစကားကို ကြားရရင် သေ သေပျော်ပါပြီကွာ"

သူက အမှုိုက်ပြင့် အသံကြီး တုန်ယင်လိုက်မောစွာ ပြော လိုက်တော့ ကတ္တီပါက သူ့ကိုယ်လုံးကြီးကို တအားဖက်ပြီး ကြုံကြုံ ပါအောင် ငိုပါတော့သည်။

"ကိုကြီး ကိုကြီး မသေရဘူး။ ကိုကြီးသေရင် ကတ္တီပါလည်း လိုက်သေမယ်၊ ဟင့် ဟင့် ... ကိုကြီးကို ကတ္တီပါ သိပ်ချစ်တယ်၊ ကတ္တီပါမှာ တွယ်တာစရာ ကိုကြီးတစ်ယောက်တည်းရှိတယ်၊ ကိုကြီး ကို ဘယ်သူက ဓားနဲ့ထိုးတာလဲ ကတ္တီပါ ပြန်ပြီး လက်စားချေမယ်"

"ဟင်"

ကြားလိုက်ရသည့် ကတ္တီပါ နှလုံးသားစကားတွေကမှ နှလုံး သွေးတစ်ခုလုံး သွေးကြောက တစ်ဆင့် ပျံ့ဝင်သွားသည်တွင် သူ ကတ္တီပါမျက်နှာလေးကို မျက်နှာချင်း ပွေ့အပ်ပြီး ပြောတတ်လွန်းသည့် ကတ္တီပါရဲ့ နှုတ်ခမ်းပါးလေးကို သူချက်ချင်းမေ့ဗွာ အပြည့်အဝ ပေးအစ်လိုက်တော့သည်။

"အို အို ... ဘာလုပ်တာလဲ"

"ဟွန်း ဟွန်း ... တွယ်တာစရာ ကိုကြီးတစ်ယောက်တည်း





ရှိတယ်ဆို၊ ကိုကြီးလည်း ညီမလိုပါပဲကွယ်၊ တွယ်တာစရာ ညီမလေး ဒီတစ်ယောက်တည်းပဲ ရှိတယ်"

"ဟင် ... ကို ကိုကြီး"

"အင်း ချစ်လား"

"ဟင် ... ဓားနဲ့ထိုးခံရတယ်ဆို"

"ဘယ်သူပြောလဲ"

"မေမေ"

"အင်း ... အထိုးခံခါနီးမှ ညီလေးတစ်ယောက် ဝင်ကာယ်လို့ လွတ်သွားတာ၊ ကိုကြီးမှာ အဲဒီ ညီလေးပေးတဲ့ အသက်ရယ်၊ ဒီက ညီမပေးတဲ့ နှလုံးသားရယ်ပဲ ရှိတော့တယ်"

"ဟင် ... ဒါ ဒါဆို ကိုကြီး ကိုကြီး မသေတော့ဘူးပေါ့နော်"

"မသေလို့ စကားပြောနိုင်တာပေါ့၊ ပြီးတော့ မင်းရဲ့နှုတ်ခမ်း လေးကို အခုလို ... ဟွန်း ဟွန်း"

"အို ... ဦးသွယ်ဝကြီးနော်"

"ကိုကြီး မဟုတ်တော့ဘူးလား"

"မဟုတ်တော့ဘူး"

"ဒါဆို ဟုတ်အောင် ကိုကြီးက လုပ်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ဟင့်အင်း ကို"

"ဟား ... ချစ်စရာကောင်းလိုက်တာကွာ၊ ကိုယ့်ဘဝမှာ မင်းတစ်ယောက်တည်းရှိတာနဲ့ အရာအားလုံး ပြည့်စုံသွားပါပြီကွာ ... နော် ကလေး"

"ဟင့်အင်း"

"မငြင်းနဲ့ကွာ ... ခေါင်းညိတ်"

သူ ဖွတ်တရွတ် နမ်းလိုက်သည့် နှုတ်ခမ်းလေးကို ခပ်မဲ့မဲ့ ပြုရင်း ကတ္တီပါက သူ့ရင်ဘတ်ကြီးကို လက်သီးနဲ့ထိုးကာ ...

"သူများကို ညာတာ မုန်းတယ်"

"အေး ... ကောင်းတယ်"

သူ အပျော်လွှမ်းပြီး ချစ်ဇနီးလေးကို ရင်ခွင်ထဲ ထွေးဖက်ပြီး မျက်နှာကြီးမော့ကာ အားရပါးရ ရယ်လိုက်ပါတော့သည်။

"ဟား ဟား ဟား"

"ပျော်စရာကောင်းလိုက်တာကြီးကွာ"

ပရိသတ်အတွက် အမြဲတမ်း

ရှင်စီထယ်

## ရှင်စီထယ် ထွက်ရှိပြီးသော လုံးချင်းဝတ္ထုများ


၁။ မောင့်ကိုမုန်းတယ်
၂။ နှလုံးသားနှင့် အပ်နှင်းပါတယ်
၃။ ချစ်သောညီမ
၄။ ကိုကိုနားလည်ပေးပါ
၅။ စကားကြီးသုံးခွန်းသံယောဇဉ်
၆။ နှလုံးသားထဲကသွေးသစ္စာ
၇။ တို့နှစ်ယောက်ရင်ခုန်ရသောနေ့
၈။ ပဲကိုပဲချစ်တယ်
၉။ သဘောကျကျေနပ်ခြင်း
၁၀။ မင်္ဂလာဆွတ်ခ်ရှယ်
၁၁။ နှလုံးသားတစ်ဖက်ရင်ခွန်း
၁၂။ လက်ခုပ်ထဲကရေ
၁၃။ ညိုညိုပမာ
၁၄။ မီလို့မှပေါ့
၁၅။ သက်သေမရှိတဲ့ငါ့နှလုံးသား
၁၆။ ချစ်မိသည့်ရင်
၁၇။ မမေ့တွေးသောရင်ခွင်
၁၈။ ဖူးစာရှေးတဲ့နတ် (ဗွီဒီယို)
၁၉။ ၁၅၀၀ ထက်မြင့်သော
၂၀။ မိုးပျံချစ်ခြင်း
၂၁။ နတ်သမီးကလေး


www.burmeseclassic.com